# လူမှုသိပ္ပံဘာသာရပ်မိတ်ဆက်

## ကျောင်းသားလက်စွဲ







အရွယ်ရောက်သူပညာရေးစာစဉ် လူမှုရေးသိပ္ပံ

မာတိကာ စာမျက်နှာ


လူမှုရေးသိပ္ပံဘာသာရပ်များမှာမည်သည်တို့နည်း။ ၂

၁။ ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ် ၃
၁ (က)။ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာအဘယ်နည်း။
၁ (ခ)။ ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သောဝေါဟာရများ
၁ (ဂ)။ ဖွံ့ဖြိုးတိုးတက်မှုပြညွှန်ကိန်းများ **(Development indicators)**

၂။ သမိုင်းဘာသာရပ် ၁၄
၂ (က)။ သမိုင်းဆိုသည်မှာအဘယ်နည်း။
၂ (ခ)။ သမိုင်းဆိုင်ရာအချက်အလက်အရင်းအမြစ်များ **(Historical Sources)**
၂ (ဂ)။ အချိန်ပိုင်းခြားသတ်မှတ်ခြင်း (အေဒီ၊ ဘီစီ) **(AD and BC)**

၃။ ပထဝီဝင်ဘာသာရပ် ၂၃
၃ (က)။ ပထဝီဝင်ဆိုသည်မှာအဘယ်နည်း။
၃ (ခ)။ ဘူမိဗေဒပညာရှင်များသည်မည်သည်တို့ကိုလုပ်ကိုင်ကြသနည်း။
၃ (ဂ)။ ကမ္ဘာမြေကြီး
၃ (ဃ)။ သဘာဝမြေမျက်နှာသွင်ပြင်အနေအထားများ **(Physical Landscapes)**
၃ (င)။ မြေမျက်နှာသွင်ပြင်နှင့်ရာသီဥတုများ
၃ (စ)။ မြေပုံများ
၄။ ဘောဂဗေဒဘာသာရပ် ၄၀
၄ (က)။ ဘောဂဗေဒဆိုသည်မှာအဘယ်နည်း။
၄ (ခ)။ ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသ
၄ (ဂ)။ ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စနစ်
၄ (ဃ)။ ငွေကြေး

၅။ နိုင်ငံရေးဘာသာရပ် ၄၇
၅ (က)။ နိုင်ငံရေးဆိုသည်မှာအဘယ်နည်း။
၅ (ခ)။ ခေါင်းဆောင်များနှင့်အစိုးရများ
၅ (ဂ)။ လူ့အဖွဲ့အစည်းများ

# လူမှုရေးသိပ္ပံဘာသာရပ်များမှာမည်သည်တို့နည်း။

ဤသင်ရိုးညွှန်းတမ်းတွင် ကျွန်ုပ်တို့သည် မတူညီသောဘာသာရပ်နယ်ပယ်များကို လေ့လာရမည်ဖြစ်သည်။ ထို ဘာသာရပ်နယ်ပယ်အားလုံးသည် လူ့အဖွဲ့အစည်းနှင့်ဆက်စပ်နေပေသည်။ လူမှုရေးသိပ္ပံဘာသာရပ်များ၏အဖွင့်မိတ်ဆက် တွင် ကျွန်ုပ်တို့သည် "လူ"တို့၏အကြောင်းကိုလေ့လာသင်ကြားရမည် – လူများမည်ကဲ့သို့အတူတကွနေထိုင်သည်၊ ဤကမ္ဘာမြေကြီးကိုသူတို့မည်ကဲ့သို့အသုံးပြုသည် စသည်ဖြင့်ဖြစ်သည်။

မည်သည့်လူမှုသိပ္ပံဘာသာရပ်များကို သင်ယခင်ကလေ့လာသင်ကြားဖူးပါသနည်း။

ဤသင်ခန်းစာတွင် **ဖွံ့ဖြိုးတိုးတက်မှု၊ သမိုင်း၊ ပထဝီဝင်၊ ဘောဂဗေဒနှင့်နိုင်ငံရေးဘာသာရပ်**တို့ကိုလေ့လာသင်ကြားရမည်။ ဤဘာသာရပ်များနှင့်ပတ်သက်၍သင်သိထားပြီးသောအရာများကိုသင်၏အတန်းဖော်များနှင့်ဆွေးနွေးပါ။

**လေ့ကျင့်ခန်း** အောက်တွင်ဖော်ပြထားသောဘာသာရပ်များကိုငင်းတို့သင်ကြားပို့ချသောအကြောင်းအရာများနှင့်ယှဉ်တွဲပြပါ။

**သမိုင်းဘာသာရပ်** — နိုင်ငံများနှင့်လူ့အဖွဲ့အစည်းများရှိ တိုးတက်မှုများနှင့်ပြောင်းလဲမှုများကိုလေ့လာခြင်း

**ပထဝီဝင်ဘာသာရပ်** — လူသားတို့ပြုလုပ်ခဲ့သမျှအရာခမ်သိမ်းနှင့်ထိုအရာများ၏ဖြစ်စဉ်ကိုလေ့လာခြင်း၊

**ဘောဂဗေဒဘာသာရပ်** — ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်ကဲ့သို့ထုတ်လုပ်သည်၊ မည်ကဲ့သို့ဖြန့်ဝေသည်နှင့်အသုံးပြုသည်များကိုလေ့လာခြင်း၊

**နိုင်ငံရေးဘာသာရပ်** — ကမ္ဘာကုန်းမြေ၊ ရေပြင်နှင့်လေထု။ အပင်များနှင့်သတ္တဝါများမည်သည့်နေရာတွင်မည်ကဲ့သို့ပေါက်ရောက်ရှင်သန်ပုံ၊ နေထိုင်ပုံနှင့်လူများမည်ကဲ့သို့ထိုအရာများအားလုံးနှင့်အပြန်အလှန်အကျိုးပြုပုံတို့ကိုလေ့လာခြင်း၊

**ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်** — ဒေသအဆင့်၊ နိုင်ငံနှင့်နိုင်ငံတကာအဆင့်တွင် နိုင်ငံရေးအာဏာဆက်နွယ်ပုံများမည်ကဲ့သို့အလုပ်လုပ်သည်ကိုလေ့လာခြင်း၊

မေးခွန်းများကိုသင်ယခုမဖြေဆိုနိုင်လျှင်မစိုးရိမ်ပါနှင့်။ ဤသင်ခန်းစာပြီးမှသာလျှင် ကြိုးစား၍ဖြေဆိုပါ။ နောင်တွင် **သဘာဝပတ်ဝန်းကျင်၊ လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေးဘာသာရပ်**နှင့်အခြားဘာသာရပ်ကဲ့သို့ဘာသာရပ် – များနှင့်အကြောင်းအရာများကိုလည်းသင်ကြားရနိုင်ဖွယ်ရှိသည်။ ထိုဘာသာရပ်များသည် မည်သည်တို့ကိုလေ့လာခြင်းဖြစ်သည်ကိုသင်ခန့်မှန်းနိုင်ပါလား။

**လေ့ကျင့်ခန်း** အောက်တွင်ဖော်ပြထားသောဘာသာရပ်များကိုငင်းတို့သင်ကြားပို့ချသောအကြောင်းအရာများနှင့်ယှဉ်တွဲပြပါ။

**သဘာဝပတ်ဝန်းကျင်** — သင့်အသိုင်းအဝိုင်းနှင့်အသိုင်းအဝိုင်းထဲရှိလူများအကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း

**လူ့အသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်မှု** — သဘာဝကိုလေ့လာခြင်း။ လူများမည်ကဲ့သို့သဘာဝနှင့် အပြန်အလှန်အကျိုးပြုနေထိုင်သည်၊ လူများမည်ကဲ့သို့သဘာဝကိုလွှမ်းမိုးသည်နှင့်မည်ကဲ့သို့သဘာဝကလူကိုပြန်၍လွှမ်းမိုးသည်စသည်တို့ကိုလေ့လာခြင်း၊

**လူမှုရေးဘာသာရပ်** — လူ့အဖွဲ့အစည်းကိုလေ့လာခြင်း။ လူများမည်ကဲ့သို့အုပ်စုဖွဲ့၍ အတူတကွနေထိုင်ကြသည်၊ မည်ကဲ့သို့အပြန်အလှန်ပြုမှုဆက်ဆံကြသည်၊ မည်သည့်ဥပဒေကိုသူတို့လိုက်နာကျင့်သုံးကြသည်စသည်တို့ကိုလေ့လာခြင်း၊

# အခန်း (၁)
# ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်

**ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်၏သဘောတရားများ (concepts)**

၁။ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာအဘယ်နည်း။
၂။ ဖွံ့ဖြိုးတိုးတက်မှု၏သွင်ပြင်လက္ခဏာများ
၃။ ဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်နှင့်သက်ဆိုင်သောဝေါဟာရများနှင့်၄င်းတို့၏အဓိပ္ပါယ်များနှင့်၄င်းတို့ကိုအသုံးပြုပုံ
၄။ ကမ္ဘာကိုဆင်းရဲ၊ ချမ်းသာပိုင်းခြားထားပုံ
၅။ ဖွံ့ဖြိုးတိုးတက်မှုပြည့်ကိန်းများ စသည်တို့ပါဝင်သည်။

**လက်တွေ့လေ့ကျင့်မှုများ (skills practiced)**

၁။ အမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ အမျိုးအစားအလိုက်ခွဲခြားစီစဥ်ခြင်း (သို့) အမျိုးတူရာစုခြင်းနှင့်အရေးပါမှု အလိုက်ဦးစားပေးသတ်မှတ်ခြင်း
၂။ နှိုင်းယှဉ်ခြင်းနှင့်ယှဉ်ထိုးလေ့လာခြင်း
၃။ သုံးသပ်ခန့်မှန်းခြင်း
၄။ စာစီစာကုံးများရေးသားခြင်း
၅။ ပြောင်းလဲမှုများကိုဖော်ထုတ်ခြင်း
၆။ ဇယားများကိုဖတ်၍သဘောပေါက်နားလည်ခြင်း
၇။ ပြဿနာများကိုအဖြေရှာခြင်း စသည်တို့ဖြစ်သည်။

**ဤအခန်းကိုလေ့လာပြီးနောက် ကျောင်းသူ၊ ကျောင်းသားများသည်**

၁။ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအကြောင်းအရာများကိုသိရှိနားလည်နိုင်ခြင်း၊
၂။ ဖွံ့ဖြိုးတိုးတက်မှု၏အခြေခံသွင်ပြင်လက္ခဏာများ(လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး)ကိုဖော်ထုတ်နိုင်ခြင်း၊
၃။ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာရာတွင်အသုံးပြုသောဘာသာရပ်ဆိုင်ရာအခြေခံဝေါဟာရများကိုနားလည်သ ဘောပေါက်ခြင်း၊
၄။ ချမ်းသာသောနိုင်ငံများနှင့်ဆင်းရဲသောနိုင်ငံများကိုခွဲခြားနိုင်ခြင်းနှင့်ကမ္ဘာ၏မည်သည့်ဘက်ခြမ်း ချမ်းသာ သောနိုင်ငံအများစုတည်ရှိ၍ မည်သည့်ဘက်ခြမ်းတွင်ဆင်းရဲသောနိုင်ငံအများစုတည်ရှိသည်ကိုခွဲခြားနိုင်ခြင်း
၅။ အခြေခံဖွံ့ဖြိုးတိုးတက်မှုပြည့်ကိန်းများအသုံးပြုပုံကို နားလည်နိုင်ခြင်း၊
၆။ လွယ်ကူရှင်းလင်းသောဇယားများကိုဖတ်ရှုနိုင်ခြင်း၊
၇။ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေဥပမာများကို သင်တို့၏ကိုယ်ပိုင်အခြေအနေများနှင့်ဆက်စပ်နိုင်ခြင်း၊
၈။ ဖွံ့ဖြိုးတိုးတက်မှုတွင်ကြုံတွေ့ရသောပြဿနာများအတွက် ဖြစ်နိုင်ခြေရှိသောအဖြေများကိုစဉ်းစားတွေးခေါ် လာနိုင်ခြင်းတို့ကိုရရှိလာမည်ဖြစ်သည်။

## ၁ (က)။ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာအဘယ်နည်း။

ဖွံ့ဖြိုးတိုးတက်မှုသည် လူသားတို့၏ဘဝများတိုးတက်ရန်အတွက်ရည်ရွယ်သည်။ သို့မှသာ လူများချမ်းသာကြွယ်ဝပြီးပျော်ရွှင်ချမ်းမြေ့မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံများနှင့်လူမှုအဖွဲ့အစည်းများကို ပြောင်းလဲတိုးတက်စေသည်။ သို့ရာတွင် အချို့သောပြောင်းလဲမှုများသည် ဆိုးကျိုးသက်ရောက်မှုများကိုဖြစ်ပေါ်စေ၍ လူတို့၏ဘဝအခြေအနေများကိုဆိုးဝါးစေသည်။

| |
|---|
| **အဓိကဝေါဟာရများ** |
| စိုက်ပျိုးသီးနှံ(crop) ချေးငွေ(loan) အသေးစားချေးငွေ(microcredit) မိုးခေါင်ခြင်း(drought) |
| အတိုးနှုန်း(interest) မျိုးပွားသည်(reproduce) မျိုးစေ့(seed) မျိုးမဖြစ်ထွန်းသော(sterile) |

**ဆွေးနွေးခြင်း**
**လေ့ကျင့်မှု – ခန်းမှန်းခြင်း၊ စိတ်ကူးတွေးဆခြင်း**

သင့်ဘိုးဘွားများငယ်စဉ်အချိန်က သူတို့၏ဘဝနေပုံထိုင်ပုံများမည်ကဲ့သို့ရှိခဲ့မည်ကိုသင်စိတ်ကူးကြည့်၍ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ သူတို့သည် မည်သည့်အလုပ်အကိုင်များကိုနေ့စဉ်နေ့တိုင်းလုပ်ကိုင်ခဲ့မည်နည်း။
၂။ သူတို့ မည်သည်တို့ကိုဝတ်ဆင်ခဲ့ကြသနည်း။
၃။ သူတို့ မည်သည်တို့ကိုစားသောက်ခဲ့ကြသနည်း။
၄။ သူတို့ မည်ကဲ့သို့အလုပ်လုပ်ကိုင်ခဲ့ကြသနည်း။
၅။ သူတို့၏အားလပ်သောအချိန်များတွင်သူတို့သည် မည်သည်တို့ကိုပြုလုပ်ကြသနည်း။
၆။ သူတို့ မည်ကဲ့သို့သောအိမ်ပုံစံများဖြင့် နေထိုင်ခဲ့ကြသနည်း။
၇။ သူတို့ မည်ကဲ့သို့သောနိုင်ငံပုံစံမျိုးတွင် နေထိုင်ခဲ့ကြသနည်း။
၈။ ထိုအချိန်မှစ၍ သင်လူ့အသိုင်းအဝိုင်းထဲရှိလူတို့၏ဘဝမည်ကဲ့သို့ပြောင်းလဲခဲ့ပြီနည်း။ ပြောင်းလဲမှုများကိုရေးသားပြုစုပါ။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – သုံးသပ်ခြင်း**

သင်ရေးသားပြုစုထားသောပြောင်းလဲမှုများကိုကြည့်ပါ။ ထိုပြောင်းလဲမှုများသည် ကောင်းသည်(သို့မဟုတ်)ဆိုးသည်ဟု–သင်ယူဆပါသလား။ အကယ်၍ပြောင်းလဲမှုတစ်ခုသည် ကောင်းသည်ဟုသင်ယူဆလျှင် အမှန်ခြစ်၍ ဆိုးသည်ဟုယူဆလျှင် အမှားခြစ်ပါ။ ထိုသို့မဟုတ်ဘဲ ပြောင်းလဲမှုများသည် ကောင်းကျိုးရောဆိုးကျိုးပါနှစ်ခုလုံးရှိသည်ဟုဆိုလျှင် အမှန်နှင့်အမှားနှစ်ခုလုံးကိုခြစ်ပါ။ သင်၏အဖြေများကို အတန်းထဲရှိအခြားကျောင်းသူ၊ ကျောင်းသားနှင့်နှိုင်းယှဉ်ကြည့်ပါ။

# လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

**စီးပွားရေးဖွံ့ဖြိုးမှု** – လူတို့သည်သူတို့၏အခြေခံလိုအပ်ချက်များနှင့်ပြည့်စုံ၍ အပိုရုပ်ဝတ္ထုပစ္စည်းများ(extra things)ပိုင်ဆိုင်သောအချိန်နှင့်လူအဖွဲ့အစည်းတစ်ခုလုံးအနေဖြင့် ကြီးပွားချမ်းသာလာသောအချိန်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသည်။

**လူမှုရေးဖွံ့ဖြိုးမှု** – လူတို့၏လူနေမှုအဆင့်အတန်းများမြင့်မားလာသောအချိန် – ပိုမိုကောင်းမွန်သောအစားအသောက်၊ လုံခြုံရေး၊ သာလွန်သောပညာရေးနှင့်ကျန်းမာရေးနှင့်လူများကသူတို့၏ဘဝများကိုသူတိုကိုယ်တိုင်ပို၍စီမံထိန်းချုပ်နိုင်သောအချိန်တွင်လူမှုဖွံ့ဖြိုးတိုးတက်မှုရှိသည်။

**ဆွေးနွေးခြင်း**
**လေ့ကျင့်မှု – အချက်အလက်များကိုအမျိုးအစားအလိုက်ခွဲခြားစီစဉ်ခြင်း**

သင့်လူ့အဖွဲ့အစည်းကိုသင်မည်ကဲ့သို့ပြောင်းလဲစေလိုသနည်း။ သင်မြင်တွေ့လိုသော တိုးတက်မှုများကိုရေးချပါ။ ထို့နောက် ၄င်းတို့ကို လူမှုရေးပြောင်းလဲမှုနှင့်စီးပွားရေးပြောင်းလဲမှုများဟူ၍ ခွဲခြားသတ်မှတ်ပါ။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – အရေးပါမှုအလိုက်ဦးစားပေးသတ်မှတ်ခြင်း**

ဤလေ့ကျင့်ခန်းတွင် အရေးပါဆုံးသောအချက်များကိုရွေးထုတ်နိုင်ရန်သင်၏အမြင်နှင့်အတန်းထဲရှိအခြားကျောင်းသား၊ – ကျောင်းသားများ၏အမြင်နှိုင်းယှဉ်ခြင်းကိုလေ့ကျင့်မည်ဖြစ်သည်။

၁။ ပထဦးစွာနှစ်ဦးတစ်တွဲစီတွဲပါ။ ထို့နောက် သင်ရေးသားခဲ့သော ‘တိုးတက်မှုစာရင်း’ ကိုသင်၏အဖော်နှင့်နှိုင်းယှဉ်ပြီး အရေးကြီးဆုံးသောတိုးတက်မှု (၅)ချက်ကိုရွေးချယ်ဆုံးဖြတ်ပါ။

၂။ ဒုတိယအဆင့်တွင် လေးယောက်တစ်တွဲစီအုပ်စုခွဲပါ။ ၄င်းနောက်နှစ်ယောက်တစ်တွဲ၏အရေးပါဆုံးသောတိုးတက်မှု(၅) ချက်ကိုအုပ်စုထဲရှိအခြားနှစ်ယောက်တစ်တွဲ၏တိုးတက်မှု(၅)ချက်နှင့်နှိုင်းယှဉ်ပါ။ ထို့နောက်ထိုအချက်(၁၀)ချက်ထဲမှအရေး– ပါဆုံးသောအချက်(၅)ချက်ထပ်မံရွေးချယ်ပါ။

၃။ တတိယအဆင့်တွင် ရှစ်ယောက်တစ်တွဲစီအုပ်စုခွဲပါ။ အထက်ပါနည်းအတိုင်း လေးယောက်တစ်တွဲ၏အချက်(၅)ချက်ကို အုပ်စုထဲရှိအခြားလေးယောက်တစ်တွဲ၏အချက်(၅)ချက်နှင့်နှိုင်းယှဉ်လေ့လာ၍ ထိုအချက် (၁၀)ချက်အနက်မှ အရေးပါဆုံး– သောအချက်(၅)ချက်ကိုရွေးပါ။

၄။ နောက်ဆုံး၌ အတန်းထဲတွင်မည်သည့်အချက်(၅)ချက်ကအရေးပါဆုံးသောအချက်များဖြစ်သနည်း။ ထိုအချက်များ သည် အဓိကအားဖြင့် လူမှုရေးတိုးတက်ပြောင်းလဲမှုများသို့မဟုတ်စီးပွားရေးတိုးတက်ပြောင်းလဲမှုများဖြစ်ပါသလား။

**အကြောင်းအရာလေ့လာခြင်း** ပထမဦးစွာ အီသီယိုးပီးယားနိုင်ငံကို ကမ္ဘာ့မြေပုံတွင်ရှာဖွေပါ။ ၄င်းနိုင်ငံသည်ကမ္ဘာ၏မည်သည့် ဘက်အခြမ်းတွင်တည်ရှိသနည်း။ ထိုနိုင်ငံသည် ချမ်းသာသောနိုင်ငံသို့မဟုတ်ဆင်းရဲသောနိုင်ငံတစ်နိုင်ငံဟုသင်ထင်ပါသလား။

> **အီသီယိုးပီးယား – လမ်းစဉ်အသစ်လော(သို့)လမ်းစဉ်အဟောင်းလော။**
>
> ကမ္ဘာပေါ်ရှိလယ်သမားတိုင်းအတွက် မျိုးစေ့များသည် အလွန်အရေးပါသည်။ နှစ်ထောင်ပေါင်းများစွာကပင်လယ်သမားများသည် သူတို့စိုက်ပျိုးသောသီးနှံများမှ မျိုးစေ့များကိုထုတ်ယူ၍ အကောင်းဆုံးမျိုးစေ့များကိုထိန်းသိမ်းသိုလှောင်ထားကြသည်။
>
> ကမ္ဘာ့အချို့နေရာများတွင်မျိုးစေ့ဟောင်းများကို အထွက်နှုန်းအားကောင်းသောမျိုးစေ့သစ်များဖြင့်အစားထိုးလာကြသည်။ မြောက်အမေရိကနှင့်ဥရောပနိုင်ငံများမှကုမ္ပဏီများသည် ထိုကဲ့သို့အထွက်နှုန်းအားကောင်းသောမျိုးစေ့များကိုနိုင်ငံအများအပြားသို့ထုတ်လုပ်ရောင်းချကြသည်။ ဤမျိုးစေ့များသည်သီးနှံအထွက်နှုန်းအားကောင်းသော်လည်းကျန်းမာသန်စွမ်းခြင်းမရှိပေ။ အပင်ရောဂါများနှင့်မိုးခေါင်ရေရှားမှုတို့ကြောင့်အလွန်လွယ်ကူစွာပျက်စီးသေကြေနိုင်သည်။
>
> ယင်းမျိုးစေ့များကို အသုံးပြုရာတွင်အခြားပြဿနာတစ်ခုလည်းရှိသေးသည်။ ယင်းမျိုးစေ့များသည် တစ်ကြိမ်သာစိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ထိုစိုက်ပျိုး၍ရရှိသောအပင်များမှ မျိုးစေ့များသည် နောက်တစ်ကြိမ်စိုက်ပျိုး၍ မဖြစ်ထွန်းတော့ပေ။ ထို့ကြောင့်ဤမျိုးစေ့မျိုးများကို နောက်တစ်ကြိမ်စိုက်ပျိုးရန် သိုလှောင်၍မရပေ။ ထို့အပြင် မျိုးစေ့များမျိုးပွားသော်လည်း ယင်းမျိုးစေ့များမှ ပေါက်သောအပင်များသည် ယခင်နှစ်များလောက်ကြီးထွားမှုမရှိတော့ပေ။ ထို့ကြောင့် လယ်သမားများမှာထိုကုမ္ပဏီများမှ မျိုးစေ့များနှစ်စဉ်နှစ်တိုင်းဝယ်ယူနေရသည်။
>
> ဤအထွက်နှုန်းအားကောင်းသောမျိုးစေ့မျိုးများကို တစ်ကမ္ဘာလုံးရှိတောင်သူလယ်သမားအသုံးပြုကြလျှင် ယခင်အသုံးပြုခဲ့သောမျိုးစေ့ဟောင်းများထာဝရပျောက်ကွယ်သွားနိုင်ပြီး တောင်သူလယ်သမားများမှာသီးနှံပင်များစိုက်ပျိုးရန်နှစ်စဉ်နှစ်တိုင်းမျိုးစေ့သစ်များဝယ်ယူနေရလိမ့်မည်ဖြစ်သည်။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ပြောင်းလဲမှုများကို ဖော်ထုတ်ခြင်း**

၁။ အထက်ပါ ‘အဖြစ်အပျက်လေ့လာချက်’ တွင် ရေးသားဖော်ပြခဲ့သောပြောင်းလဲမှုမှာမည်သည်နည်း။

၂။ ထိုပြောင်းလဲမှုသည် လူမှုရေးပြောင်းလဲမှုသို့မဟုတ်စီးပွားရေးပြောင်းလဲမှုဖြစ်ပါသလား။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
လေ့ကျင့်မှု – ကောက်ချက်ချခြင်း

၁။ အထက်တွင်လေ့လာခဲ့သောအီသီယိုးပီးယားနိုင်ငံ၌ 'ပြောင်းလဲမှု' သည် မည်သည့်ပြဿနာများကိုဖြစ်ပွားစေသနည်း။
၂။ အုပ်စုများဖွဲ့၍ ထိုပြဿနာများကိုဖြေရှင်းရန် အကြံဉာဏ်များကိုစုပေါင်းရှာဖွေပါ။

**အကြောင်းအရာလေ့လာခြင်း**

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ – အသေးစားငွေချေးလုပ်ငန်းများသည် မည်သူတို့ကိုအကျိုးအမြတ်ဖြစ်ထွန်းစေသနည်း။**



**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှအမျိုးသမီးများဖျာယက်လုပ်နေကြပုံ**

ဖာရီးဒါး(**Farida**)သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်နေထိုင်သည်။ သူမသည် အသက်မွေးဝမ်းကျောင်းအတွက်ဖျာရက်လုပ်သည်။ ဖျာတစ်ချပ်ကို(၅)ရက်ခန့်ရက်လုပ်ရ၍ ရက်လုပ်ပြီးသောဖျာများကိုတစ်ချပ်လျှင် (၇၀)ရူပီး (၁၀၀၀၀ကျပ်)ဖြင့်ရောင်းချသည်။

သူမသည် သူမ၏စီးပွားရေးစတင်လုပ်ကိုင်နိုင်ရန် ငွေတိုးချေးငှားသူတစ်ယောက်ထံမှငွေချေးငှား၍ အတိုးနှုန်းများစွာပေးရသည်။ သူမအတွက် အစားအသောက်များဝယ်ယူရန်လုံလောက်သော်လည်း အရေးပေါ်အခြေအနေများတွင်အသုံးပြုရန် ငွေမစုဆောင်းနိုင်ပေ။

တစ်နေ့တွင် သူမတို့ပတ်ဝန်းကျင်တွင်နေထိုင်သော အသေးစားငွေချေးလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသောသူတစ်ယောက်က သူမအား ငွေချေးငှားရန်ကမ်းလှမ်းခဲ့သည်။ ဤအသေးစားငွေချေးလုပ်ငန်းမှအတိုးနှုန်းသည် ယခင်ငွေတိုးချေးငှားသူထံတွင်ပေးရသော အတိုးနှုန်းထက်များစွာသက်သာသည်။

သူမ၏ချေးငွေကိုပြန်ပေးဆပ်ရန်လွယ်ကူသည့်အတွက် သူမအနေဖြင့်အကျိုးအမြတ်ရရှိသည်၊ တချိန်တည်းမှာပင်အနည်းငယ်သောအတိုးအပါအဝင် သူမပြန်ဆပ်သောငွေကို အခြားတစ်ယောက်ကိုချေးငှားနိုင်သည်။ ဤနည်းဖြင့် အသေးစားငွေချေးလုပ်ငန်းသည် ကြီးထွားလာပြီး ဒေသခံလူထုကိုလည်း အထောက်အကူပြုလေသည်။

ဤအသေးစားငွေချေးလုပ်ငန်းစီမံကိန်းတွင် ဝင်ရောက်လာသူများသည် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ပူးပေါင်းလုပ်ကိုင်ကြပြီး ဤစီမံကိန်းအောင်မြင်ရေးအတွက်တာဝန်ယူကြသည်။ သူတို့သည်ချေးငွေများကိုထုတ်ချေးသည့်အပြင်ထိုငွေကိုပြန်ပေးဆပ်နေချိန်တွင်လည်း တစ်ယောက်ကိုတစ်ယောက်ကူညီထောက်ပံ့ပေးကြသည်။

**လေ့ကျင့်ခန်း**
လေ့ကျင့်မှု – အသေးစိတ်အချက်အလက်များကိုဖတ်ကြားခြင်း

၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်မည်သည့်နေရာတွင်တည်ရှိသနည်း။ ထိုနိုင်ငံသည် မည်သည့် 'တိုက်' တွင်တည်ရှိသနည်း။
ဎင်းနိုင်ငံသည် ချမ်းသာသောနိုင်ငံ(သို့)ဆင်းရဲသောနိုင်ငံဖြစ်ပါသလား။
၂။ အထက်ပါ 'အဖြစ်အပျက်လေ့လာခြင်း' တွင် ရေးသားဖော်ပြသောပြောင်းလဲမှုမှာမည်သည်တို့နည်း။
၃။ ထို 'ပြောင်းလဲမှု' သည် လူမှုရေးပြောင်းလဲမှုသို့မဟုတ်စီးပွားရေးပြောင်းလဲမှုဖြစ်ပါသလား။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – နှိုင်းယှဉ်ခြင်း**

၁။ အီသီယိုးပီးယားနိုင်ငံ၏အဖြစ်အပျက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဖြစ်အပျက်နှင့်နှိုင်းယှဉ်လေ့လာကြည့်ပါ။ မည်သည်တို့ကတူညီ၍ မည်သည်တို့ကကွဲပြားသနည်း။

၂။ လေ့လာမှုနှစ်ခုလုံးတွင်ပြောင်းလဲမှုကိုဖော်ပြသည်။ ပထမအဖြစ်အပျက်ရှိ အပြောင်းအလဲသည် မည်သူတို့ကိုအကျိုးရှိစေသနည်း။ မည်ကဲ့သို့အကျိုးရှိစေသနည်း။ ဒုတိယအဖြစ်အပျက်ရှိအပြောင်းအလဲသည် မည်သူတို့ကို မည်ကဲ့သို့အကျိုးရှိစေသနည်း။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – တင်ပြဆွေးနွေးခြင်း**

သင့်ပတ်ဝန်းကျင်တွင် မကြာသေးမီကဖြစ်ပွားသော ‘ပြောင်းလဲမှု’ (လူမှုရေး/စီးပွားရေး)ဥပမာတစ်ခုကိုပေးပါ။ အုပ်စုများဖွဲ့၍ထိုအဖြစ်အပျက်ကိုဆွေးနွေးပါ။ ယင်းကမည်သူတို့ကိုအကျိုးဖြစ်ထွန်းစေပါသနည်း။ သင့်အတန်းထဲတွင် ထိုအကြောင်းကို ဆွေးနွေးတင်ပြမှု အကျဉ်းချုပ်တစ်ခုပြုလုပ်ပါ။ ဆွေးနွေးတင်ပြစဉ် အောက်ပါမေးခွန်းများအားဖြေဆိုရန် ကြိုးစားပါ။

၁။ ထိုပြောင်းလဲမှုသည် လူမှုရေးပြောင်းလဲမှုသို့မဟုတ်စီးပွားရေးပြောင်းလဲမှုဖြစ်ပါသလား။

၂။ မည်သူတို့က ထိုပြောင်းလဲမှုကို စတင်ယူဆောင်လာခဲ့သနည်း။

၃။ ယင်းပြောင်းလဲမှုသည် မည့်သူတို့ကို မည်ကဲ့သို့အကျိုးရှိစေသနည်း။

၄။ အဆိုပါပြောင်းလဲမှုသည် သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ပြဿနာများဖြစ်ပေါ်စေပါသလား။

၅။ မည်သည့်ဖြေရှင်းမှုနည်းလမ်းကို သင့်အကြံပြုနိုင်သနည်း။

# ၁ (ခ) ။ ဖွံ့ဖြိုးတိုးတက်မှုနှင့်သက်ဆိုင်သောဝေါဟာရများ

**အဖွင့်မိတ်ဆက်** အောက်ဖော်ပြပါစကားလုံးများအနက် မည်သည့်စကားလုံးများကို သင်ယခင်ကကြားဖူးပါသနည်း။

တတိယနိုင်ငံများ(Third World) ၊ အနောက်နိုင်ငံများ(Western Countries)၊ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ(Developing - Countries)၊ စက်မှုဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ(Industrialised Countries)၊ တောင်ကမ္ဘာခြမ်းရှိနိုင်ငံများ(the South)၊ ဆင်းရဲသောတတိယကမ္ဘာ့နိုင်ငံများ(The Majority World)

အထက်ပါဝေါဟာရများနှင့်ပတ်သက်၍ သင်မည်မျှနားလည်သိရှိသနည်း။

ကျွန်ုပ်တို့နေထိုင်သောကမ္ဘာကြီးကို ဆင်းရဲ၊ ချမ်းသာခွဲခြားရန်နည်းလမ်းများစွာရှိသည်။ တတိယနိုင်ငံများ(Third World)၊ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ(Developing Countries)၊ ဆင်းရဲသောတတိယကမ္ဘာ့နိုင်ငံများ(The Majority World)၊ တောင်ကမ္ဘာခြမ်းရှိနိုင်ငံများ(the South) စသည်ဖြင့် ဆင်းရဲသောနိုင်ငံများကိုဖော်ပြရန် လူအများသုံးစွဲကြသည်။ အနောက်နိုင်ငံများ (Western Countries)၊ မြောက်ကမ္ဘာခြမ်းရှိနိုင်ငံများ (The North)၊ ဖွံ့ဖြိုးပြီးနိုင်ငံများ (Developed Countries)၊ စက်မှုဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ (Industrialized Countries) စသည်ဖြင့် ပို၍ချမ်းသာသောနိုင်ငံများကိုခေါ်ဝေါ်ကြသည်။

ကမ္ဘာ့ပေါ်ရှိသင်သိသောနိုင်ငံများ၏အမည်များကိုရေးမှတ်ပါ။ မည်သည့်နိုင်ငံများကချမ်းသာ၍ မည်သည့်နိုင်ငံများကဆင်းရဲပြီး မည်သည့်နိုင်ငံများကအသင့်အတင့်ချမ်းသာသည်ကို သင်သိပါသလား။ အောက်ပါဇယားတွင်ထည့်သွင်းပါ။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – ခန့်မှန်းခြင်း**

| ဆင်းရဲသောနိုင်ငံများ | အသင့်အတင့်ချမ်းသာသောနိုင်ငံများ | ချမ်းသာသောနိုင်ငံများ |
| --- | --- | --- |
| | | |

ဆင်းရဲသောနိုင်ငံများ – ချမ်းသာသောနိုင်ငံများပြမြေပုံ




■ GDP More than US$10,000 per person
■ GDP US$2500-10,000 per person
□ GDP Less than US$2500 per person

အထက်ပါ'ဆင်းရဲ–ချမ်းသာ'ပြမြေပုံတွင် ကမ္ဘာကိုတောင်–မြောက်သို့မဟုတ်ဖွံ့ဖြိုးဆဲ–ဖွံ့ဖြိုးပြီးဒေသများဟူ၍ပိုင်းခြားထားသည်ကိုမြင်တွေ့ရမည်။ အနက်ရောင်ခြယ်ထားသောဒေသများသည်ချမ်းသာဆုံးသောသို့မဟုတ်ဖွံ့ဖြိုးပြီးသောနိုင်ငံများဖြစ်သည်။ မီးခိုးရောင်ခြယ်ထားသောဒေသများသည် ချမ်းသာမှုအလယ်အလတ်အဆင့်တွင်ရှိသည်။ အခြားဒေသများသည် ဆင်းရဲသောသို့မဟုတ်ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများဖြစ်သည်။

အချမ်းသာဆုံးသောနိုင်ငံအများစုသည် ကမ္ဘာ့မြောက်ဘက်ခြမ်းတွင်တည်ရှိကြသည်၊ ဥပမာ – အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဂျာမနီနိုင်ငံနှင့်ဂျပန်နိုင်ငံ။ သို့သော်ကမ္ဘာ့တောင်ခြမ်းတွင်လည်းနိုင်ငံအနည်းငယ်ရှိသည်၊ ဥပမာ – ဩစတြေးလီးယားနှင့်တောင်အာဖရိက။ အများစုသော အာရှ၊ အာဖရိနှင့်တောင်အမေရိကနိုင်ငံများသည် ဆင်းရဲသောနိုင်ငံ

များဖြစ်ကြသည်။ (၎င်းနိုင်ငံများကို တတိယနိုင်ငံများ (The Third World)၊ အများစုဆင်းရဲသောနိုင်ငံများ (The Majority World)၊ တောင်ကမ္ဘာခြမ်းရှိနိုင်ငံများ (The South) ဟူရည်ညွှန်း ခေါ်ဆိုကြသည်။)

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – မြေပုံအသုံးပြုခြင်း**

၁။ အထက်တွင်ပြုလုပ်ခဲ့သောလေ့ကျင့်ခန်းမှသင်သိသောနိုင်ငံများ၏အမည်များကိုပြန်လေ့လာ၍ အထက်ပါမြေပုံတွင်ရှာဖွေပါ။ သင်ဖြေကြားခဲ့သောအဖြေများမှန်ကန်ပါသလား။
၂။ ဆင်းရဲသောသို့မဟုတ်အသင့်အတင့်ချမ်းသာသောမည်သည့်နိုင်ငံများသည်မြောက်ကမ္ဘာခြမ်းတွင်တည်ရှိသနည်း။
၃။ မည်သည့်ချမ်းသာသောနိုင်ငံများသည်တောင်ကမ္ဘာခြမ်းတွင်တည်ရှိသနည်း။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – အလွတ်စာစီစာကုံးရေးသားခြင်း**

သင်ကြိုက်နှစ်သက်ရာဘာသာဖြင့် အချိန်(၅)မိနစ်အတွင်း‘ *ကောင်းကျိုးဖြစ်ထွန်းစေသောတိုးတက်ပြောင်းလဲမှု* ***သို့မဟုတ်*** *ဆိုးကျိုးဖြစ်ပေါ်စေသောတိုးတက်ပြောင်းလဲမှု*’ ခေါင်းစဉ်ဖြင့်စာပိုဒ်တစ်ပိုဒ်ရေးသားပါ။

# ၁ (ဂ)။ ဖွံ့ဖြိုးတိုးတက်မှုပြည့်ညွှန်ကိန်းများ

**အဓိကဝေါဟာရများ**

အကြွေး(debt) ပြည်တွင်းနှင့်ဆိုင်သော(domestic) ငွေကြေး(cash) သုံးငွေ(expenditure) စုစုပေါင်း(gross) ညွှန်ကိန်း(indicator) စာတတ်မြောက်ခြင်း၊ စာရေးနိုင်ဖတ်နိုင်ခြင်း(literacy) အသေအပျောက်(mortal) အနိမ့်ဆုံးလုပ်ခလစာ(minimum wage) တင်ပို့သည်(ship) တာရှည်ခံနိုင်သော(sustainable) ဆန္ဒပြခြင်း(strike) သမဂ္ဂ၊ အဖွဲ့အစည်း (union)

မည်သည့်နိုင်ငံများက‘ဖွံ့ဖြိုးတိုးတက်ဆဲ’ဖြစ်၍ မည်သည့်နိုင်ငံများက‘ဖွံ့ဖြိုးတိုးတက်ပြီး’ဖြစ်သည်ကို သင်မည်ကဲ့သို့ဆုံးဖြတ်ပါသနည်း။ နည်းလမ်းတစ်ခုမှာ‘ဖွံ့ဖြိုးတိုးတက်မှုပြည့်ညွှန်ကိန်း’များကိုလေ့လာခြင်းဖြစ်သည်။ ၎င်းတို့ထဲတွင် –

– GDP(Gross Domestic Product)စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး – နိုင်ငံတစ်နိုင်ငံထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မှုအားလုံး၏စုစုပေါင်းတန်ဖိုး
– GDP per capita (per person) နိုင်ငံတစ်နိုင်ငံရှိလူတစ်ဦးချင်းစီထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ပျမ်းမျှတန်ဖိုး။ အကယ်၍နိုင်ငံတစ်နိုင်ငံတွင်တစ်နှစ်အတွင်းလူတစ်ဦးချင်းစီထုတ်သောကုန်စည်နှင့်ဝန်ဆောင်မှုပျမ်းမျှတန်ဖိုး – (GDP per captia per year)သည်အမေရိကန်ဒေါ်လာ(၁၀၃၀၀)ဆိုလျှင် ထိုနိုင်ငံရှိတိုင်းသူပြည်သားတိုင်း ထိုဝင်ငွေကိုရရှိသည်ဟုမဆိုလိုပေ။ ထိုအရေအတွက်မှာပျမ်းမျှသာဖြစ်ပြီး တစ်နိုင်ငံလုံးတစ်နှစ်အတွင်းရရှိသောဝင်ငွေကို ထိုနိုင်ငံရှိလူဦးရေဖြင့်‘စား’(/)လိုက်ခြင်းဖြစ်သည်။ အချို့သောလူများမှာ ဝင်ငွေအလွန်ကောင်း၍ အချို့မှာ အလွန်နည်းပါးသည်။
– ပျမ်းမျှလူ့သက်တမ်း (life expentancy) – လူတို့ပျမ်းမျှနေထိုင်သောအသက်သက်တမ်း
– စာတတ်မြောက်မှုနှုန်း (literacy rate) နိုင်ငံတစ်နိုင်ငံရှိ အသက်(၁၅)အထက်ရှိသောလူဦးရေ၏စာရေးနိုင်၊ ဖတ်နိုင်သောသူရာခိုင်နှုန်း
– ကလေးအသေအပျောက်နှုန်း (child mortality rate) – အသက်(၁)နှစ်မပြည့်မီ သေဆုံးသောကလေးအရေအတွက်၊ ဤညွှန်ကိန်းကို‘အသက်ရှင်လျက်မွေးသော’ကလေး(၁၀၀၀)မွေးဖွားနှုန်းဖြင့်တိုင်းတာသည်။ ဆိုလိုသည်မှာ အကယ်၍ညွှန်ကိန်းသည် ကလေးအယောက်(၂၀)ဆိုလျှင်‘အသက်ရှင်လျက်မွေးသော’ကလေးအယောက်(၁၀၀၀)တွင် မွေးဖွားပြီးတစ်နှစ်မပြည့်မီ ကလေး(၂၀)သေဆုံးသည်။
– သန့်ရှင်းသောသောက်သုံးရေကို အမြဲတမ်းရရှိနိုင်သောလူဦးရေ – ဆိုလိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင် လိုအပ်သောသန့်ရှင်းသည့်သောက်သုံးရေကို အမြဲတမ်းလုံလောက်စွာရရှိနိုင်သောလူဦးရေရာခိုင်နှုန်းဖြစ်သည်။
– အခြေခံမူလတန်းပညာသင်ကြားမှုစာရင်း – (primary enrolment) – နိုင်ငံတစ်နိုင်ငံရှိ‘မူလတန်းအရွယ်ကလေးငယ်’

များ၏ကျောင်းတက်ရောက်နိုင်သောအရေအတွက်ရာခိုင်နှုန်း။
– ပြည်သူ့ကျန်းမာရေးအသုံးစရိတ်(public expenditure on health) – GDP၏ရာခိုင်နှုန်းမည်မျှကိုအစိုးရကပြည်သူ့ကျန်းမာရေးအသုံးစရိတ်အဖြစ်သုံးစွဲသည်။

အောက်တွင်ဖော်ပြထားသောဇယားကိုကြည့်ပါ။ (၂၀၀၃)ခုနှစ်အတွက် နိုင်ငံ(၁၀)နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုပြညွှန်ကိန်းများ – ကိုဖော်ပြထားသည်။

**ပုံ (၁) ဖွံ့ဖြိုးတိုးတက်မှုပြညွှန်ကိန်းများ**

| နိုင်ငံ | ပျမ်းမျှလူ့သက်တမ်း | လူတစ်ဦးစီ၏တစ်နှစ်အတွင်းထုတ်လုပ်သောကုန်စည်နှင့်ဝန်ဆောင်မှုပျမ်းမျှတန်ဖိုး(အမေရိကန်ဒေါ်လာ) GDP per captia per year | အရွယ်ရောက်သူစာတတ်မြောက်မှုနှုန်း(အသက်၁၅နှစ်အထက်လူဦးရေ၏ရာခိုင်နှုန်း) | ကလေးအသေအပျောက်နှုန်း (မွေးဖွားနှုန်း ၁၀၀၀ တွင်) | သန့်ရှင်းသောသောက်သုံးရေရရှိမှုရာခိုင်နှုန်း | မူလတန်းအရွယ်ကလေးများစာသင်ကြားမှုရာခိုင်နှုန်း | ပြည်သူ့ ကျန်းမာရေးအသုံးစရိတ် (ဂျီဒီပီ၏ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ဘရာဇီး | ၆၈.၀ | ၈၈၀၀ | ၈၆.၄ | ၃၀ | ၈၇ | ၉၇ | ၃.၂ |
| မြန်မာ | ၅၇.၂ | ၁၈၀၀ | ၈၅.၃ | ၇၇ | ၇၂ | ၈၂ | ၀.၄ |
| တရုတ် | ၇၀.၉ | ၇၇၀၀ | ၈၉.၉ | ၃၁ | ၇၅ | ၉၃ | ၂.၀ |
| အီရတ် | ၆၀.၅ | ၂၉၀၀ | ၄၀.၄ | ၁၀၂ | ၁၅ | ၉၁ | ၂.၂ |
| မော်ဇန်ဘစ် | ၃၈.၅ | ၁၅၀၀ | ၄၆.၅ | ၁၂၅ | ၅၇ | ၆၀ | ၄.၀ |
| ပါကီစ္စတန် | ၆၀.၈ | ၂၆၀၀ | ၅၁.၅ | ၈၃ | ၉၀ | ၃၅ | ၁.၈ |
| ရုရှား | ၆၆.၇ | ၁၂၂၀၀ | ၉၉.၆ | ၁၈ | ၉၉ | ၉၉ | ၃.၇ |
| စင်ကာပူ | ၇၈.၀ | ၃၁၄၀၀ | ၉၂.၅ | ၃ | ၁၀၀ | ၉၃ | ၁.၃ |
| ထိုင်း | ၆၉.၁ | ၉၂၀၀ | ၉၂.၆ | ၂၄ | ၈၄ | ၈၆ | ၂.၁ |
| အမေရိကန် | ၇၇.၀ | ၄၄၀၀၀ | ၉၇.၀ | ၇ | ၁၀၀ | ၉၃ | ၆.၂ |
| ဗီယက်နမ် | ၆၉.၀ | ၃၁၀၀ | ၉၀.၃ | ၃၀ | ၇၇ | ၉၄ | ၁.၅ |

# ဂျီဒီပီ

အစိုးရများ၊ ယူအန်နှင့်ကမ္ဘာ့ဘဏ်စသည့်နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုသိရှိရန်ဂျီဒီပီကိုအသုံးပြုကြသည်။ ဂျီဒီပီလျင်မြန်စွာတိုးတက်နေသလောသို့မဟုတ်ကျဆင်းနေသလောကိုလေ့လာကြသည်။ ဂျီဒီပီမြင့်မားသောနိုင်ငံများကို ချမ်းသာသောနိုင်ငံများဟုလက်ခံ၍ဂျီဒီပီနိမ့်ကျသောနိုင်ငံများကိုဆင်းရဲသောနိုင်ငံများအဖြစ်ရှုမြင်ကြသည်။

ဂျီဒီပီသည်နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကိုတိုင်းတာရန် နည်းလမ်းတစ်ခုဟု လူအများကလက်မခံကြပေ။ ဂျီဒီပီသည် နိုင်ငံတစ်နိုင်ငံမှမည်မျှထုတ်လုပ်သည်ကိုသာဖော်ပြသည်။ သို့ရာတွင်ဂျီဒီပီက မဖော်ပြသော အခြားအရာများလည်းရှိပါသည်။

၎င်းတို့မှာ –

– လူတို့၏အသက်အန္တရာယ်ကိုထိခိုက်စေသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ

– လူတို့၏အားလပ်ချိန်

– လူများသူတို့၏မိသားစုမိတ်ဆွေအပေါင်းအသင်းများနှင့်အတူဖြုန်းတီးသောအချိန်

– ဝင်ငွေရရှိပုံ(လူဦးရေ၏(၁)ရာခိုင်နှုန်းသာလျှင်ငွေကြေးအများဆုံးဝင်ငွေကိုရရှိခြင်း)စသည်တို့ဖြစ်သည်။
ထိုကြောင့်နိုင်ငံတစ်နိုင်ငံကိုရှုမြင်သုံးသပ်သောအခါ ဂျီဒီပီတစ်ခုတည်းပေါ်တွင်သာမှီတည်၍ မသုံးသပ်သင့်ပေ။ အခြေအနေတစ်ရပ်လုံးကိုရှုမြင်သုံးသပ်လေ့လာသင့်သည်။

**_စာမျက်နှာ(၅၈)_ရှိဇယားတွင် နိုင်ငံများစွာ၏ဖွံ့ဖြိုးတိုးတက်မှုပြညွှန်ကိန်းများကိုဖော်ပြထားသည်။ ထိုဇယားတွင်အခြားညွှန်ကိန်းများအကြောင်းကိုသင်လေ့လာနိုင်သည်။**

**လေ့ကျင့်ခန်း**
ကျွမ်းကျင်မှု – ဇယားများကိုဘာသာပြန်ဆိုခြင်း

၁။ *ပုံ(၁)*တွင်ဖော်ပြထားသောနိုင်ငံများကို**စာမျက်နှာ(၈)**ရှိမြေပုံပေါ်တွင်ရှာဖွေပါ။
၂။ အောက်ပါစာကြောင်းများကို ပြည့်စုံအောင်ဖြည့်စွက်ပါ။
– စင်ကာပူနိုင်ငံ၏ကလေးမွေးဖွားနှုန်း(၁၀၀၀)တွင် အသက်တစ်နှစ်မပြည့်မီကလေး ________ ယောက်သေဆုံးသည်။
– တရုတ်နိုင်ငံ၏ကလေးမွေးဖွားနှုန်း(၁၀၀၀)တွင် အသက်တစ်နှစ်မပြည့်မီကလေး ________ ယောက်သေဆုံးသည်။
– ပါကီစ္စတန်နိုင်ငံတွင် လူ ________ ရာခိုင်နှုန်းစာဖတ်နိုင်၊ ရေးနိုင်သည်။
– အမေရိကန်နိုင်ငံတွင် လူ ________ ရာခိုင်နှုန်းစာဖတ်နိုင်၊ ရေးနိုင်သည်။
– ထိုင်းနိုင်ငံတွင်သာမန်လူတစ်ဦး၏အသက်သည် ပျမ်းမျှအားဖြင့် ________ နှစ်အထိရှည်သည်။
– ________ နိုင်ငံတွင်သာမန်လူတစ်ဦး၏အသက်သည် ပျမ်းမျှအားဖြင့် ၆၆.၇ နှစ်အထိရှည်သည်။
၃။ ဂျီဒီပီအမြင့်ဆုံးနိုင်ငံမှဂျီဒီပီအနိမ့်ဆုံးနိုင်ငံအထိ နိုင်ငံများကိုအစဉ်လိုက်စာရင်းပြုစုပါ။
၄။ စာတတ်မြောက်နှုန်းအများဆုံးနိုင်ငံမှအနည်းဆုံးနိုင်ငံအထိ နိုင်ငံများကိုအစဉ်လိုက်စာရင်းပြုစုပါ။
၅။ မည်သည့်နိုင်ငံသည် သောက်သုံးရေရရှိမှုအဆိုးရွားဆုံးနိုင်ငံဖြစ်သနည်း။
၆။ စာတတ်မြောက်မှုအနိမ့်ဆုံးနိုင်ငံသုံးခုကို *စာမျက်နှာ(၆၀)*တွင်ဖော်ပြထားသောမြေပုံတွင်ရှာဖွေပါ။ ထိုနိုင်ငံများသည် – ဆင်းရဲသောနိုင်ငံများသို့မဟုတ်ချမ်းသာသောနိုင်ငံများဖြစ်ပါသလား။ မည်သည့်ကမ္ဘာ့ခြမ်းတွင်တည်ရှိကြပါသည်နည်း။
၇။ မတူသောနိုင်ငံ(၅)နိုင်ငံ၏ကျန်းမာရေးပြုစုစောင့်ရှောက်မှုစရိတ်နှင့်လူ့ပျမ်းမျှသက်တမ်းတို့ကိုနှိုင်းယှဉ်ပါ။ ထိုညွှန်ကိန်းနှစ်ခုအကြားရှိဆက်စပ်မှုကိုသင်သတိပြုမိပါသလား။

ပုံ (၂) ပျမ်းမျှလူ့သက်တမ်းပြဂရပ်




**လေ့ကျင့်ခန်း**
လေ့ကျင့်မှု – ဂရပ်အသုံးပြုခြင်း

အထက်ပါဂရပ်ကိုသုံး၍အောက်ပါမေးခွန်းများကိုဖြေဆိုပါ။
၁။ မည်သည့်နိုင်ငံသည် ပျမ်းမျှလူ့သက်တမ်းအမြင့်ဆုံးနိုင်ငံဖြစ်သနည်း။
၂။ မည်သည့်နိုင်ငံသည် ပျမ်းမျှလူ့သက်တမ်းအနိမ့်ဆုံးနိုင်ငံဖြစ်သနည်း။
၃။ သင့်နိုင်ငံ၏ပျမ်းမျှလူ့သက်တမ်းမှာအဘယ်နည်း။

**ပုံ (၃) သန့်ရှင်းသောသောက်သုံးရေရရှိမှုနှင့်အခြေခံမူလတန်းပညာသင်ကြားမှုစာရင်းပြဂရပ်**




**လေ့ကျင့်ခန်း**
**ကျွမ်းကျင်မှု – ဂရပ်အသုံးပြုခြင်း**

အထက်ဖော်ပြပါဂရပ်ကိုအသုံးပြု၍အောက်ပါမေးခွန်းများကိုဖြေဆိုပါ။ စာမျက်နှာ(၁၁)ရှိဇယားကိုမကြည့်ပါနှင့်။
၁။ မည်သည့်နိုင်ငံတွင်(သို့မဟုတ်နိုင်ငံများတွင်)လူဦးရေ၏၁၀၀%သည် သန့်ရှင်းသောသောက်သုံးရေရရှိသနည်း။
၂။ မည်သည့်နိုင်ငံသည် သောက်သုံးရေရရှိမှုအဆိုးရွားဆုံးဖြစ်သနည်း။ မည်သည့်နိုင်ငံကဒုတိယအဆိုးဆုံးဖြစ်သနည်း။
၃။ မည်သည့်နိုင်ငံတွင်(သို့မဟုတ်နိုင်ငံများတွင်)မူလတန်းအရွယ်ကလေးများအားလုံးကျောင်းပညာသင်ကြားကြသနည်း။
၄။ မည်သည့်နိုင်ငံများတွင် မူလတန်းကျောင်းပညာသင်ကြားမှုစာရင်းသည် (၆၀%)သို့မဟုတ်(၆၀%)အောက်ရှိသနည်း။
၅။ မည်သည့်နိုင်ငံတွင် မူလတန်းကျောင်းပညာသင်ကြားမှုစာရင်းညွှန်ကိန်းနှင့်သန့်ရှင်းသောသောက်သုံးရေရရှိမှုညွှန်ကိန်းတို့အကြားကြီးမားသောကွာခြားမှုရှိသနည်း။

**ဆွေးနွေးခြင်း**
**လေ့ကျင့်မှု – ပိုင်းခြားစိစစ်လေ့လာခြင်း**

၁။ အဘယ်ကြောင့် ဂျီဒီပီနိမ့်ကျသောနိုင်ငံများတွင်ကလေးအသေအပျောက်နှုန်းမြင့်မားသည်ဟုသင်ယူဆပါသနည်း။
၂။ အခြားမည်သည့်အစိတ်အပိုင်းကဏ္ဍများကိုသင်သတိပြုမိပါသနည်း။

**လေ့ကျင့်ခန်း**

ဖွံ့ဖြိုးတိုးတက်မှုပြညွှန်ကိန်းဇယားတွင်မြန်မာနိုင်ငံကိုရှာပါ။ ပေးထားသောသတင်းအချက်အလက်နှင့်ပတ်သက်၍မည်သည့်တို့ကိုသင်သတိပြုမိသနည်း။ သင်သတိပြုမိသောအချက်များကိုစာတစ်ပိုဒ်ရေးသားပါ။

# တတိယနိုင်ငံများ၏အကြွေး




*နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့်ကမ္ဘာ့ဘဏ်တို့ကဆင်းရဲသောနိုင်ငံများကိုငွေချေးငှားသည်။ ပုံတွင်ဆန္ဒပြသူများက – ‘နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(**IMF**) **+** ကမ္ဘာ့ဘဏ်(**World Bank**) **=** ချမ်းသာသူရာဂဏန်းသာရှိပြီးသန်းပေါင်းများစွာဆင်းရဲသွားကြသည်’ ဟူသောစာတမ်းကိုရေးသားထားသောဆိုင်းဘုတ်များကိုကိုင်ဆောင်ထားသည်။*

ဆင်းရဲသောနိုင်ငံများအဘယ်ကြောင့်ပို၍ဆင်းရဲလာကြသနည်း။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ကြွေးမြီအများအပြားတင်ရှိကြပြီး သူတို့တင်ရှိသောထိုကြွေးမြီးများမှာလည်းလျင်မြန်စွာမြင့်တက်လျက်ရှိသည်။ ၁၉၇၀ကုန်ခါနီးနှစ်များတွင် ချမ်းသာသောနိုင်ငံများမှဘဏ်များသည် ဆင်းရဲသောနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအတွက် ငွေများထုတ်ချေးကြသည်။ ယခုအခါ ထိုဆင်းရဲသောနိုင်ငံများသည် ထိုချေးငွေများကိုအတိုးနှုန်းမြင့်မားစွာဖြင့် ပြန်လည်ပေးဆပ်ရသည်။ သင်ငွေအမြောက်အများချေးငှားလေလေ အတိုးနှုန်းအမြောက်အများပေးဆပ်ရလေလေဖြစ်၍ အကြွေးပြန်လည်ပေးဆပ်ရန်အချိန်ကြာမြင့်လေလေ အတိုးနှုန်းမြင့်လာလေလေဖြစ်သည်။
ထို့ကြောင့် အကြွေးများပြန်လည်ပေးဆပ်နိုင်ရေးသည် ထိုဆင်းရဲသောနိုင်ငံများအတွက် ကြီးမားသောပြဿနာတစ်ခုဖြစ်လာခဲ့၍ ထိုနိုင်ငံများရှိပြည်သူလူထုကိုပါဒုက္ခရောက်စေသည်။

ဥပမာ – အာဖရိကတိုက်တောင်ပိုင်းဆာဟာရသဲကန္တာရအတွင်းရှိနိုင်ငံများ(**sub-saharan countries**) သည် တစ်နှစ်လျှင် ကြွေးမြီအမေရိကန်ဒေါ်လာ (၁၀)ဘီလီလျံပေးဆပ်နေရသည်။ ဤငွေကြေးပမာဏသည် ဒေသအတွင်းရှိထိုနိုင်ငံများ၏ ကျန်းမာရေးစောက်ရှောက်မှုနှင့်ပညာရေးအသုံးစရိတ်ထက်‘လေးဆ’ပိုများသည်။ ၎င်းနိုင်ငံများ၏စီးပွားရေးများမှရရှိသောဝင်ငွေများနှင့်ချမ်းသာသောနိုင်ငံများမှနေ၍တင်ရှိသောအကြွေးများကိုသာပေးဆပ်နေကြရသည်။ ၎င်းကဲ့သို့ပေးဆပ်နေရခြင်းကြောင်း ထိုဆင်းရဲသောနိုင်ငံများ၏အစိုးရများသည် ပြည်သူလူထုအတွက်အသုံးပြုသော ကျန်းမာရေးနှင့်ပညာရေးအသုံးများကို မကြာခဏဆိုသလိုပင် ဖြတ်တောက်ပစ်ကြသည်။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ဖတ်သား၍နားလည်သဘောပေါက်နိုင်ခြင်း**

၁။ ‘တတိယနိုင်ငံများ၏အကြွေး’ဆိုသည်မှာအဘယ်နည်း။
၂။ အဘယ်ကြောင့် ‘ကြွေးမြီ’များတိုးသည်ထက်တိုးလာသနည်း။
၃။ ကြွေမြီးများက‘ဆင်းရဲသော’နိုင်ငံများရှိလူများ၏ဘဝကို မည်ကဲ့သို့ထိခိုက်စေသနည်း။

**ဆွေးနွေးခြင်း**

ဆင်းရဲသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးများအတွက် ငွေကြေးချေးငှားသောအခါ သူတို့၏စီးပွားရေးတိုးတက်လာမည်ဟုမျှော်လင့်ခဲ့ကြသည်။ သို့သော် အဘယ်ကြောင့်ငှင်းစီမံကိန်းကြီးများသည် ထိုနိုင်ငံများ၏စီးပွားရေးကို – ကူညီပံ့ပိုးမပေးနိုင်ခဲ့ဟု သင်ယူဆပါသနည်း။

## အကြောင်းအရာလေ့လာခြင်း

**အသီးအနှံများမှာ မည်သူတို့အတွက်ဖြစ်သနည်း။**

မီဂေးလ်နှင့်ရှိဆာတို့သည် 'မာယမ်အင်ဒီယန်' (Mayan)လူမျိုးများဖြစ်ကြ၍ တောင်ပေါ်ဒေသများတွင်နေထိုင်ကြသည်။ သူတို့တွင်သားသမီး(၅)ယောက်ရှိသည်။ ထွန်ယက်စိုက်ပျိုးရန်မြေအနည်းငယ်ပိုင်ဆိုင်သော်လည်း သူတို့၏မိသားစုစားသောက်ရန်အတွက်လုံလောက်သောဝင်ငွေမရရှိပေ။ ထိုကြောင့် မီဂေးလ်၊ ရှိဆာနှင့်သူတို့သားသမီးများသည်လယ်ယာမြေကြီးများတွင်အလုပ်လုပ်ကိုင်နိုင်ရန် နှစ်စဉ်နှစ်တိုင်း မြောက်ပိုင်းသို့သွားလာရသည်။ မြောက်ပိုင်းရှိလယ်မြေများမှာလယ်ယာစိုက်ပျိုးရန်အတွက်ကောင်းမွန်ကြသည်။ ထိုလယ်မြေအများစုကို ချမ်းသာသောလူနည်းစုမြေပိုင်ရှင်များကပိုင်ဆိုင်ကြသည်။ ကော်ဖီ၊ ကြံနှင့်ဝါဂွမ်းတို့ကိုစိုက်ပျိုးကြ၍ ၎င်းတို့ကို 'စီးပွားဖြစ်စိုက်ပျိုးသောသီးနှံများ' (cash crops) ဟုခေါ်သည်။ အဘယ်ကြောင့်ဆိုသော် မြေရှင်ကြီးများက ထိုသီးနှံများကို ဝင်ငွေအတွက်သာရောင်းချကြသောကြောင့်ဖြစ်သည်။ မြေပိုင်ရှင်ကြီးများသည် ထိုလယ်မြေများပေါ်တွင် နွားမွေးမြူရေးကိုလည်းလုပ်ကိုင်ကြသည်။ 'စီးပွားဖြစ်စိုက်ပျိုးသောသီးနှံများ' နှင့်အမဲသားများကို ပြည်ပသို့တင်ပို့ရောင်းချကြသည်။ ၎င်းတို့ကို အမေရိကန်နှင့်ကနေဒါနိုင်ငံများကဲ့သို့အခြားနိုင်ငံများသို့တင်ပို့ရောင်းချသည်။

မီဂေးလ်နှင့်ရှိဆာတို့သည် လယ်ကွင်းတစ်ခုတွင် လုပ်ကိုင်၍ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ(၁)ဒေါ်လာရရှိသည်။ သူတို့၏သားသမီးများပါလုပ်ကိုင်ကြသော်လည်းဝင်ငွေမရရှိပေ။ မြေပိုင်ရှင်ကြီးများက အလုပ်သမားများကိုငွေကြေးပိုမိုမပေးလိုကြပေ။ လွန်ခဲ့သောနှစ်အနည်းငယ်က လယ်အလုပ်သမားများစုပေါင်း၍ သမဂ္ဂတစ်ခုဖွဲ့စည်းခဲ့ကြသည်။

ထိုအလုပ်သမားများက လယ်ယာမြေကြီးများတွင် စတင်သပိတ်မှောက်ဆန္ဒပြကြသည်။ အစားအစာလုံလောက်စွာဝယ်ယူနိုင်ရန် လုပ်ခငွေပိုတိုးပေးရန်တောင်းဆိုကြသည်။ လယ်ယာမြေများကို မျှတစွာဝယ်ငှပေးရန်လည်း တောင်းဆိုကြသည်။ မြေပိုင်ရှင်များက ဆန္ဒပြနေသောလယ်ယာမြေအလုပ်သမားများကို နှိမ်နင်းရန် ပုလိပ်များကိုစေလွှတ်သည်။ အစိုးရကလည်း ပုလိပ်များကိုကူညီရန်စစ်တပ်ကိုစေလွှတ်သည်။ အလုပ်သမားအမြောက်အများ ထိခိုက်ဒဏ်ရာရရှိကြသည်။ အချို့မှာအသက်ဆုံးရှုံးခဲ့ရ၍ အချို့မှာထောင်ချခံခဲ့ရသည်။ သို့ရာတွင် ဤကဲ့သို့နှိမ်နင်းခြင်းခံရသော်လည်း အလုပ်သမားများ၏ အခွင့်အရေးများကို အလုပ်သမားသမဂ္ဂမှမြှင့်တင်ပေးနိုင်ခဲ့သည်။ အစိုးရက အနိမ့်ဆုံးလုပ်ခလစာကို တိုးမြှင့်ပေးခဲ့သည်။ သို့သော်လည်း များစွာသောမြေပိုင်ရှင်ကြီးများသည် ထိုအနိမ့်ဆုံးလုပ်ခလစာကိုပင် မပေးလိုကြပေ။

## လေ့ကျင့်ခန်း
### လေ့ကျင့်မှု – ဖတ်သား၍နားလည်သဘောပေါက်နိုင်ခြင်း

၁။ အောက်တွင်ပေးထားသောစာလုံးများ၏အဓိပ္ပါယ်ကိုစဉ်းစားပြီး ကွက်လပ်တွင်ဖြည့်ပါ။
**စီးပွားဖြစ်စိုက်ပျိုးသောသီးနှံများ၊ သမဂ္ဂ၊ အနိမ့်ဆုံးလုပ်ခလစာ၊ ဆန္ဒပြသပိတ်မှောက်ခြင်း**

**က)**။ မိသားစုစားသုံးရန်အတွက်ဆန်စပါးစိုက်ပျိုးမည့်အစား ရောင်းချ၍ဝင်ငွေရရှိရန် ______ ကိုလယ်သမားများစိုက်ပျိုးကြသည်။

**ခ)**။ နိုင်ငံအများစုတွင် အလုပ်သမားအခွင့်အရေးများအတွက်တိုက်ခိုက်ရန်နှင့်၎င်းတို့ကိုကာကွယ်ရန်အတွက်အလုပ်သမား ______ များကိုဖွဲ့စည်းကြသည်။

**ဂ)**။ နိုင်ငံများ၏အစိုးရများသည် အလုပ်ရှင်များက သူတို့၏အလုပ်သမားများအား______ ပေးဆောင်ရန်ပြဋ္ဌာန်းပေးသည်။ သတ်မှတ်ထားသည်ထက်လျော့၍ လုပ်ခပေးလျှင် ဥပဒေချိုးဖောက်သည်ဟုယူဆသည်။

**ဃ)**။ အလုပ်သမားများသည် အလုပ်ခွင်အခြေအနေတိုးတက်စေလိုသည့်အခါသို့မဟုတ်လစာဝင်ငွေတိုးစေလိုသည့်အခါ ______ပြုလုပ်ကြသည်။ သူတို့၏တောင်းဆိုမှုများကို အလုပ်ရှင်များကမလိုက်လျောလျှင် အလုပ်မလုပ်ကြပေ။

၂။ မီဂေးလ်နှင့်ရှိဆာတို့ မည်ကဲ့သို့အသက်မွေးကျောင်းပြုကြသနည်း။
၃။ အလုပ်သမားသမဂ္ဂများသည် မည်သည်တို့အတွက်တိုက်ပွဲဝင်သနည်း။
၄။ မြေပိုင်ရှင်ကြီးများသည် သူတို့၏လယ်မြေများကို မည်ကဲ့သို့အသုံးချကြသနည်း။

**ဆွေးနွေးခြင်း**
**လေ့ကျင့်မှု – ပြဿနာဖြေရှင်းခြင်း**

၁။ မည်သည့်နိုင်ငံတွင် မီဂေးလ်နှင့်ရှိဆာတို့နေထိုင်သည်ဟု သင်ထင်ပါသနည်း။
၂။ သူတို့နေထိုင်သောနိုင်ငံသည် 'ဆင်းရဲသောနိုင်ငံများ' ထဲမှတစ်နိုင်ငံသို့မဟုတ် 'ချမ်းသာသောနိုင်ငံများ' ထဲမှတစ်နိုင်ငံ–ဖြစ်သည်ဟု သင်ထင်ပါသလား။ ကမ္ဘာ၏မည်သည့်ဘက်အခြမ်းတွင်တည်ရှိသနည်း။
၃။ မည်ကဲ့သို့သောပြဿနာများကို ထိုနိုင်ငံရှိပြည်သူများရင်ဆိုင်နေရသနည်း။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – ပြဿနာဖြေရှင်းခြင်း**

အတန်းထဲတွင် မီဂေးလ်နှင့်ရှိဆာတို့၏အဖြစ်အပျက်ကိုဆွေးနွေးပါ။ မီဂေးလ်နှင့်ရှိဆာတို့မိသားစုကဲ့သို့သောမိသားစုများကို အကူအညီပေးနိုင်ရန်မည်သည်တို့ကိုပြုလုပ်သင့်သနည်း။

**လေ့ကျင့်ခန်း**

၁။ ယခုလက်ရှိသင့်ဘဝနှင့်သင်၏အဘိုးအဘွားတို့၏ဘဝ မည်ကဲ့သို့ကွားခြားသည်ကိုဖော်ပြပါ။
၂။ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းကိုရေးပါ။ ဖွံ့ဖြိုးတိုးတက်မှုကိုသင်မည်ကဲ့သို့နားလည်သနည်း။ သင်စဉ်းစားတွေးတော၍ရသမျှကိုရေးချပါ။ သင်ကြိုက်နှစ်သက်ရာဘာသာစကားဖြင့်ရေးသားနိုင်သည်။

# အခန်း (၂)
# သမိုင်းဘာသာရပ်

**သမိုင်းဘာသာရပ်၏သဘောတရားများ (concepts)**

၁။ 'သမိုင်း' ဆိုသည်မှာအဘယ်နည်း။
၂။ သမိုင်းဆိုင်ရာအချက်အလက်အရင်းအမြစ်များ (Historical Sources)
၃။ သမိုင်းကိုလေ့လာရာတွင်မည်သည်တို့ပါဝင်သနည်း။
၄။ အချိန်ပိုင်းခြားသတ်မှတ်ခြင်း (အေဒီ၊ ဘီစီ)
၅။ သမိုင်းအဖြစ်အပျက်များဆိုင်ရာအချိန်ပြမျဉ်းများရေးဆွဲခြင်း (Timelines)

**လက်တွေ့ပြုလုပ်သောလေ့ကျင့်မှု (skills practiced)**

၁။ ဖတ်သား၍နားလည်သဘောပေါက်ခြင်း
၂။ စိတ်ကူးမြေပုံရေးဆွဲခြင်း (mind map)
၃။ သမိုင်းအဖြစ်အပျက်များဆိုင်ရာအချိန်ပြမျဉ်းရေးဆွဲခြင်း
၄။ အစီအစဉ်ရေးဆွဲခြင်းစသည်တို့ကိုပါဝင်သည်။

ဤအခန်းကိုလေ့လာပြီးနောက်ကျောင်းသူ/သားများသည်

၁။ သမိုင်းဘာသာရပ်၏အခြေခံအကြောင်းအရာများကိုသိရှိနားလည်ခြင်း၊

၂။ အထောက်အထားများရရှိရန်သမိုင်းဆိုင်ရာအချက်အလက်အရင်းအမြစ်များကိုလေ့လာခြင်း၏အရေးပါပုံကို နားလည်ခြင်းနှင့်၎င်းအချက်အလက်အရင်းအမြစ်များပြောဆိုသောအဖြစ်အပျက်များ၏အကြောင်းအရာများ ကိုသဘောပေါက်နားလည်ခြင်း၊

၃။ သမိုင်းလေ့လာရာ၌သမိုင်းရှုထောင့်များ(အချက်အလက်အရင်းအမြစ်များကိုကြည့်ရှုခြင်း၊ ၎င်းတို့ကိုသုံးသပ်ခြင်း၊ အဓိပ္ပါယ်ပြန်ဆိုခြင်း)ကိုဖော်ထုတ်နိုင်ခြင်းနှင့်၎င်းတို့၏ဆိုလိုချက်များကိုနားလည်သဘောပေါက်ခြင်း၊

၄။ အေဒီ(AD)/(CE)နှင့်ဘီစီ(BC)/(BCE)တို့အကြားကွဲပြားခြားနားမှုကိုပြောဆိုနိုင်ခြင်း၊

၅။ အေဒီ(AD)နှင့်ဘီစီ(BC)ခေတ် နှစ်ခေတ်ရှိခုနှစ်များကိုတွက်ချက်နိုင်ခြင်းနှင့်အေဒီ(AD)မတိုင်မီနှင့်နောက်ပိုင်း ရာစုများကိုရာစုနှစ်များသတ်မှတ်နိုင်ခြင်း၊

၆။ သမိုင်းအဖြစ်အပျက်ဆိုင်ရာအချိန်ပြမျဉ်းများကိုဖတ်ရှုနိုင်ခြင်းနှင့်ကိုယ်တိုင်ရေးဆွဲနိုင်ခြင်း၊

၇။ စိတ်ကူးမြေပုံ(mind-map)များကိုရေးဆွဲအသုံးပြုနိုင်ခြင်းတို့ကိုရရှိလာပေမည်။

## ၂ (က)။ သမိုင်းဆိုသည်မှာအဘယ်နည်း။

**သမိုင်းဆိုသည်မှာ – လူတို့ပြုလုပ်ခဲ့သမျှအရာအားလုံးနှင့်ဖြစ်ပျက်ခဲ့သမျှအရာခမ်းသိမ်းတို့ဖြစ်သည်။**

**အဓိကဝေါဟာရများ**

မွေးစာရင်း (brith certificate) ဖြစ်ပျက်စေသောအကြောင်းတရား (cause) ရာစုနှစ် (century) သဲလွန်စ (clue) စုံထောက် (detective) စာရွက်စာတမ်း၊ မှတ်တမ်းမှတ်ရာ (document) အကဲဖြတ်သည်၊ သုံးသပ်သည် (evaluate) အဖြစ်အပျက်များ (events) သမိုင်းပညာရှင် (historian) ဘာသာပြန်သည် (interpret) သက်ရောက်မှု (impact) အရင်းအမြစ်များ (sources) သက်သေ (witness)

**သမိုင်းသည် –**

က) လူသားအားလုံးသို့မဟုတ်တိုင်းပြည်နိုင်ငံများအပေါ်တွင်ကြီးမားသောအကျိုးသက်ရောက်မှုရှိသောအရေးပါသောအဖြစ်အပျက်များဖြစ်သည်။ ဒုတိယကမ္ဘာစစ်နှင့်ရုရှားတော်လှန်ရေးတို့သည် ဥပမာများဖြစ်သည်။

**ပိုင်းဝန်းအဖြေရှာခြင်း**

ကမ္ဘာကြီးသို့မဟုတ်သင့်နိုင်ငံအပေါ်အကျိုးသက်ရောက်ခဲ့သောအဖြစ်အပျက်များကိုရေးသားပြုစုပါ။

**သမိုင်းသည် –**

ခ) ကမ္ဘာတစ်ဝှမ်းရှိလူတို့၏ဘဝကိုလွှမ်းမိုးသက်ရောက်ခဲ့သောရှာဖွေတွေ့ရှိမှုများ၊ တိုးတက်ဖွံ့ဖြိုးမှုများနှင့်ပြောင်းလဲမှုများ ဖြစ်သည်။ ဥပမာ – ဘီး(wheel)ကိုတီထွင်တွေ့ရှိခြင်းနှင့်စက်မှုတော်လှန်ရေး။

**ပိုင်းဝန်းအဖြေရှာခြင်း** လူတို့၏ဘဝများကိုပြောင်းလဲစေခဲ့သော ရှာဖွေတွေ့ရှိမှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပြောင်းလဲမှုများကိုရေး

သားပြုစုပါ။

**သမိုင်းတွင် –**

ဂ) သမိုင်းဆိုင်ရာအဖြစ်အပျက်များအပေါ်တစ်နည်းနည်းနှင့်လွှမ်းမိုးမှုရှိသောကျော်ကြားသောလူပုဂ္ဂိုလ်များလည်းရှိသည်။ ထိုပုဂ္ဂိုလ်များသည် ကမ္ဘာတစ်ဝှမ်းတွင်သို့မဟုတ်နိုင်ငံတစ်နိုင်ငံတွင် အမြဲတမ်းသတိတရရှိနေတတ်ကြသောခေါင်းဆောင်များသို့မဟုတ်တီထွင်ဆန်းသစ်သူများဖြစ်သည်။ အချို့သောပုဂ္ဂိုလ်များကို သူတို့၏ကောင်းမွန်သော လုပ်ရပ်များကြောင့် ၄င်းတို့ကိုသတိတရရှိကြပြီး အချို့ကိုမူ သူတို့၏ရက်စက်ဆိုးရွားသောလုပ်ရပ်များကြောင့် သတိရကြသည်။ ဥပမာ – ဗြိတိသျှတို့၏လက်အောက်မှအိန္ဒိယနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် အကြမ်းမဖက်ငြိမ်းချမ်းသည့်နည်းဖြင့်တိုက်ပွဲခဲ့သည့်အတွက် မဟတ္တမဂန္ဒီအားအောက်မေ့သတိရကြသည်။ အဒေါ့ဖ်ဟစ်တလာအားမူ လူသန်းပေါင်းများစွာကိုသတ်ဖြတ်ခဲ့သောအာဏာရှင်အဖြစ် အမှတ်ရကြသည်။



E= $mc^2$ ကိုရှာဖွေတွေ့ရှိခဲ့သသော
**အယ်လဘာဒ်အိုင်စတိုင်း** Albert Einstein



ပလိုနီယမ်(polonium)နှင့် ရေဒီယံသတ္တု (radium elements) များအားရှာဖွေတွေ့ရှိခဲ့သော**မာရီကျူရီ** Marie Curie



အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးလှုပ်ရှားမှုခေါင်းဆောင်
**မဟတ္တမဂန္ဒီ** Mahatma Gandhi



အီရတ်နိုင်ငံ၏လူမှုအသိုင်းအဝိုင်းပြဿနာများကိုရေးသားခဲ့သောအီရတ်သူကဗျာဆရာမ**ဖရူခ်ဖာရာဇိုင်း**
Forough Farrokhzad

**ဝိုင်းဝန်းအဖြေရှာခြင်း** သမိုင်းဆိုင်ရာအဖြစ်အပျက်များကိုပြောင်းလဲလွှမ်းမိုးခဲ့သောကျော်ကြားသောလူပုဂ္ဂိုလ်အချို့၏နာမည်များကိုရေးသားပြုစုပါ။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ခြင်း**

သင်တို့၏ဘဝကိုသက်ရောက်လွှမ်းမိုးခဲ့သော အဖြစ်အပျက်များ၊ တိုးတက်ပြောင်းလဲမှုများနှင့်လူပုဂ္ဂိုလ်များအကြောင်းကို အုပ်စုများခွဲ၍ဆွေးနွေးပြီး ထိုတစ်ခုစီသို့မဟုတ်ပုဂ္ဂိုလ်တစ်ယောက်စီ၏ အပြုလက္ခဏာဆောင်သော ဥပမာနှင့် အပျက်သဘောဆောင်ဥပမာတစ်ခုစီပေးပါ။ သင်၏အဖြေများကိုအောက်ပါဇယားတွင်ထည့်သွင်းရေးသားပါ။

| | အဖြစ်အပျက်များ | တိုးတက်မှု၊ ပြောင်းလဲမှု၊ ရှာဖွေတွေ့ရှိမှု | ကျော်ကြားသော လူပုဂ္ဂိုလ်များ |
|---|---|---|---|
| အကောင်းလက္ခဏာဆောင်သော သက်ရောက်မှု | | | |
| အဆိုးလက္ခဏာဆောင်သော သက်ရောက်မှု | | | |
| အကောင်းနှင့်အဆိုးလက္ခဏာ ဆောင်သောသက်ရောက်မှု | | | |

**ဆွေးနွေးခြင်း**
**လေ့ကျင့်မှု – စိတ်ကူးတွေးဆခြင်း**

သမိုင်းသည် သင်နှင့်သင့်ပတ်ဝန်းကျင်လူများကဲ့သို့ သာမန်လူများ၏အကြောင်းသာလျှင်လည်းဖြစ်နိုင်သည်။ အကယ်၍ – သမိုင်းပညာရှင်တစ်ယောက်က သင့်၏ဘဝကိုလေ့လာလျှင် သင်၏အကြောင်းကိုသူမည်ကဲ့သို့ဖော်ပြမည်နည်း။

# ၂ (ခ)။ သမိုင်းဆိုင်ရာအချက်အလက်အရင်းအမြစ်များ

အဖြစ်အပျက်အားလုံးတွင် ဖြစ်ပျက်ရသည့်နောက်ခံအကြောင်းအရင်းများရှိသည်ဟု သမိုင်းပညာရှင်များကလက်ခံယုံကြည် ကြသည်။ သမိုင်းတွင် အဖြစ်အပျက်တစ်ခုသည် အခြားအဖြစ်အပျက်တစ်ခုဖြစ်ပျက်ရန်ဖန်တီးနိုင်သည်။ ဥပမာ –အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှုဖြစ်သည်။ မြောက်များလှစွာသောအိန္ဒိယပြည်သူတို့သည် ဗြိတိသျှအစိုးရ၏ကိုလိုနီအုပ်ချုပ်ရေးစနစ်ကိုမနှစ်မြို့ကြပေ။ ဤမနှစ်မြို့မှုသည်ပင်လျှင် အိန္ဒိယနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု၏အကြောင်းအရာတစ်ခုဖြစ်ခဲ့သည်။

သမိုင်းပညာရှင်များသည် အဖြစ်အပျက်များကိုပြောပြသော စာရွက်စာတမ်းများ၊ မှတ်တမ်းများနှင့်ကမ္ဘည်းမော်ကွန်းများကဲ့သို့သောအရင်းအမြစ်များကိုလေ့လာကြသည်။ သမိုင်းပညာရှင်များသည် သဲလွန်စရရှိရန်ရှာဖွေနေသော စုံထောက်များနှင့်တူသည်။ သဲလွန်စများကိုရှာဖွေတွေ့ရှိသောအခါ ၎င်းသဲလွန်စများကိုယှဉ်တွဲကြည့်၍ ထိုသဲလွန်စများကို လေ့လာဘာသာပြန်ဆိုကြသည်။ သဲလွန်စများ၏အဓိပ္ပါယ်ကိုနားလည်နိုင်အောင်ရှာဖွေကြသည်။ 'အဘယ်ကြောင့်ဤအရာများဤကဲ့သို့ဖြစ်ပျက်ခဲ့သည်' စသည့်မေးခွန်းများကို ဖော်ထုတ်နိုင်အောင်ကြိုးစားကြသည်။ ထိုကြောင့်အနာဂတ်တွင် မည်သည်တို့ဖြစ်ပျက်လိမ့်မည်ဆိုသည်ကိုလည်းသူတို့နားလည်နိုင်ကြသည်။

**ဝိုင်းဝန်းအဖြေရှာခြင်း**
**လေ့ကျင့်မှု – အကြောင်းတရားနှင့်အကျိုးတရားဖော်ထုတ်ခြင်း**

သမိုင်းအဖြစ်အပျက်တစ်ခုကိုစဉ်းစားပါ။ မည်သည့်အကြောင်းတရားများကြောင့်ဤအဖြစ်အပျက်ခဲ့သနည်း။

သမိုင်းပညာရှင်များ၏အလုပ်ကိုသုံးပိုင်းခွဲထားသည်။

**ပထမဦးစွာ သမိုင်းပညာရှင်များသည် ၄င်းတို့လေ့လာနေသောအဖြစ်အပျက်၏အရင်းအမြစ်များကိုရှာဖွေကြသည်။** သူတို့သည် သတင်းစာများ၊ စာတမ်းများ၊ အစိုးရ၏မှတ်တမ်း၊ ရပ်ရွာမှတ်တမ်းများ၊ စာအုပ်စာပေများနှင့်နိုင်ငံရေးဆိုင်ရာ စာရွက်စာတမ်းများတွင်၄င်းတို့အလိုရှိသောသဲလွန်စများကိုရှာဖွေကြသည်။ အချို့သဲလွန်စ၊ မှတ်တမ်းအထောက်အထား များမှာ ရေးသားထားခြင်းမရှိချေ။ အဆောက်အဦးများ၊ လမ်းများ၊ ဓါတ်ပုံများနှင့်ပရိဘောဂများ၌လည်း ရှေးယခင်ကအဖြစ် အပျက်များ၏သဲလွန်စများကိုတွေ့နိုင်သည်။ သမိုင်းပညာရှင်များသည် လူများနှင့်စကားစမြည်ပြောဆိုဆွေးနွေး၍လည်း သဲလွန်စများကိုရှာဖွေသည်။ လူသည် အလွန်အရေးပါသောသဲလွန်စအရင်းအမြစ်တစ်ခုဖြစ်သည်။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – အချက်အလက်များလက်တွေ့အသုံးချခြင်း**

အုပ်စုများခွဲ၍ သင်တို့လေ့လာလိုသောသမိုင်းအဖြစ်အပျက်တစ်ခုကိုရွေးပါ။

- မည်သည့်အချိန်ကထိုအဖြစ်အပျက်ဖြစ်ပွားခဲ့သနည်း။
- ဤအဖြစ်အပျက်အတွက်သတင်းအချက်အလက်များကိုမည်သည့်နေရာတွင်သင်ရှာဖွေမည်နည်း။
- မည်သည့်အရင်းအမြစ်အထောက်အထားများကိုသင်အသုံးပြုမည်နည်း။

အမျိုးမျိုးသောအရင်းအမြစ်အထောက်အထားများကို သင်အသုံးပြုကြောင်းသေချာပါစေ။

**ဒုတိယအားဖြင့် သမိုင်းပညာရှင်တို့သည် ရရှိသောအရင်းအမြစ်အထောက်အထားများကိုလေ့လာစစ်ဆေး၍ ထို အထောက်အထားများ ခိုင်မာသည်၊ မခိုင်မာသည်ကိုဆုံးဖြတ်ပြီး ၄င်းတို့နှင့်ပတ်သက်၍ နောက်ဆုံး သုံးသပ်အကဲဖြတ်ကြ သည်။** ဥပမာ – 'ဤစာကို (၁၉၄၈)ခုနှစ်ကအမှန်တကယ်ရေးသားခဲ့သလောသို့မဟုတ်၄င်းနောက်ဆယ်နှစ်တာကြာသော အချိန်မှရေးသားခဲ့သလော'၊ 'ဤမိန်းမကြီးသည် သူမ၏အဘိုးအသတ်ခံခဲ့ရသောနေ့ရက်ကိုမှတ်မိသလော၊ သူမသေအချာ သိသလော'စသည်ဖြင့်သည်။ သမိုင်းပညာရှင်များတစ်ယောက်အနေဖြင့် ဤသတင်းအချက်အလက်များ မှန်ကန်ကြောင်း သေချာအောင်စစ်ဆေးရသည်။

**ဆွေးနွေးခြင်း**

- သင်၏အရင်းအမြစ်အထောက်အထားများခိုင်မာကြောင်းသို့မဟုတ်မခိုင်မာကြောင်းကို သင်မည်ကဲ့သို့ဆုံးဖြတ်နိုင်သနည်း။
- သင်၏သဲလွန်စအထောက်အထားများမှရရှိသောသတင်းအချက်အလက်များအမှန်ဖြစ်ကြောင်းကို သင်မည်ကဲ့သို့အကဲဖြတ်အဆုံးအဖြတ်ပေးနိုင်သနည်း။
- သတင်းအချက်အလက်များမှန်ကန်ကြောင်းသေချာစေရန် သင်မည်ကဲ့သို့စီစစ်စစ်ဆေးနိုင်သနည်း။

**တတိယအနေဖြင့် သမိုင်းပညာရှင်များသည် သဲလွန်စများကို 'ဘာသာပြန်'ဆို၍ ထိုသဲလွန်စများ၏ဆိုလိုချက်များကိုဆုံး ဖြတ်ကြသည်။** ပညာရှင်များသည် မတူညီသောအရင်းအမြစ်များမှအထောက်အထားသဲလွန်စများကို အတူတူယှဉ်တွဲနှိုင်း ယှဉ်ကြည့်ကြသည်။ သူတို့သည် အရင်းဇာစ်မြစ်များကို ရှာဖွေရာနှင့်သုံးသပ်ရာတွင် အလွန်ကျွမ်းကျင်ရမည်။ သမိုင်းပညာ ရှင်တစ်ယောက်သည် အတိတ်ကလူတို့၏ဘဝများကိုစိတ်ကူးပုံဖော်ကြည့်ရန်လိုသည်။ အဘယ်ကြောင့်လူများဤကဲ့သို့ပြု မူ၍ ဤကဲ့သို့နေထိုင်ခဲ့ကြသည် စသည့်အတိတ်ကလူများ၏အကြောင်းကိုနားလည်ရန်လိုအပ်သည်။

တခါတရံ သမိုင်းတွင် မေးခွန်းများအားလုံးအတွက် တိကျမှန်ကန်သော၊ ရှင်းလင်းသောအဖြေများမရှိပေ။ မတူညီ သောသမိုင်းပညာရှင်များတွင် မတူညီသောအဖြစ်အပျက်ဆိုင်ရာအနက်အဓိပ္ပါယ်ပြန်ဆိုချက်များရှိသည်။ ၄င်းသည်သူတို့ လေ့လာခဲ့သော အရင်းဇာစ်မြစ်များအပေါ်တွင်မူတည်သည်။ သူတို့သည် သစ်ဆန်း၍ကွဲပြားသောအထောက်အထားများ ကို အမြဲတမ်းရှာဖွေတွေ့ရှိကြသည်။ ဤအထောက်အထားအသစ်များက အချက်အလက်အသစ်များကိုပေး၍ အတိတ်က အဖြစ်အပျက်များ၏အနက်အဓိပ္ပါယ်များကိုပြောင်းလဲပစ်တတ်ကြသည်။ ထို့အတူသမိုင်းပညာရှင်နှစ်ဦးသည်အဖြစ်အပျက် တစ်ခု၏ သဲလွန်စအထောက်အထားတစ်ခုတည်းကို ကြည့်ရှုလေ့လာ၍ ထိုအဖြစ်အပျက်နှင့်ပက်သတ်၍ မတူညီသောအ နက် အဓိပ္ပါယ်ပြန်ဆိုခြင်းများလည်းရှိသည်။

သမိုင်းသည်အမြဲတမ်းဖြစ်ပျက်ပြောင်းလဲနေသည်။ ယမန်နေ့ကဖြစ်ပျက်ခဲ့သောအကြောင်းအရာသည်ယနေ့ဖြစ်ပျက်သောအကြောင်းအရာပေါ်တွင်အကျိုးသက်ရောက်မှုရှိနိုင်သည်။ ကျွန်ုပ်တို့သမိုင်းကိုလေ့လာသောအခါတွင် အဖြစ်အပျက်များဖြစ်ပွားရသောအကြောင်းအရာများစွာရှိသည်ကို မှတ်သားရပေမည်။ ကျွန်ုပ်သမိုင်းကိုလေ့လာခြင်းအားဖြင့်အဖြစ်အပျက်များကိုအနက်အဓိပ္ပါယ်ဘာသာပြန်ဆို၍ အဘယ်ကြောင့်ဤအရာများဖြစ်ပျက်ခဲ့သည်ကိုဆုံးဖြတ်ပေးနိုင်သည်။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ဖတ်သား၍နားလည်သဘောပေါက်နိုင်ခြင်း**

သူတော်တော်တစ်ကိုယ်ကောင်း ဆန်တယ်၊ ချမ်းသာပြီးအာဏာလိုချင်တယ်၊ ဒီသတင်းစာ ဆောင်းပါးမှာဘဲကြည့်ပါလား...

မဟုတ်ဘူး၊ မင်းမှားနေတယ်၊သူကသူ့လူမျိုးကိုကူညီပေး ချင်တာ၊ သူ့အမေဆီကိုရေးတဲ့စာထဲမှာသူရေးထားတာ ကြည့်ပါလား...

အမှန်ဆုံးအဖြေကိုရွေးချယ်ပါ။

၁။ သမိုင်းပညာရှင်တစ်ယောက်၏အလုပ်သည် –
- က) အမည်များ၊ နေ့စွဲများနှင့်အဖြစ်အပျက်များကိုသိရှိရန်
- ခ) အဖြစ်အပျက်များနှင့်၄င်းတို့ကိုဖြစ်ပွားစေသောအကြောင်းအရာများကိုဘာသာပြန်ဆိုရန်
- ဂ) အတိတ်ကာလတွင်လူများမည်ကဲ့သို့နေထိုင်ခဲ့သည်ကိုစိတ်ကူးပုံဖော်ကြည့်ရန်
- ဃ) အထက်တွင်ဖော်ပြထားသောအဖြေအားလုံးဖြစ်သည်။

၂။ အတိတ်နဲ့ပတ်သက်သောသတင်းအချက်အလက်များ၏ဇာစ်မြစ်များကို/သည် –
- က) အားလုံးလေ့လာပြီးဆုံးသွားပြီ။
- ခ) များသောအားဖြင့်အသုံးဝင်သည်။
- ဂ) များသောအားဖြင့်အသုံးမဝင်ပေ။
- ဃ) အမြဲတမ်းဆန်းစစ်ရန်လိုအပ်သည်။

၃။ လူတစ်ယောက်က(၁၉၃၀)ခုနှစ်တွင် သူ့ကိုမွေးဖွားသည်ဟုဆိုသည်။ သို့သော်သူ၏မွေးစာရင်းတွင်(၁၉၃၅)ဟုဆိုထားသည်။ သမိုင်းပညာရှင်တစ်ယောက်အနေဖြင့် –
- က) ထိုလူပြောသည်ကိုယုံကြည်သင့်သည်။
- ခ) မွေးစာရင်းကိုယုံကြည်သင့်သည်။
- ဂ) အဘယ်ကြောင့်ထိုလူလိမ်ရသည်ကို ရှာဖွေသင့်သည်။
- ဃ) အဘယ်ကြောင့်ခုနှစ်များလွဲချော်နေသည်ကို စုံစမ်းသင့်သည်။

၄။ အဖြစ်အပျက်အားလုံးတွင်/ကို/သည် –
- က) အတိတ်ကအဖြစ်အပျက်(နောက်ခံသမိုင်း)ကြောင့်ဖြစ်ပျက်သည်။
- ခ) နောက်တစ်ကြိမ်ထပ်မံဖြစ်ပျက်မည်။
- ဂ) လေ့လာပြီးပြီ။
- ဃ) အခြားအဖြစ်အပျက်များအပေါ် ကွဲပြားသောအကျိုးသက်ရောက်မှုတစ်မျိုးစီရှိစေသည်။

၅။ သမိုင်းပညာရှင်များ၏အတိတ်ကိုအနက်အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် –
- က) အတူတူဖြစ်သည်။
- ခ) မည်သည့်အခါမှ မပြောင်းလဲပေ။
- ဂ) အချက်အလက်အသစ်များကြောင့်ပြောင်းလဲနိုင်သည်။
- ဃ) မတူကွဲပြားခြားနားသည်။

**လေ့ကျင့်ခန်း** စာမျက်နှာ(၁၇)တွင်ပေးထားသောဝေါဟာရများကိုအသုံးပြု၍ အောက်ပါကွက်လပ်များကိုဖြည့်စွက်ပါ။

ကျွန်တော်၏အလုပ်မှာဖြစ်ပျက်ခဲ့သော(၁)——— အကြောင်းကိုရေးရန်နှင့်ထိုအကြောင်းအရာများ၏အဓိပ္ပါယ်ကိုရှင်းပြရန်ဖြစ်သည်။ ကျွန်ုပ်သည်(၂)——— တစ်ဦးဖြစ်၍(၃) ——— များကိုလေ့လာသည်။ ၎င်းတို့ထဲမှတစ်ချို့သည် ပေးစာများ၊ လူများ၏ဖွားသေစာရင်းကဲ့သို့သောမှတ်တမ်းများသို့မဟုတ်အစိုးရ၏မှတ်တမ်းများကဲ့သို့သော(၄)——— များဖြစ်သည်။ တခါတရံတွင် မည်သည်တို့အမှန်တကယ်ဖြစ်ပျက်ခဲ့သည်ကိုဖော်ပြသော(၅) များကိုရရှိရန်မြောက်များစွာသောစာရင်းမှတ်တမ်းများကိုစုဆောင်းရသည်။ ထို့နောက်စုဆောင်းခဲ့သောအရင်းဇာမြစ်များကို(၆)——— လုပ်ရသည်။ အကြောင်းတရားတစ်ခုခုကြောင့်အဖြစ်အပျက်များဖြစ်ပွားသည်ကို သမိုင်းပညာရှင်များနားလည်ကြသည်။ ထို့ကြောင့်– ကျွန်တော်သည် အဖြစ်အပျက်တစ်ခုစီ၏(၇) ———နားလည်ရန်လိုအပ်သည်။ ထိုကဲ့သို့နားလည်ရန် ကျွန်တော်ရှာဖွေတွေ့ရှိသောအရင်းအမြစ်များအားလုံး၏အမှန်တကယ်အဓိပ္ပါယ်ကိုဖော်ထုတ်ရန်လိုအပ်သည်။ အထောက်အထားမှတ်တမ်းများကပေးသောသဲလွန်စများကို(၈)———လုပ်ရန်လည်းလိုအပ်သည်။

**ပိုင်းဝန်းအဖြေရှာခြင်း**
**လေ့ကျင့်မှု – အချက်အလက်များကိုလက်တွေ့အသုံးချခြင်း**

အတိတ်၏အကြောင်းအရာများကိုရှာဖွေတွေ့ရှိရန်မည်သည့်အရင်းအမြစ်များကိုသင်အသုံးချသင့်သနည်း။
ဤစာရင်းကိုဆက်လက်ရေးသားပြုစုပါ – သတင်းစာများ၊ ဓါတ်ပုံများ၊ ဗီဒီယိုမှတ်တမ်း၊ ... ...
သင့်ပတ်ဝန်းကျင်မှအဖြစ်အပျက်တစ်ခုကိုစဉ်းစားပါ။ ထိုအဖြစ်အပျက်အကြောင်းကိုပိုမိုရှာဖွေသိရှိရန် မည်သည့်အရင်းအမြစ်များကိုသင်အသုံးပြုနိုင်သနည်း။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
**လေ့ကျင့်မှု – အချက်အလက်များကိုလက်တွေ့အသုံးချခြင်း**

အကယ်၍သင်သည်သင့်မိသားစု၏သမိုင်းကြောင်းကိုရေးသားလိုပါက မည်သည်ကိုသင်ပထမဦးဆုံးပြုလုပ်မည်နည်း။ အောက်ပါပုံကိုကြည့်ပါ။ သင်လိုက်နာသင့်သောအဆင့်သုံးဆင့်မှာမည်သည်တို့နည်း။ မည်သည့်အရင်းအမြစ်များကိုသင်အသုံးပြုနိုင်သနည်း။ ထိုအရင်းအမြစ်များကိုမည်ကဲ့သို့သုံးသပ်မည်နည်း။ မည်သည့်အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုမျိုးကိုသင်ပြုလုပ်မည်နည်း။ သင်၏အုပ်စုသို့မဟုတ်အတန်းထဲရှိကျောင်းသူ/သားများနှင့် ဤအကြောင်းကိုပြောပြဆွေးနွေးပါ။



**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – သုံးသပ်ခြင်းနှင့်အဓိပ္ပါယ်ပြန်ဆိုခြင်း**

မိသားစုသမိုင်းရေးသားခြင်းစီမံကိန်း – **ရှာဖွေ၊ သုံးသပ်၊ အနက်အဓိပ္ပါယ်ပြန်ခြင်း**

၁။ နံပါတ်(၁)အရင်းဇာစ်မြစ်များရှာဖွေခြင်းနှင့်စတင်ပါ၊ အထက်တွင်ပြုလုပ်ခဲ့သောလေ့ကျင့်ခန်းတွင် သင်စီစဉ်ချက်မှတ်ခဲ့သည်များကို လက်တွေ့အကောင်အထည်ဖော်ပါ။ အရင်းအမြစ်များကို စုဆောင်းပြီးနောက် ၎င်းတို့ကို အတန်းထဲသို့ ယူဆောင်လာ၍သင်၏အုပ်စုထဲသို့မဟုတ်အတန်းထဲရှိကျောင်းသူ/သားများနှင့်ဆွေးနွေးပါ။
၂။ အရင်းဇာစ်မြစ်များကိုသုံးသပ်ပါ။ သင်စုဆောင်းခဲ့သော အချက်အလက်များကို နှိုင်းယှဉ်လေ့လာပါ။ ထိုအချက်အလက်များသည်တစ်ခုနှင့်တစ်ခုဆက်စပ်တူညီမှုရှိပါလား။ ဆက်စပ်တူညီမှုမရှိလျှင် အဘယ်ကြောင့်ကွဲပြားမှုများရှိနေသည် ဟုသင်ထင်ပါသနည်း။
၃။ အရင်းဇာစ်မြစ်များကိုဘာသာပြန်ဆိုပါ။ ထိုအရင်းဇာစ်မြစ်များမှသင်မည်သည်တို့ကိုလေ့လာရရှိခဲ့သနည်း။ မတူညီမှုများကိုသင်မည်ကဲ့သို့ဖြေရှင်းမည်နည်း။ စာပိုဒ်အတိုတစ်ပိုဒ်ပြုစုရေးသားပါ။

# ၂ (ဂ)။အချိန်ပိုင်းခြားသတ်မှတ်ခြင်း (အေဒီ၊ ဘီစီ)

ကမ္ဘာပေါ်တွင်မတူကွဲပြားသောပြက္ခဒိန်များစွာရှိသည်။ မြောက်များစွာသော ယုံကြည်ကိုးကွယ်ရာဘာသာတရားများနှင့်ယဉ်ကျေးမှုများတွင် ၎င်းတို့၏မူပိုင်ပြက္ခဒိန်များရှိသည်။ ဥပမာ –

- ဗုဒ္ဓဘာသာပြက္ခဒိန်တွင် ဗုဒ္ဓအားဖွားမြင်သည့်ခုနှစ်ကို ပြက္ခဒိန်၏အစဦးဆုံးသောနှစ်အဖြစ်အသုံးပြုသည်။
- အစ္စလာမ်ပြက္ခဒိန်တွင် တမန်တော်မိုဟာမတ် (Prophet Mohammad) မီဒီနာ (Medina) သို့လာရောက်နေထိုင်သောခုနှစ်ကို ၎င်းတို့ပြက္ခဒိန်၏အစဦးဆုံးသောနှစ်အဖြစ်အသုံးပြုသည်။
- ဂျူးပြက္ခဒိန်တွင်(ဂျူးလူမျိုးယုံကြည်သကဲ့သို့)ကမ္ဘာမြေကြီးအားစတင်ဖန်ဆင်းသည့်နှစ်ကို ဂျူးဘာသာပြက္ခဒိန်၏ပထမဦးဆုံးသောပြက္ခဒိန်နှစ်အဖြစ်အသုံးပြုသည်။

ဤကဏ္ဍ၏အဆုံးရှိဇယားတွင် ကမ္ဘာပေါ်ရှိမတူကွဲပြားသော ပြက္ခဒိန်များ၏ အချက်အလက်အပြည့်အစုံကို လေ့လာနိုင်သည်။ အင်္ဂလိပ်စကားပြောနိုင်ငံအများစုတွင် ခရစ်ယန်ဘာသာပြက္ခဒိန်ကိုအသုံးပြု သည်။ ထို့ကြောင့်အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောစာပေအားလုံးနီးပါးတွင် ခရစ်ယန်ဘာသာပြက္ခဒိန်ကိုအသုံးပြုသည်။ ၎င်းကိုအသုံးပြုနိုင်ရန်လေ့လာထားခြင်းသည်အသုံးဝင်သည်။

ခရစ်ယန်ပြက္ခဒိန်တွင် ယေရှုခရစ်တော်ဖွားမြင်သည့်နှစ်ကို ပြက္ခဒိန်၏အစဦးဆုံးနှစ်အဖြစ်အသုံးပြုသည်။ ၎င်းကိုအဓိကအချိန်အပိုင်းနှစ်ခုခွဲထားသည် – ခရစ်တော်ကိုမဖွားမြင်မီအချိန်နှင့်ဖွားမြင်ပြီးချိန်ဟူ၍ဖြစ်သည်။ ခရစ်တော်အားမဖွားမြင်မည့်အချိန်ကို'ဘီစီ' (before Christ) ဟုခေါ်၍ ခရစ်အားဖွားမြင်ပြီးနောက်ပိုင်းအချိန်ကို'အေဒီ'(Anno Domini) "In The Year of Our Lord" ဟုလက်တင်ဘာသာဖြင့်အဓိပ္ပါယ်ရ၍ ထိုဘာသာသည် ရှေးခရစ်ယာန်ဘာသာဝင်များအသုံးပြုခဲ့သော ဘာသာစကားဖြစ်သည်။

ဤပြက္ခဒိန်တွင် ယေရှုခရစ်တော်ကိုဖွားမြင်ခဲ့သည့်ခုနှစ်ဟုယုံကြည်သောခုနှစ်မှစ၍ ခုနှစ်များကိုရေတွက်သည်။ ထိုခုနှစ်ကို အေဒီ(၁)ခုနှစ်ဟုလူအများကသိကြသည်။ ထို့ကြောင့်ခရစ်မဖွားမြင်မီ နှစ်ပေါင်း(၆၀၀)ရာတွင် ဖြစ်ပျက်ခဲ့သောအကြောင်းအရာကို ဘီစီ(၆၀၀)တွင်ဖြစ်ပွားသည်ဟုကျွန်ုပ်တို့ပြောဆိုသည်။ အကယ်၍တစ်စုံတစ်ရာသည်ခရစ်ဖွားမြင်ပြီးနှစ်ပေါင်း(၁၀၀)အကြာတွင်ဖြစ်ပျက်ခဲ့သည်ဆိုလျှင် ၎င်းကိုအေဒီ(၁၀၀)တွင်ဖြစ်ပွားသည်ဟုကျွန်ုပ်တို့သတ်မှတ်သည်။

**လေ့ကျင့်ခန်း** အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ ဤနှစ်သည်မည်သည့်ခုနှစ်ဖြစ်သနည်း။
၂။ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀၀)သည်ခုနှစ် မည်သည့်ခုနှစ်ဖြစ်သနည်း။
၃။ လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)သည်ခုနှစ် မည်သည့်ခုနှစ်ဖြစ်သနည်း။

၄။ ဇီယာသည်ယေရှုခရစ်တော်ထက်အသက်(၁၇)ခုနှစ်ပိုကြီးသည်။ သူကိုမည်သည့်ခုနှစ်တွင်မွေးဖွားခဲ့သနည်း။
- ၁၇ အေဒီ
- ၁၇ ဘီစီ
- ၈၃ အေဒီ
- ၈၃ ဘီစီ

၅။ တရုတ်တို့သည်ဗီယက်နမ်ကို(၁၁၁)ဘီစီတွင်ကိုလိုနီပြုခဲ့သည်။ ၄င်းနောက်မည်သည့်အချိန်တွင်'အေဒီ'ခုနှစ်စတင်ခဲ့သနည်း။
- ၈၉ ခုနှစ်ပိုစောသောအချိန်
- ၈၉ ခုနှစ်နောက်ကျသောအချိန်
- ၁၁၁ ခုနှစ်ပိုစောသောအချိန်
- ၁၁၁ ခုနှစ်နောက်ကျစောအချိန်

၆။ မလေးလူမျိုးများသည်(၂၅၀၀)ဘီစီဝန်းကျင်တွင်အရှေ့တောင်အာရှသို့စတင်အခြေချဝင်ရောက်ခဲ့သည်။ ထိုသို့ဝင်ရောက်လာခြင်းသည်မည်သည့်အချိန်ပတ်ဝန်းကျင်ကဖြစ်သနည်း။
- လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀
- လွန်ခဲ့သောနှစ်ပေါင်း ၄၅၀၀
- လွန်ခဲ့သောနှစ်ပေါင်း ၅၀၀
- လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀

# စီအီးနှင့်ဘီစီအီး (CE and BCE)

ယခုအခါတွင်'ဘီစီ'(BC)အစား'ဘီစီအီး'(BCE - Before Common Era)ကိုလူများအသုံးပြုကြသည်။ ဘာသာရေးဘက်လိုက်မှုမဖြစ်စေရန်အတွက်ဤဝေါဟာရကိုအသုံးပြုခြင်းဖြစ်သည်။ ထို့အတူပင် 'အေဒီ' (AD)အစား'စီအီး'(CE - Common Era)ဝေါဟာရကိုအသုံးပြုသည်။ သို့ရာတွင် ဤစနစ်သည်ယေရှုဘုရားသခင်ဖွားမြင်ရာခုနှစ်ကိုအခြေခံထားသောကြောင့်လုံးဝဘာသာရေးဘက်လိုက်မှုမရှိဟုမဆိုနိုင်ပေ။ 'ခရစ်တော်'နှင့်'ဒိုမိနီ'(Domini)ဆိုသောစကားလုံးများကိုအသုံးမပြုသည့်အတွက် တခြားသောဘာသာကိုကိုးကွယ်ယုံကြည်သူများကိုလေးစားရာရောက်သည်ဟု တစ်ချို့ကယုံကြည်ကြသည်။ ဤသင်ခန်းစာတွင်ထိုစနစ်ကိုကျွန်ုပ်တို့အသုံးပြုပေမည်။

**ကမ္ဘာပေါ်ရှိအချို့သောပြက္ခဒိန်များ**

| ပြက္ခဒိန် | စတင်သည့်ခုနှစ် | အခြေခံရာ/အရင်းခံရာ | ခရစ်သက္ကရာဇ်(၂၀၀၇)နှင့်တူသော တခြားဘာသာများ၏ခုနှစ် |
|---|---|---|---|
| ခရစ်ယန်ဘာသာ | ၁ စီအီး | ယေရှုခရစ်တော်ဖွားမြင်ခြင်း | ၂၀၀၇ |
| ဗုဒ္ဓဘာသာ | ၅၄၃ ဘီစီအီး | ဗုဒ္ဓဖွားမြင်ခြင်း | ၂၅၄၈ |
| အစ္စလာမ်ဘာသာ | ၆၂၂ စီအီး | တမန်တော်မိုဟာမတ်မီဒီနာကို ကြွရောက်လာသောခုနှစ် | ၁၄၂၆ |
| တရုတ် | ၂၆၃၇ ဘီစီအီး | ပြက္ခဒိန်ကိုစတင်တီထွင်သောခုနှစ် | ၄၇၀၃ |
| ဂျူးဘာသာ | ၃၇၆၁ ဘီစီအီး | ကမ္ဘာမြေကြီးစတင်ဖန်းဆင်းချိန် | ၅၇၆၆ |

**လေ့ကျင့်ခန်း** အထက်ပါဇယားကိုအခြေခံ၍အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ အထက်ပါဇယားအရ မည်သည့်ပြက္ခဒိန်သည် ရှေးအကျဆုံးဖြစ်သနည်း။
၂။ အထက်ပါဇယားအရ မည်သည့်ပြက္ခဒိန်သည် နောက်အကျဆုံးဖြစ်သနည်း။

၃။ မတူညီသောယဉ်ကျေးမှုများတွင် ပြက္ခဒိန်များ၏အစခုနှစ်အဖြစ်မှတ်ယူခဲ့သော မတူညီသောအဖြစ်အပျက်များမှာမည်သည်တို့နည်း။
၄။ ဗုဒ္ဓဘာသာပြက္ခဒိန်စတင်သောခုနှစ်နှင့်အစ္စလာမ်ဘာသာပြက္ခဒိန်စတင်သောခုနှစ်တို့အကြားနှစ်ပေါင်းမည်မျှကွာခြားသနည်း။

## ခုနှစ်များနှင့်ရာစုနှစ်များ

ခရစ်တော်ဖွားမြင်သည့်နှစ်ကို ရာစုနှစ်များကိုစတင်ရေတွက်ရန်အစခုနှစ်အဖြစ်သတ်မှတ်သည်။ နှစ်ပေါင်း(၁၀၀)သည် ရာစုတစ်ရာစုဖြစ်သည်။ ပထမရာစုနှစ်သည် (၁)စီအီးမှ(၁၀၀)စီအီးအထိ နှစ်ပေါင်း(၁၀၀)ဖြစ်သည်။ ရာစုနှစ်တစ်ရာစုစီတွင် ပထမဦးဆုံးခုနှစ်သည် ဂဏန်းနံပါတ်(၁)နှင့်အဆုံးသတ်သည်။ ဥပမာ –

– ၁ စီအီး
– ၁၀၁ စီအီး
– ၁၉၀၁ စီအီး
– ၂၀၀၁ စီအီး

ရာစုနှစ်တစ်ရာစုတွင်နောက်ဆုံးနှစ်၏ဂဏန်းနံပါတ်သည်(၀)နှင့်အဆုံးသတ်သည်။ ဥပမာ –

– ၁၀၀ စီအီး
– ၁၉၀၀ စီအီး
– ၂၀၀၀ စီအီး

စီအီး(၂)ရာစုသည် (၁၀၁)ခုနှစ်မှ (၂၀၀)ခုနှစ်အထိဖြစ်သည်။ (၂၀)ရာစုသည် (၁၉၀၁)ခုနှစ်မှစတင်သည်။
(၂၂)ရာစုသည် မည်သည့်ခုနှစ်မှစတင်မည်နည်း။

**လေ့ကျင့်ခန်း** အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ ယခုမည်သည့်ရာစုနှစ်ဖြစ်သနည်း။
၂။ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)က မည်သည့်ရာစုဖြစ်ခဲ့သနည်း။
၃။ မြန်မာနိုင်ငံအလယ်ပိုင်းကို (၁၈၈၅)ခုနှစ်တွင် ဗြိတိသျှအင်္ဂလိပ်တို့သိမ်းပိုက်ခဲ့သည်။ ထိုကာလသည်မည်သည့်ရာစုနှစ်ဖြစ်သနည်း။

**(က)**။ (၁၇)ရာစု **(ခ)**။ (၁၈)ရာစု **(ဂ)**။ (၁၉)ရာစု **(ဃ)**။ (၂၀)ရာစု

၄။ တရုတ်ကွီမင်းဆက်သည် (၁၆၄၄)ခုနှစ်တွင်အာဏာရရှိခဲ့သည်။ ထိုကာလသည်မည်သည့်ရာစုနှစ်ဖြစ်သနည်း။

**(က)**။ (၁၄)ရာစု **(ခ)**။ (၁၅)ရာစု **(ဂ)**။ (၁၆)ရာစု **(ဃ)**။ (၁၇)ရာစု

ရာစုနှစ်တစ်ခု၏ဂဏန်းနံပါတ်သည် ခုနှစ်တစ်ခု၏ဂဏန်းနံပါတ်ထက် အမြဲတမ်း(၁)ပိုသည်။ ဆိုလိုသည်မှာ – ခုနှစ်တစ်နှစ်၏ရာစုနှစ်ကိုသိရှိရန်*(ပထမထောင်စုနှစ်နောက်ပိုင်း)*ခုနှစ်နံပါတ်ဂဏန်းများ၏ဒုတိယဂဏန်းတွင်(၁)ပေါင်းထည့်ရန်လိုသည်။ ဥပမာ – (၁၈၈၅)ခုနှစ်ကိုကြည့်ကြပါစို့။ (၁၈၈၅)ခုနှစ်၏ပထမဂဏန်းနှစ်လုံးတွင်(၁)ပေါင်းထည့်ပါ – ၁၈+၁=၁၉ ထို့ကြောင့်(၁၈၈၅)ခုနှစ်သည် (၁၉)ရာစုဖြစ်သည်။ မြန်မာနိုင်ငံသည် (၁၉၄၈)ခုနှစ်တွင်လွတ်လပ်ရေးရရှိခဲ့သည်။ မည်သည့်ရာစုနှစ်ဖြစ်မည်နည်း။ (၁၉၄၈)ခုနှစ်၏ ပထမဂဏန်းနှစ်လုံးတွင်(၁)ပေါင်းထည့်ရန် သင့်အနေဖြင့်လိုအပ်သည် – ၁၉+၁=၂၀၊ ထို့ကြောင့်(၁၉၄၈)ခုနှစ်(၂၀)ရာစုနှစ်ထဲတွင်ဖြစ်သည်။

**လေ့ကျင့်ခန်း** အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ ကိုကို့ ကို(၁၉၈၉)ခုနှစ်တွင်မွေးဖွားသည်။ မည်သည့်ရာစုနှစ်တွင်သူအားမွေးဖွားခဲ့သနည်း။ မည်ကဲ့သို့သိရှိနိုင်သနည်း။
၂။ သူသည်(၂၀၀၇)ခုနှစ်တွင်အထက်တန်းပညာကိုအောင်မြင်ခဲ့သည်။ မည်သည့်ရာစုတွင်သူအောင်မြင်ခဲ့သနည်း။ မည်ကဲ့သို့သိရှိနိုင်သနည်း။

၃။ စပိန်လူမျိုးများသည် (၁၆)ရာစုတွင်ဖိလစ်ပိုင်နိုင်ငံသို့ပထမဦးဆုံးအကြိမ်ရောက်ရှိလာကြသည်။ မည်သည့်ခုနှစ်တွင်ဖြစ်နိုင်သနည်း။

က)။ ၁၄၂၁　　ခ)။ ၁၅၂၁　　ဂ)။ ၁၆၂၁　　ဃ)။ ၁၇၂၁

၄။ (၁၇)ရာစု၏နောက်ဆုံးနှစ်သည်မည်သည့်ခုနှစ်ဖြစ်သနည်း။

၅။ (၁၇)ရာစု၏နောက်ဆုံးခုနှစ်ဂဏန်းနံပါတ်သည် ထိုရာစု၏အခြားသောနှစ်များ၏ဂဏန်းနံပါတ်များနှင့်မည်ကဲ့သို့ကွားခြားမှုရှိသနည်း။

(၁၉၀၀)ခုနှစ်များဝန်းကျင်၊ (၁၈၀၀)ခုနှစ်များဝန်းကျင်၊ (၁၆၀၀)ခုနှစ်များဝန်းကျင်ဟုပြောဆိုသည့်အချိန်တွင် အများအားဖြင့်နှစ်ပေါင်း(၁၀၀)ကိုကျွန်ုပ်တို့ဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့သည် ဤဂဏန်းနံပါတ်များနှင့်စတင်သည်။ ဥပမာ –

(၁၉၀၀)ခုနှစ်များဝန်းကျင်သည် (၁၉၀၀)ခုနှစ်မှစတင်၍(၁၉၉၉)ခုနှစ်တွင်ဆုံးသည်။

(၁၈၀၀)ခုနှစ်များဝန်းကျင်သည် (၁၈၀၀)ခုနှစ်မှစတင်၍(၁၈၉၉)ခုနှစ်တွင်ဆုံးသည်။

(၁၆၀၀)ခုနှစ်များဝန်းကျင်သည် (၁၆၀၀)တွင်စတင်၍ (၁၆၉၉)တွင်ဆုံးသည်။

(၁၉၀၀)ခုနှစ်များဝန်းကျင်၊ (၁၈၀၀)ခုနှစ်များဝန်းကျင်သို့မဟုတ်(၁၆၀၀)ခုနှစ်များဝန်းကျင်အသီးသီး၏ပထမနှစ်သည် ၎င်းရာစုနှစ်များမတိုင်မီ ရာစုနှစ်နှင့်သာသက်ဆိုင်သည်။

(၁၉၀၀)ခုနှစ်သည်(၁၉)ရာစု၏နောက်ဆုံးနှစ်ဖြစ်သည်။

(၁၈၀၀)ခုနှစ်သည်(၁၈)ရာစု၏နောက်ဆုံးနှစ်ဖြစ်သည်။

(၁၆၀၀)ခုနှစ်သည်(၁၆)ရာစု၏နောက်ဆုံးနှစ်ဖြစ်သည်။

**လေ့ကျင့်ခန်း** ကွက်လပ်ဖြည့်ပါ။

၁။ (၁၈၀၀)ခုနှစ်သည် ________ ရာစုတွင်ဖြစ်သည်။

၂။ (၁၈၀၁)ခုနှစ်သည် ________ ရာစုတွင်ဖြစ်သည်။

၃။ (၁၆၀၀)ခုနှစ်သည် ________ ရာစုတွင်ဖြစ်သည်။

၄။ (၁၆၂၇)ခုနှစ်သည် ________ ရာစုတွင်ဖြစ်သည်။

အများအားဖြင့် ကျွန်ုပ်တို့ (၁၈၀၀)ခုနှစ်များဝန်းကျင်ဟုပြောလျှင်(၁၉)ရာစုကိုဆိုလိုသည်။ ထိုအတူ(၁၉၀၀)ခုနှစ်များဝန်းကျင်ဟုပြောလျှင်(၂၀)ရာစုကိုဆိုလို၍(၁၆၀၀)ခုနှစ်များဝန်းကျင်ဟုဆိုလျှင်(၁၇)ရာစုကိုဆိုလိုသည်။ ဥပမာ –ပြင်သစ်လူမျိုးများသည် (၁၆၀၀)ခုနှစ်များတွင် အရှေ့တောင်အာရှသို့ရောက်ရှိလာသည်ပြောလျှင် သူတို့(၁၇)ရာစုထဲတွင်ရောက်လာသည်ဟုဆိုလိုခြင်းဖြစ်သည်။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – သမိုင်းအဖြစ်အပျက်ဆိုင်ရာအချိန်ပြမျဉ်းရေးဆွဲခြင်း**

သင့်လူမျိုးများနှင့်သက်ဆိုင်သောအချိန်ပြမျဉ်းတစ်ခုရေးဆွဲပါ။

*ပထမအဆင့်(၁)။* သင်၏လူမျိုးများနှင့်ပတ်သက်၍မည်သည့်အရေးကြီးအဖြစ်အပျက်များဖြစ်ပျက်ခဲ့သနည်း။
နေ့စွဲ၊ ရက်စွဲများကိုအတိအကျမှတ်မိရန်မလိုပေ၊ အနီးစပ်ဆုံးနေ့စွဲများကိုမှတ်မိလျှင်ကောင်းသည်။

*ဒုတိယအဆင့်(၂)။* ဖြစ်ပွားခဲ့သောအချိန်အလိုက်၎င်းတို့ကိုအစီလိုက်ရေးချပါ။

*တတိယအဆင့်(၃)။* ရေးချထားသည်များကို အချိန်ပြမျဉ်းပေါ်တွင်ရေးသားပါ။

အောက်ပါဥပမာသည်ထိုင်းနိုင်ငံတွင်ဖြစ်ပွားခဲ့သောအဖြစ်အပျက်များ၏အချိန်ပြမျဉ်းဖြစ်သည်။

**၁၇၈၂ –**

ဘုရင်ရာမ(၁)၏လက်အောက်ခံချက်ခရီမင်းဆက်အစ

နိုင်ငံအမည်ကိုဆီယမ် (Siam)ဟုလူသိများသည်။

ဘန်ကောက်မြို့ကိုတည်ထောင်သည်။

**၁၈၆၈ – ၁၉၁၀**

ဘုရင်ချူလာလွှင်ကွန်အုပ်ချုပ်ချိန်

ဆီယမ်၏အုပ်ချုပ်ရေးနှင့်စီးပွားရေးကိုခေတ်မီစေရန်အတွက်အနောက်တိုင်းမှအကြံပေးများကိုခေါ်ယူခဲ့သည်။

မီးရထားလမ်းများဖောက်လုပ်ခဲ့သည်။

**၁၉၁၇ –**

ပထမကမ္ဘာစစ်အတွင်းဆီယမ်သည်ဗြိတိသျှတို့၏မဟာမိတ်ဖြစ်လာခဲ့သည်။

**၁၉၃၂**

စည်းမျဉ်းခံဘုရင်စနစ်ကိုပါလီမန်အစိုးရစနစ်နှင့်အတူစတင်ကျင့်သုံးခဲ့သည်။

**၁၉၃၉**

ဆီယမ်မှနေ၍ထိုင်းနိုင်ငံဟုပြောင်းလဲခေါ်တွင်စေသည်။

**၁၉၄၁**

ဂျပန်စစ်တပ်များထိုင်းမြေပေါ်တွင်အခြေချခဲ့သည်။

ဗြိတိသျှတို့အုပ်စိုးသောမလေးကျွန်းဆွယ်၊ စင်ကာပူနှင့်မြန်မာနိုင်ငံတို့ကိုဂျပန်များဝင်ရောက်နိုင်ရန်ထိုင်းအစိုးရမှဂျပန်များကိုငှင်းတို့နိုင်ငံမှဖြတ်သွားခွင့်ပြုခဲ့သည်။

**၁၉၄၂**

ဗြိတိသျှနှင့်အမေရိကန်တို့အားထိုင်းနိုင်ငံကစစ်ကြေငြာသည်။ သို့သော်ဝါရှင်တန်ရှိထိုင်းသံအမတ်မှစစ်ကြေငြာစစ်တမ်းကိုအမေရိကန်အစိုးရလက်ထံမပေးအပ်ရန်ငြင်းဆိုသည်။

**၁၉၉၁ – ၉၂**

စစ်အာဏာသိမ်းခဲ့သည်။ ‘ပရာချွင်’အားဝန်ကြီးချုပ်အဖြစ်ခန့်ခဲ့သည်။ မတ်လတွင်ကျင်းပသောရွေးကောက်ပွဲတွင်ပရာရွှင်နေရာကိုဗိုလ်ချုပ်ကြီးဆူချင်ဒါခရပ်ပရာယွှင်ရရှိခဲ့သည်။ သူရာထူးမှနုတ်ထွက်ပေးရန်တောင်းဆိုသောဆန္ဒပြပွဲများဖြစ်ခဲ့သည်။ ပရာရွှင်အားဝန်ကြီးအဖြစ်ယာယခန့်အပ်ခဲ့သည်။စက်တင်ဘာတွင်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ချွင်လိပိုင်အားဝန်ကြီးအဖြစ်ရွေးချယ်ခဲ့ကြသည်။

**၂၀၀၄**

ဒီဇင်ဘာတွင်အင်ဒိုနီးရှားကျွန်းဆွယ်အနီးရှိပင်လယ်ရေအောက်တွင်ဖြစ်ပွားသောပြင်ထန်းသည့်မြေလျင်ကြောင့်ပင်လယ်လှိုင်းကြီးများဖြစ်ပေါ်လာပြီးထိုင်းနိုင်ငံတောင်ပိုင်းရှိအနောက်ဘက်ကမ်းရိုးတန်းကိုရိုက်ခတ်ရာထိုဒေသတွင်နေထိုင်သောလူထောင်ပေါင်းများစွာကိုသေကြေပျက်စီးစေခဲ့သည်။

**၂၀၀၄**

ဧပြီလတွင်တောင်ပိုင်းရှိရဲဌာနများအားတိုက်ခိုက်မှုကြောင့်သံသယရှိသောအစ္စလာမ်မစ်သူပုန်တစ်ရာကျော်အသတ်ခံရသည်။

အောက်တိုဘာလတွင်ဆန္ဒပြသူမှုဆလင်(၈၅)ယောက်ရဲအချုပ်ကားနှင့်တင်ဆင်သွားစဉ်လမ်းတွင်အသက်ရှုကျပ်၍သေဆုံးခဲ့သည်။ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်တမင်ရည်ရွယ်၍သတ်ခဲ့ခြင်းမဟုတ်ဟုဆုံးဖြတ်သည်။

# အခန်း (၃)
# ပထဝီဝင်ဘာသာရပ်

## ပထဝီဝင်ဘာသာရပ်၏သဘောတရားများ **(concept)**

၁။ ပထဝီဝင်ဆိုသည်မှာအဘယ်နည်း။
၂။ ပထဝီဝင်လေ့လာရာတွင်မည်သည်တို့ပါဝင်သနည်း။
၃။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင် (physical environment and human environment)
၄။ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုနှင့်လူ
၅။ မြေပုံများနှင့်စကေးများ

## လက်တွေ့ပြုလုပ်သောလေ့ကျင့်မှု **(skills practiced)**

၁။ ကွာဟမှုများကိုရှာဖွေဖော်ထုတ်ခြင်း
၂။ တူညီမှုများကိုဖော်ထုတ်ခြင်းနှင့်ကွဲပြားမှုများကိုဖော်ထုတ်ခြင်း
၃။ အားသာချက်များနှင့်အားနည်းချက်ဖော်ထုတ်ခြင်း
၄။ အကြောင်းနှင့်အကျိုးဖော်ထုတ်ခြင်း
၅။ လေ့လာခြင်း (observation)
၆။ ပတ်ဝန်းကျင်မှဥပမာများကိုဖော်ပြနိုင်ခြင်း
၇။ မြေပုံနှင့်ပတ်သက်သောကျွမ်းကျင်မှုများ – မြေပုံဖတ်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ စကေးသုံးခြင်းနှင့်အကွာအဝေးများခန့်မှန်းခြင်းစသည်တို့ပါဝင်သည်။

ဤအခန်းကိုလေ့လာပြီးနောက် ကျောင်းသူ/သားများသည် ...

၁။ ပထဝီဝင်ဘာသာရပ်၏အခြေခံအကြောင်းအရာများကိုသိရှိနားလည်သဘောပေါက်လာခြင်း
၂။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်တို့အကြားကွဲပြားခြားနားမှုများကိုသိရှိနားလည်လာခြင်း
၃။ သူတို့၏ပတ်ဝန်းကျင်တွင်ဥပမာများကိုရှာတွေ့ခြင်း
၄။ သဘာဝပတ်ဝန်းကျင်အစိတ်အပိုင်းများကိုပြုစုရေးသားတတ်လာခြင်း
၅။ သဘာဝပတ်ဝန်းကျင်များမည်ကဲ့သို့အပြန်အလှန်လုပ်ဆောင်သည်ကိုလွယ်ကူစွာရှင်းလင်းပြောပြလာနိုင်ခြင်း
၆။ ရာသီဥတုအမျိုးအစားများနှင့်လူတို့၏ဘဝအပေါ်ငှင်းတို့မည်ကဲ့သို့သက်ရောက်မှုရှိသည်ကိုသိရှိလာခြင်း
၇။ မြေပုံအမျိုးအစားများကိုခွဲခြားနိုင်လာခြင်း
၈။ မြေပုံဖတ်တတ်လာခြင်း
၉။ ရင်းနှီးကျွမ်းဝင်သောနေရာများအတွက်အခြေခံမြေပုံများရေးဆွဲတတ်လာခြင်း
၁၀။ စကေးများကိုဖတ်တတ်၍တွက်ချတတ်လာခြင်း
၁၁။ မြေပုံပေါ်ရှိအကွာအဝေးများကိုခန့်မှန်းတတ်လာခြင်း
၁၂။ ဒေသတစ်ခု၏ပထဝီအနေအထားကိုလေ့လာရာတွင်အဆင့်များကိုဖော်ထုတ်နားလည်လာ၍သူတို့ကိုယ်ပိုင်ပတ်ဝန်းကျင်မှအရာများကိုဥပမာပေးတတ်လာခြင်းတို့ကိုရရှိလာမည်ဖြစ်သည်။

# ၃(က)။ ပထဝီဝင်ဆိုသည်မှာအဘယ်နည်း။

**ပထဝီဝင်ဆိုသည်မှာ – ကမ္ဘာမြေကြီး၏ရေ၊ မြေ၊ လေတို့ကိုလေ့လာခြင်းဖြစ်သည်။ ၎င်းတွင် အပင်များ၊ တိရိစ္ဆာန်များနှင့်လူများ ကမ္ဘာပေါ်ရှိမည်သည့်နေရာတွင်မည်ကဲ့သို့နေထိုင်ကြသည်တို့ပါဝင်သည်။**

| |
|---|
| **အဓိကဝေါဟာရများ** |
| အကျိုးသက်ရောက်သော (affected) လေထု (atmosphere) အပြန်အလှန်ပြုမှုဆက်ဆံသည် (interact) မြောက်ဝင်ရိုးစွန်းနှင့်တောင်ဝင်ရိုးစွန်း (North pole and South pole) မြေဆီလွှာ (soil) |

**ဝိုင်းဝန်းအဖြေရှာခြင်း** ပထဝီဝင်ဆိုသည်မှာအဘယ်နည်း။ မည်သည့်တို့ကိုလေ့လာခြင်းဖြစ်သနည်း။

ပထဝီဝင်ဘာသာရပ်တွင်အဓိကပိုင်းနှစ်ပိုင်းရှိသည် – သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ကိုလေ့လာခြင်းဟူ၍ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည်ကျွန်ုပ်တို့အနီးအနားရှိအရာဝတ္ထုအားလုံးဖြစ်သည်။ သဘာဝပတ်ဝန်းကျင်တွင် သဘာဝ၏အစိတ်အပိုင်းများဖြစ်သောသက်ရှိသတ္တဝါများနှင့်သက်မဲ့ဝတ္ထုပစ္စည်းအားလုံးတို့ပါဝင်သည်။

လူသည်သက်ရှိသတ္တဝါဖြစ်သည့်အလျောက် မူလအားဖြင့်သဘာဝပထဝီဝင်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့–ရာတွင်နှစ်ပေါင်းများစွာကပင် လူများသည်သူတို့၏ပတ်ဝန်းကျင်ကိုသူတို့ကိုယ်တိုင်ဖန်တီးတည်ဆောက်ခဲ့ကြပြီး ၎င်းသည်ပင်လျှင် လူမှုပတ်ဝန်းကျင်ဖြစ်သည်။ ၎င်းတွင် လူဖန်တီးတည်ဆောက်သောသဘာဝပတ်ဝန်းကျင်နှင့်လူမှု/ယဉ်ကျေးမှုပတ်ဝန်းကျင်ဟူ၍ နှစ်ပိုင်းပါဝင်သည်။ အဆောက်အအုံတည်ဆောက်ခြင်းတွင် လူတို့ဖန်တီးတည်ဆောက်ခဲ့ပြီးသောအရာအားလုံးပါဝင်သည်။ လူမှု/ယဉ်ကျေးမှုပတ်ဝန်းကျင်တွင် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးအဆောက်အအုံများဖွဲ့စည်းတည် –ဆောက်ခြင်း၊ အဖွဲ့အစည်းများနှင့်စည်းမျဉ်းဥပဒေများပါဝင်သည်။

၁။ သဘာဝပတ်ဝန်းကျင်လေ့လာခြင်းသည်

- **က) ကမ္ဘာ့လေထု** – လေ၊ မိုးလေဝသ၊ ရာသီဥတု
- **ခ) ကမ္ဘာ့ကုန်းမြေ** – မြေဆီလွှာ၊ တောင်တန်းများ၊ တောင်ကုန်းများ၊ လွင်ပြင် စသည်ဖြင့်
- **ဂ) ကမ္ဘာ့ရေမျက်နှာပြင်** – မြစ်များ၊ အင်းအိုင်များ၊ သမုဒ္ဒရာများ၊ မြေအောက်ရေ စသည်ဖြင့်
- **ဃ)** သက်ရှိသတ္တဝါအားလုံးတို့အကြောင်းဖြစ်သည်။

၂။ လူမှုပတ်ဝန်းကျင်ကိုလေ့လာခြင်းသည် လူတို့ပြုမူလှုပ်ရှားနေထိုင်ပုံ(human activity)ပုံသဏ္ဍာန်များနှင့်၎င်းတို့သဘာဝပတ်ဝန်းကျင်နှင့်**အပြန်အလှန်အကျိုးပြုဆက်စပ်နေပုံ**ကိုလေ့လာခြင်းဖြစ်သည်။

- **က)** စိုက်ပျိုးရေး၊ အမဲလိုက်ခြင်းနှင့်ငါးဖမ်းခြင်း
- **ခ)** စက်မှုလုပ်ငန်းနှင့်သယ်ယူပို့ဆောင်ရေး
- **ဂ)** သဘာဝအရင်းအမြစ်များကိုသုံးစွဲခြင်း
- **ဃ)** လူဦးရေ
- **စ)** ကုန်သွယ်ရေးနှင့်ဝန်ဆောင်မှုတို့ပါဝင်သည်။

ပထဝီဝင်ကိုကျွန်ုပ်တို့လေ့လာသောအခါ ၎င်းဘာသာရပ်၏ လေ့လာမှုနယ်ပယ်နှစ်ခု (သဘာဝပတ်ဝန်းကျင် နှင့် လူမှုပတ်ဝန်းကျင်)ကိုတပြိုင်တည်း လေ့လာရန်အလွန်အရေးကြီးသည်။ သဘာဝပတ်ဝန်းကျင် တစ်ခုတည်း သို့မဟုတ် လူမှုပတ်ဝန်းကျင် တစ်ခုတည်းကိုလေ့လာကြည့်ရှု၍မရပေ။ သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ အပြန်အလှန်အကျိုးပြုမှုတို့ကြောင့် ၎င်းသဘာဝ ပတ်ဝန်းကျင်အပေါ်အမြဲတမ်းထိခိုက်သက်ရောက်မှုရှိသည်။ ကျွန်ုပ်တို့ ပထဝီဝင်ဘာသာရပ်ကို နားလည်သဘောပေါက်ရန်အတွက် ဤလူ–သဘာဝဆက်ဆံမှုသည် အရေးပါအရာရောက်ပေသည်။

ပုံ(၁) သဘာဝပတ်ဝန်းကျင်ပြပုံ



ပုံ(၂) လူမှုပတ်ဝန်းကျင်ပြပုံ



**ဆွေးနွေးခြင်း**

အထက်တွင်ဖော်ပြထားသောသဘာဝပတ်ဝန်းကျင်ပြပုံနှင့်လူမှုပတ်ဝန်းကျင်ပြပုံတိုကိုလေ့လာနိုင်းယှဉ်ပါ။ ၄င်းတို့နှစ်ခုသည် တစ်နှင့်တစ်ခုမည်သည့်ပုံစံအနေအထားကွဲပြားသနည်း။
လူမှုပတ်ဝန်းကျင်ကိုဖန်တီးရန်အတွက် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်အားမည်သည့်ပြောင်းလဲမှုများကိုပြုလုပ်ခဲ့သနည်း။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**

၁။ ပုံ(၁)တွင်မည်သည့်သဘာဝပတ်ဝန်းကျင်ပုံပန်းသွင်ပြင်လက္ခဏာများကိုသင်ရေးသားပြုစုနိုင်သနည်း။ စာရင်းရေးသားပြုစုပါ။
၂။ ပုံ(၂)တွင်မည်သည့်လူမှုပတ်ဝန်းကျင်ပုံပန်းသွင်ပြင်လက္ခဏာများကိုသင်ရေးသားပြုစုနိုင်သနည်း။ စာရင်းရေးသားပြုစုပါ။
၃။ ပုံ(၂)၏သဘာဝပတ်ဝန်းကျင်တွင်မည်သည့်ပြောင်းလဲမှုများကိုဖန်တီးတည်ဆောက်ခဲ့ပြီနည်း။

# ၃ (ခ)။ ဘူမိဗေဒပညာရှင်များသည်မည်သည်တို့ကိုလုပ်ကိုင်ကြသနည်း။

ပထဝီဝင်ဘာသာရပ်ကိုကျွန်ုပ်တို့လေ့လာသောအခါ မေးခွန်းများမေး၍ကျွန်ုပ်တို့စတင်လေ့ရှိသည်။ ဥပမာ – ထိုနေရာတွင် ဘာရှိသနည်း။ မည်သည့်နေရာတွင်ရှိသနည်း။ ထိုအရာသည်အဘယ်ကြောင့်ထိုနေရာတွင်ရှိနေသနည်း။ ၄င်းအရာထိုနေရာတွင် ရှိနေသောကြောင့် မည်သည့်သက်ရောက်မှုများရှိသနည်း။ ထိုအရာသည်အချိန်တိုင်းမည်ကဲ့သို့ပြောင်းလဲနေသနည်း။ ထိုကဲ့သို့ဖြစ်သင့်ပါသလား။ မည်သည့်လုပ်ဆောင်ခြင်းသည်အသင့်တော်ဆုံးဖြစ်မည်နည်း။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – အချက်အလက်များလက်တွေ့အသုံးချခြင်း**

ပုံ(၂)ကိုထပ်မံလေ့လာကြည့်ရှု၍ အထက်ဖော်ပြပါပထဝီဝင်ဆိုင်ရာမေးခွန်းများကဲ့သို့ ၄င်းပုံထဲရှိအကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍မေးခွန်းများရေးချပါ။ ဥပမာ – မြစ်အနီးတွင်မည်သည့်အရာရှိသနည်း။

၁။ ____________ သည် မည်သည့်နေရာတွင်ရှိသနည်း။
၂။ ____________ သည် အဘယ်ကြောင့်ထိုနေရာတွင်ရှိနေသည်း။
၃။ ____________ ထိုနေရာတွင်ရှိနေသောကြောင့်မည်သည့်အကျိုးသက်ရောက်မှုများရှိသနည်း။
၄။ ____________ သည် အချိန်နှင့်အတူမည်ကဲ့သို့တိုးတက်ပြောင်းလဲနေသနည်း။
၅။ ____________ သည်ထိုကဲ့သို့ဖြစ်သင့်ပါသလား။
၆။ ____________ လုပ်ဆောင်ရန်မည်သည့်လုပ်ဆောင်ချက်သည်အသင့်တော်ဆုံးဖြစ်သနည်း။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – အချက်အလက်များလက်တွေ့အသုံးချခြင်းနှင့်မှတ်သားခြင်း**

သင့်အနီးပတ်ဝန်းကျင်ရှိသင်နေ့စဉ်မြင်တွေ့နေကျဖြစ်သောအရာဝတ္ထုများနှင့်ပက်သတ်၍အထက်တွင်ရေးချခဲ့သည့်အတိုင်း မေးခွန်းများရေးချပါ။ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ရှုထောင့်နှစ်ခုလုံးကိုစဉ်းစားရန်သတိရပါ။
***ဥပမာ – ကျွန်တော့်အိမ်ရှေ့တွင် မည်သည့်အရာရှိသနည်း။ သို့မဟုတ် လမ်းမ၏ဟိုဘက်တွင်မည်သည့်အရာရှိသနည်း။***
သင်စဉ်းစားနိုင်သမျှသောမေးခွန်းအားလုံးကိုရေးချပါ။ ထိုနောက်အုပ်စုများခွဲ၍ ထိုမေးခွန်းများကိုကြိုးစား၍ဖြေဆိုပါ။

**ဝိုင်းဝန်းအဖြေရှာခြင်း**

အောက်ပါပေးထားသောအတတ်ပညာရှင်၊ အသိပညာရှင်များထဲမှမည်သူတို့သည် သူတို့အလုပ်အကိုင်အတွက် ပထဝီဝင်ဘာသာရပ်ကိုသိရှိနားလည်ရန်လိုအပ်သနည်း။

ကျောင်းဆရာ၊ လယ်သမား၊ သတင်းထောက်သို့မဟုတ်သတင်းစာဆရာ၊ နိုင်ငံရေးသမား၊ သစ်တောမန်နေဂျာ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင်အလုပ်လုပ်သူများ (NGOs' worker)၊ အင်ဂျင်နီယာ၊
အခြားမည်သည့်အတတ်ပညာရှင်၊ အသိပညာရှင်များကို သင်တို့အထက်ပါစာရင်းတွင်ထပ်၍ဖြည့်စွက်နိုင်သနည်း။

**လေ့ကျင့်ခန်း**

အထက်ပါစာရင်းမှပညာရှင်တစ်ယောက်ကိုရွေးချယ်ပါ။ ထိုပညာရှင်အနေဖြင့်သူ၏အလုပ်ခွင်တွင်ပထဝီဝင်နှင့်စပ်လျဉ်း၍သိရှိရန်လိုအပ်ကောင်းလိုအပ်နိုင်သည်။ ဥပမာ – ''အဘယ်ကြောင့်သစ်ထုတ်လုပ်သောကုမ္ပဏီများဤဒေသမှသစ်တောများအားလုံးကိုခုတ်လှဲနေရသည်''စသည်ဖြင့်သတင်းထောက်တစ်ယောက်ကစုံစမ်းရန်လိုအပ်နိုင်သည်။ သင်စဉ်းစားတွေးတော၍ရသမျှကိုရေးသားပါ။

**ဝိုင်းဝန်းအဖြေရှာခြင်း** တခြားမည်သည့်ပထဝီဝင်ဆိုင်ရာမေးခွန်းများသင်စဉ်းစား၍ရသနည်း။

# ၃ (ဂ)။ ကမ္ဘာမြေကြီး

## လတ္တီကျူမျဉ်းနှင့်လောင်ဂျီကျူမျဉ်း

လတ္တီကျူနှင့် လောင်ဂျီကျူမျဉ်းသည် စိတ်ကူးမှန်းဆ၍ရေးဆွဲထားသော ကမ္ဘာ့ပတ်မျဉ်းများဖြစ်သည်။ ၄င်းမျဉ်းများသည်အမှန်တကယ် မတည်ရှိပေ။ သို့သော်သိပ္ပံပညာရှင်များက ထိုမျဉ်းများမည်သည့်နေရာတွင် ရှိသင့်သည်ကိုထွက်ချက်ဖော်ပြထားခြင်းသာ ဖြစ်သည်။ ထိုမျဉ်းများကို ကမ္ဘာပေါ်ရှိ မည်သည့်နေရာတိုင်းအတွက် မဆို 'လိပ်စာ' တစ်ခုကဲ့သို့ လူများအသုံးပြုနိုင်သည်။

လတ္တီကျူမျဉ်းများကို မျဉ်းပြိုင်များ(parallels)ဟုခေါ်သည်။ ၄င်းတို့သည် ကမ္ဘာကိုပတ်၍ အရှေ့မှအနောက်ဆက်သွယ်ထားသောစက်ဝိုင်းမျဉ်းပြိုင်များဖြစ်ပြီး တစ်ကြောင်းနှင့်တစ်ကြောင်းပြိုင်လျက်တည်ရှိနေကြသည်။ ထိုမျဉ်းပြိုင်များသည် ကမ္ဘာကြီးအား ဒီဂရီများဖြင့်ပိုင်းခြားထားသည်။ ကမ္ဘာ့အလယ်တည်တည်ရှိ စက်ဝိုင်းမျဉ်းပြိုင်ကို 'အီကွေတာ' ဟုခေါ်သည်။ ၄င်းသည် သုံညဒီဂရီ လတ္တီကျူဖြစ်သည်။

ဒီဂရီများသည် သုံညဒီဂရီအီကွေတာမှ တောင်သို့ကိုးဆယ်ဒီဂရီနှင့်မြောက်ဘက်သို့ကိုးဆယ်ဒီဂရီအသီးသီးသွားသည်။ မြောက်ဘက် ၉၀ ဒီဂရီကို **မြောက်ဝင်ရိုးစွန်း**ဟုခေါ်ပြီး ၉၀ ဒီဂရီတောင်ဘက်ကို **တောင်ဝင်ရိုးစွန်း**ဟုခေါ်သည်။

အီကွေတာသည် ကမ္ဘာမြေကြီးကို ကမ္ဘာ့မြောက်ခြမ်းနှင့်ကမ္ဘာ့တောင်ခြမ်းဟူ၍နှစ်ပိုင်းခွဲခြမ်းသည်။ အီကွေတာ၏မြောက်ဘက်ရှိအရာအားလုံးသည် ကမ္ဘာ့မြောက်ခြမ်းတွင်တည်ရှိ၍ အီကွေတာတောင်ဘက်ရှိအရာအားလုံးသည် ကမ္ဘာ့တောင်ခြမ်းတွင်တည်ရှိသည်။

လောင်ဂျီကျူမျဉ်းသည် မြောက်မှတောင်သို့ဆက်သွယ်ထားသည်။ ထိုမျဉ်းများကို မရီဒီယန်(meridian)ဟုခေါ်သည်။ မရီဒီယန်မျဉ်းအားလုံးသည် မြောက်ဝင်ရိုးစွန်းတွင်လည်းကောင်း၊ တောင်ဝင်ရိုးစွန်းတွင်လည်းကောင်းဆုံကြသည်။ မရီဒီယန်မျဉ်းတစ်ကြောင်းစီသည် လတ္တီကျူမျဉ်းတစ်ကြောင်းစီကိုဖြတ်သွားသည်။ မရီဒီယန်မျဉ်းများသည်အလယ်ရှိမူလမရီဒီယန်မျဉ်းမကြီးမှစတင်၍အင်္ဂလန်နိုင်ငံရှိဂရင်းနစ်မြို့ကိုဖြတ်ပြီးမြောက်မှတောင်သို့သွယ်တန်းသည်။ ၄င်းမျဉ်းမကြီးကိုဂရင်းနစ်မရီဒီယန် ဟုကျွန်ုပ်တို့ခေါ်ဆို၍ထိုမျဉ်းသည်သုံညဒီဂရီလောင်ဂျီကျူဖြစ်သည်။

မရီဒီယန်မျဉ်းများသည် မူလသုံညဒီဂရီ မဒီရီယန်မျဉ်းမကြီးမှနေ၍ တစ်ရာ့ရှစ်ဆယ်ဒီဂရီ အရှေ့ဘက်သို့လည်းကောင်း၊ တစ်ရာ့ရှစ်ဆယ်ဒီဂရီအနောက်ဘက်သို့လည်းကောင်းပတ်သွားသည်။ သုံညဒီဂရီမှ အရှေ့ဘက်တစ်ရာ့ရှစ်ဆယ်ဒီဂရီအတွင်းအရာအားလုံးကို ကမ္ဘာ့အရှေ့ခြမ်းဟုခေါ်၍ သုံညဒီဂရီမှနေ၍ အနောက်ဘက်တစ်ရာ့ရှစ်ဆယ်ဒီဂရီအတွင်း

အရာအားလုံးကို ကမ္ဘာ့အနောက်ခြမ်းဟုခေါ်သည်။





ပုံ(၃က)။ လတ္တီတွဒ်မျဉ်း **(parallels)**

ပုံ(၃ခ)။ လောင်ဂျီတွဒ်မျဉ်း **(medirians)**



**ပုံ(၃ဂ)။ ကမ္ဘာ့တောင်ခြမ်း–မြောက်ခြမ်းနှင့်ကမ္ဘာ့အရှေ့ခြမ်း–အနောက်ခြမ်းပုံ**

**လေ့ကျင့်ခန်း**

လေ့ကျင့်မှု – မြေပုံအသုံးပြုခြင်း

ကမ္ဘာ့မြေပုံတစ်ခုကိုအသုံးပြု၍ မေးခွန်း(၁)မှ(၉)အထိဖြေဆိုပါ။

၁။ ကမ္ဘာ့မြောက်ခြမ်းတွင် လတ္တီတွဒ်ဒီဂရီမည်မျှရှိသနည်း။
၂။ ကမ္ဘာ့တောင်ခြမ်းတွင် လတ္တီတွဒ်ဒီဂရီမည်မျှရှိသနည်း။
၃။ ကမ္ဘာ့အနောက်ခြမ်းတွင် လောင်ဂျီတွဒ်ဒီဂရီမည်မျှရှိသနည်း။
၄။ ကမ္ဘာ့အရှေ့ခြမ်းတွင် လောင်ဂျီတွဒ်ဒီဂရီမည်မျှရှိသနည်း။
၅။ အောက်ဖော်ပြပါကမ္ဘာ့အစိတ်အပိုင်းတစ်ခုစီတွင်တည်ရှိသောနိုင်ငံ တစ်နိုင်ငံစီဖော်ပြပါ။

က) ကမ္ဘာ့အနောက်မြောက်ခြမ်း
ခ) ကမ္ဘာ့အရှေ့မြောက်ခြမ်း
ဂ) ကမ္ဘာ့အနောက်တောင်ခြမ်း
ဃ) ကမ္ဘာ့အရှေ့တောင်ခြမ်း

၆။ ကမ္ဘာ့မြောက်ခြမ်းနှင့်ကမ္ဘာ့တောင်ခြမ်းနှစ်ဘက်လုံးတွင်တည်ရှိသောနိုင်ငံနှစ်နိုင်ငံကိုဖော်ပြပါ။
၇။ ကမ္ဘာ့အရှေ့ခြမ်းနှင့်ကမ္ဘာ့အနောက်ခြမ်းနှစ်ဘက်လုံးတွင်တည်ရှိသောနိုင်ငံနှစ်နိုင်ငံကိုဖော်ပြပါ။
၈။ သင်မွေးဖွားရာနေရာ၏လတ္တီကျူနှင့်လောင်ဂျီကျူကိုရှာပါ။

၉။ အောက်ပါမြို့များ၏လတ္တီကျုနှင့်လောင်ဂျီကျုတို့ကိုရှာပါ။

က) ဘန်ကောက် (ထိုင်း)  ခ) ကိုင်ရို (အီဂျစ်)  ဂ) ဆောက်ပေါက်လို(Sao Paulo) (ဘရာဇီး)

ဂ) မက္ကဆီကိုဆီးတီး (မက္ကဆီကို)  ဃ) စိန့်ပီတာဘာရ်ခ်(St. Petersburg) (ရုရှား)

စ) ဝဲလ်လင်တန်(wellington) (နယူးဇီလန်)

မေးခွန်း(၁၀)မှ(၁၂)အထိကို**‘ကမ္ဘာ့မြေပုံကိုအသုံးမပြုပဲ’**ဖြေဆိုပါ။

၁၀။ မေးခွန်း(၉)မှမည်သည့်မြို့တော်သည်တောင်ဝင်ရိုးစွန်းနှင့်အနီးဆုံးဖြစ်သနည်း။
၁၁။ မေးခွန်း(၉)မှမည်သည့်မြို့တော်သည်မြောက်ဝင်ရိုးစွန်းနှင့်အနီးဆုံးဖြစ်သနည်း။
၁၂။ မေးခွန်း(၉)မှမည်သည့်မြို့တော်သည်အီကွေတာနှင့်အနီးဆုံးဖြစ်သနည်း။

## ၃ (ဃ)။ သဘာဝမြေမျက်နှာသွင်ပြင်အနေအထားများနှင့်လူဖန်တီးတည်ဆောက်သောမြေမျက်နှာသွင်ပြင်အနေအထားများ

**အဓိကဝေါဟာရများ**

ပင်လယ်ကမ်းပါး (coastal cliff)  အစိတ်အပိုင်း (component)  သဲကန္တာရ (desert)  အင်္ဂါရပ်၊ သွင်ပြင်လက္ခဏာများ (features)  ပြုပြင်မွမ်းမံသည် (modify)  အိမ်၊ တဲ၊ အဆောက်အဦး (shelter)  မျက်နှာပြင် (surface)  လမ်း၊ လမ်းကြောင်း (track)  အမျိုးမျိုး (variety)

ကမ္ဘာ့အပေါ်ယံမြေ**မျက်နှာပြင်**ပေါ်တွင်**အမျိုးမျိုး**သောသဘာဝမြေမျက်နှာသွင်ပြင်များစွာရှိသည်။ တောင်တန်းများနှင့်ချိုင့်ဝှမ်းများ၊ မြစ်ချောင်းအင်းအိုင်များ၊ **သဲကန္တာရများ**၊ တောကြီးများ၊ အမြဲစိမ်းတောများ၊ ကမ်းရိုးတန်းကျောက်ဆောင်ကျောက်**ကမ်းပါး**များနှင့်ကမ်းခြေများတို့ပါဝင်သည်။ ဤသည်အားလုံးတို့သည် သဘာဝပတ်ဝန်းကျင်တစ်ခုလုံး၏အစိတ်အပိုင်းများဖြစ်ကြသည်။

ယခုခေတ်အချို့သောလူမှုအဖွဲ့အစည်းများသည် ရှေးခေတ်လူသားများနေထိုင်ပုံအတိုင်း သဘာဝပတ်ဝန်းကျင်နှင့်ကြီးမားစွာထိတွေ့နေထိုင်နေကြဆဲဖြစ်သည်။ သူတို့သည်သူတို့၏သဘာဝဘေးပတ်ဝန်းကျင်ကိုပြောင်းလဲမှုများမပြုလုပ်ပေ။ မြောက်များစွာသောယဉ်ကျေးမှုလူ့အဖွဲ့အစည်းများတွင် လူတို့သည် သူတို့၏ပတ်ဝန်းကျင်ကို သူတို့ကိုယ်တိုင်ဖန်တီးသော**အင်္ဂါရပ်**များဖြင့်တိုးချဲ့ကြသည် – ဥပမာ။ ။ ခြံစည်းရိုးများ၊ **လူနေအိမ်များ**၊ **လူသွားလမ်းများ**၊ စားကျက်ကွင်းများနှင့်လယ်ကွင်းများစသည်တို့ဖြစ်သည်။ ထိုသို့ဖန်တီးတိုးချဲ့သောအချိန်တွင် လူတို့သည် သူတို့၏သဘာဝပတ်ဝန်းကျင်ကို**ပြုပြင်မွမ်းမံ**ကြသည်။ များစွာသောယဉ်ကျေးမှုလူ့အဖွဲ့အစည်းများသည် သူတို့အနီးရှိသဘာဝဘေးပတ်ဝန်းကျင်ကို အလွန်ကြီးမားစွာပြုပြင်ပြောင်းလဲကြသည်။ သစ်တောများကိုခုတ်လှဲခြင်း မြို့ကြီးများ၊ စက်ရုံများ၊ လမ်းမကြီးများတည်ဆောက်ခြင်းစသည်အားဖြင့်သည်။ လူဖန်တီးတည်ဆောက်သောမြေမျက်နှာသွင်ပြင်အနေအထားများ (Human Landscape) တွင် သဘာဝ၏**အစိတ်အပိုင်း**များ(physical components)နှင့်(humancomponents)လူဖန်တီးပြုလုပ်သောအစိတ်အပိုင်းများနှစ်ခုလုံးပါဝင်သည်။ လူများသည် သူတို့၏ပတ်ဝန်းကျင်မှသဘာဝ၏အစိတ်အပိုင်းများကိုအသုံးပြု၍ဖန်တီးပြုလုပ်ကြပြီးထိုဖန်တီးပြုလုပ်ထားသောအရာဝတ္ထုများကိုသဘာဝပတ်ဝန်းကျင်တွင် ဖြည့်စွက်ကြသည်။

**လူဖန်တီးတည်ဆောက်သောမြေမျက်နှာသွင်ပြင်အနေအထားများ**



## ဆွေးနွေးခြင်း
## လေ့ကျင့်မှု – အချက်အလက်များလက်တွေ့အသုံးချခြင်း

သင့်ပတ်ဝန်းကျင်မှသဘာဝပတ်ဝန်းကျင်အစိတ်အပိုင်းများ(physical components)ကိုစဉ်းစားပါ။ ၄င်းတို့နှင့်ပတ်သက်၍ မည်သည့်တို့ကိုသင်ပြောပြနိုင်သနည်း။ ဆက်လက်၍လူဖန်တီးပြုလုပ်သောအစိတ်အပိုင်းများ (human components) ကိုစာရင်းပြုစုပါ။

**ဤတွင်လူဖန်တီးတည်ဆောက်သောမြေမျက်နှာသွင်ပြင်အနေအထားဥပမာအချို့ကိုပေးထားသည်။**



ပုံ(၄) အာဖရိကတွင်အမျိုးသမီးတစ်ဦးရေခတ်နေပုံ



ပုံ(၅) အမေရိကန်နိုင်ငံနယူးယော့ခ်မြို့ရှိ **Times Sqaure** နေရာ

## ဆွေးနွေးခြင်း
## လေ့ကျင့်မှု – တူညီမှုများဖော်ထုတ်ခြင်းနှင့်ကွဲပြားမှုများကိုဖော်ထုတ်ခြင်း

၁။ ပုံ(၄)နှင့်(၅)လေ့လာပါ။ မည်သည့်တစ်ခုကပို၍ထူးခြားမှုရှိသနည်း။

၂။ အဆောက်အဦးများ၊ လူများနှင့်သူတို့ဝတ်ဆင်ထားသောအဝတ်အစားများကိုကြည့်ရှုပြီး ၄င်းပတ်ဝန်းကျင်အနေအထားတစ်ခုစီနှင့်ပတ်သက်၍ မည်သည့်တို့ကိုသင်ပြောပြနိုင်သနည်း။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**

၁။ သင်တို့၏ပတ်ဝန်းကျင်အနေအထားကိုစဉ်းစားပါ။ ထူးခြားပြောင်းလဲမှုမည်မျှရှိသနည်း။
၂။ သင့်ပတ်ဝန်းကျင်အနေအထားကိုပုံ(၄)နှင့်(၅)တို့နှင့်နှိုင်းယှဉ်ပါ။ မည်သည့်ပုံနှင့်ပို၍နီးစပ်သနည်း။

**လေ့ကျင့်ခန်း**

လက်ဝဲဘက်ရှိဝေါဟာရများကိုလက်ယာဘက်ရှိ၎င်းတို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်များကိုယှဉ်တွဲပါ။ သင့်အတွက်ဥပမာနှစ်ခုဖော်ပြပေးထားသည်။

| | |
|---|---|
| ၁။ ကမ္ဘာ့လေထု | က) သင်မြင်တွေ့ရသောအပေါ်ယံမြေအလွှာ |
| ၂။ မြေဆီလွှာ | ခ) အပြန်အလှန်ဆက်သွယ်သည်၊ အပြန်အလှန်အချက်အလက်ဖလှယ်သည် |
| ၃။ အပြန်အလှန်အကျိုးပြုသည် | ဂ) လေနှင့်လေထုထဲရှိအရာများအားလုံး |
| ၄။ စဉ်ဆက်မပြတ် | ဃ) ပင်လယ်ကမ်းရိုးတန်းရှိမတ်စောက်သောကျောက်တုံး၊ ကျောက်ဆောင်များ |
| ၅။ အကျိုးသက်ရောက်သည် | င) အပင်များစိုက်ပျိုးပေါက်ရောက်သောကမ္ဘာ့မြေလွှာ |
| ၆။ အမျိုးမျိုးအစားအစား | စ) သင်လိုအပ်ချက်များနှင့်ကိုက်ညီအောင်ပြောင်းလဲသည် |
| ၇။ မြေမျက်နှာပြင် | ဆ) အကျိုးအပြစ်သက်ရောက်မှု |
| ၈။ ကမ်းရိုးတန်းကျောက်ကမ်းပါး | ဇ) အမြဲတမ်း၊ တစ်ချိန်လုံး |
| ၉။ အင်္ဂါရပ်များ | ဈ) မတူညီသော၊ အမျိုးမျိုးသောအရာဝတ္ထုများ |
| ၁၀။ ပြုပြင်ပြောင်းလဲသည် | ည) သွင်ပြင်လက္ခဏာများ |

# ၃ (င)။ မြေမျက်နှာသွင်ပြင်များနှင့်ရာသီဥတုများ

**အဓိကဝေါဟာရများ**

ပင်လယ်ရေမျက်နှာပြင်မှအမြင့် (altitude)  ဥတု (climate)  ထင်းရှူးတော (coniferous forest)
ရေစီးကြောင်း (current)  ရွက်ပြတ်တော (deciduous)  မြေမျက်နှာသွင်ပြင် (landscape)
လူနေမှုပုံစံ (lifestyle)  ဓာတ်သတ္တု၊ တွင်းထွက်ပစ္စည်း (mineral)  စိုထိုင်းဆ (moisture)
ရေတိမ် (shallow)  (ရေခဲ၊ နှင်းစသည်) အရည်ပျော်သည် (thaw)

လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်တို့သည် နည်းအမျိုးမျိုးဖြင့် နီးကပ်စွာဆက်စပ်နေကြသည်။ ကျွန်ုပ်တို့၏လူနေမှုပုံစံများသည် ကျွန်ုပ်တို့နေထိုင်သောကုန်းမြေ၏သဘာဝသွင်ပြင်လက္ခဏာအင်္ဂါရပ်များအပေါ်တွင်မှီတည်သည်။ အပြန်အလှန်အားဖြင့် ကျွန်ုပ်တို့၏နေပုံထိုင်ပုံများသည် ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်ကိုအကျိုးသက်ရောက်မှုရှိပြီး ၎င်းအားပြောင်းလဲမှုများဖြစ်စေသည်။

မြေမျက်နှာသွင်ပြင်မတူညီမှုများနှင့်ရာသီဥတုမတူညီမှုများကိုကျွန်ုပ်တို့လေ့လာသောအခါ အဘယ်ကြောင့်နှင်းထုထပ်သောတောင်များပေါ်တွင်နေထိုင်သောလူများ စပါးမစိုက်ပျိုးနိုင်သည်၊ အဘယ်ကြောင့် သဲကန္တာရတွင်နေထိုင်သောလူများကျွဲများကိုမမွေးမြူနိုင်သည်တို့ကိုနားလည်သိရှိလာမည်ဖြစ်သည်။ ဒေသတစ်ခု၏ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်သည် ထိုနယ်မြေဒေသမှမည်သည်တို့ထွက်ရှိနိုင်သည်ဆိုသည့် အပေါ်တွင်အကျိုးသက်ရောက်မှုရှိသည်။ ၎င်းသည် လူတို့ဆောက်လုပ်သောအိမ်ပုံစံများ၊ လူတို့ခရီးသွားလာပုံများနှင့်လူတို့အလုပ်လုပ်ပုံများ အပေါ်တွင်လည်းအကျိုးသက်ရောက်မှုရှိသည်။

သဘာဝအရင်းအမြစ်များသည်လည်း လူနေမှုဘဝအပေါ်သက်ရောက်မှုရှိသည်။ သဘာဝအရင်းအမြစ်များသည် သဘာဝ၏ထုတ်ကုန်များဖြစ်သည်။ ၎င်းတို့သည်မြေထဲရှိဓာတ်သတ္တုတွင်းထွက်ပစ္စည်းများ၊ မြေပေါ်ရှိသစ်တောများနှင့်ရေ စသည်ဖြင့်ဖြစ်သည်။ သဘာဝအရင်းအမြစ်များသည် လူတို့အတွက်အလွန်အဖိုးတန်သည်။ သဘာဝအရင်းအမြစ်များသည် ကျွန်ုပ်တို့စားသောအစားအစာများ၊ ဝတ်ဆင်သောအဝတ်အထည်ပုံစံများနှင့်နေထိုင်သောအဆောက်အဦးပုံစံများအပေါ်

လွှမ်းမိုးမှုရှိသည်။ မတူကွဲပြားသောဒေသများမှသဘာဝအရင်းအမြစ်များသည် ထိုဒေသများတစ်ခုနှင့်တစ်ခုအကြားဆက်ဆံရေးများအပေါ်တွင်လည်းသက်ရောက်မှုရှိသည်။

အာဖရိကတောထဲမှလူများ၏ဘဝနေထိုင်ပုံများသည် တရုတ်ပြည်တောင်ပေါ်ဒေသမှလူများဘဝနေထိုင်ပုံနှင့်များစွာကွာခြားမှုရှိသည်။ ရန်ကုန်မြို့ပေါ်ရှိလူများ၏ဘဝနေထိုင်ပုံများသည် ကပ္ပလီပင်လယ်အနီးတွင်နေထိုင်သောလူများ၏ဘဝနေထိုင်ပုံနှင့်ကွဲခြားသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ တစိတ်တပိုင်းအားဖြင့် ၎င်းဒေများ၏ကွဲပြားသောမြေမျက်နှာသွင်ပြင်များနှင့်ကွဲပြားသောရာသီဉတုများကြောင့်ဖြစ်သည်။

ထိုမတူကွဲပြားမှုများသည် မတူညီသောယဉ်ကျေးမှုပုံစံများနှင့်မတူညီသောလူနေမှုဘဝတို့ကို ဖြစ်ပေါ်စေသည်။ ပထဝီဝင်တွင် ထိုကွဲပြားခြားနားမှုများကိုလေ့လာသည်။ အမှန်တကယ်တွင် သဘာဝပတ်ဝန်းကျင်သည် ယနေ့ကမ္ဘာ့နေရာအနှံ့အပြားရှိလူများနေထိုင်ပုံမတူညီရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်။ သို့ရာတွင် အဘယ်ကြောင့်ယနေ့ခေတ်တွင် ကျွန်ုပ်တို့ဤကဲ့သို့နေထိုင်သည်ကို နားလည်ရန် နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ အခြေခံအကြောင်းအရာများကိုလည်း အတော်များများလေ့လာရန်လိုအပ်သည်။

နယ်မြေဒေသအမျိုးမျိုးရှိလူ့အဖွဲ့အစည်းပုံစံများကိုပထဝီဝင်တွင်လေ့လာနိုင်သည်။ ၎င်းတွင်ဤမတူညီသောလူ့အဖွဲ့အစည်းများ မည်ကဲ့သို့ပြောင်းလဲကြီးထွားလာသည်ကိုလည်းကောင်း၊ ၎င်းတို့၏ပတ်ဝန်းကျင်ရှိသဘာဝအရင်းအမြစ်များကိုမည်ကဲ့သို့အသုံးပြုသည်ကိုလည်းကောင်း၊ အခြားလူ့အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင်များနှင့်မည်ကဲ့သို့အပြန်အလှန်ဆက်ဆံသည်ကိုလည်းကောင်းလေ့လာနိုင်သည်။

ကမ္ဘာပေါ်တွင်အသက်ရှင်ရပ်တည်ရန်အတွက် ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းများသည် နည်းလမ်းတစ်ခုခုကိုရှာဖွေတွေ့ရှိမြဲဖြစ်သည်။ ကမ္ဘာပေါ်ရှိကွဲပြားသော ဒေသများမှလူမျိုးများတွင် မတူညီသောလူနေမှုပုံစံများရှိသည်။ ပထဝီဝင်ဘာသာရပ်သည် ထိုကွဲပြားမှုများကိုနားလည်သဘောပေါက်ရန်အထောက်အကူပြုသည်။ ပထဝီဝင်ဘာသာရပ်သည် ကမ္ဘာပေါ်ရှိနေမြေဒေသများကိုလေ့လာခြင်းသာမက ကမ္ဘာမြေပေါ်ရှိမတူညီသောမြေမျက်နှာသွင်ပြင်များနှင့်မတူညီသောရာသီဉတုများတွင် လူသားများအသက်ရှင်ရပ်တည်ရန်အတွက်နည်းလမ်းများ ရှာဖွေခြင်းကိုလေ့လာခြင်းလည်းဖြစ်သည်။




ပုံ(၆) သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်တို့အကြားအပြန်အလှန်ဆက်စပ်မှုပြပုံ

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ကွဲပြားမှုများကိုရှာဖွေဖော်ထုတ်ခြင်း**

အသင့်လျော်ဆုံးအဖြေကိုရွေးပါ။

၁။ ပထဝီဝင်ဘာသာရပ်သည်

က) တောနေလူထု၊ မြို့နေလူထုနှင့်တောင်ပေါ်နေလူထုအကြောင်းကိုလေ့လာသင်ကြားခြင်းဖြစ်သည်။
ခ) မည်ကဲ့သို့လူသားများအပြန်အလှန်ဆက်ဆံကြသည်ကိုလေ့လာသင်ကြားခြင်းဖြစ်သည်။
ဂ) ယဉ်ကျေးမှုနှင့်လူနေမှုစရိုက်တူညီသော လူမျိုးအုပ်စုများအကြောင်းကိုလေ့လာသင်ကြားခြင်းဖြစ်သည်။
ဃ) လူသားနှင့်ကမ္ဘာမြေကြီးအကြားအပြန်အလှန်ဆက်ဆံပုံကိုလေ့လာသင်ကြားခြင်းဖြစ်သည်။

၂။ အေးသောရာသီဥတုတွင်နေထိုင်သောလူများသည်

က) ပူနွေးသောရာသီဥတုတွင်နေထိုင်သောလူများနှင့်အတူတူဖြစ်သည်
ခ) အမြဲတမ်းအအေးဒဏ်ကိုခံစားရ၍ဆာလောင်မွတ်သိပ်နေကြသည်။
ဂ) အားလုံးအတူတူပင်ဖြစ်သည်
ဃ) သက်တောင့်သက်သာရှိ၍နွေးထွေးမည့်နည်းလမ်းများကိုရှာဖွေကြသည်။

၃။ အထက်ပါစာပိုဒ်ကဆိုလိုသည်မှာ

က) ကမ္ဘာကြီးသည် လူတို့၏ဘဝများအပေါ်အကျိုးသက်ရောက်သည်
ခ) လူများ ကောင်းမွန်သောရာသီဥတုရှိရာနေရာများသို့ပြောင်းရွှေ့နေထိုင်သင့်သည်
ဂ) အားလုံးသောလူ့အဖွဲ့အစည်းများသည်အတူတူဖြစ်သည်
ဃ) လူများသည် သဘာဝအရင်းအမြစ်များကို မျှဝေသုံးစွဲသင့်သည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
**လေ့ကျင့်မှု – လေ့လာခြင်း**

သင်နေထိုင်ရာဒေသ၏မြေမျက်နှာသွင်ပြင်နှင့်ရာသီဥတုကိုစဉ်းစားကြည့်ပါ။

၁။ ထိုဒေသတွင်မည်သည့်သဘာဝအရင်းအမြစ်များကိုရရှိနိုင်သနည်း။
၂။ မည်ကဲ့သို့သောအစားအစာမျိုးကိုထိုဒေသရှိလူများစားသုံးကြသနည်း။
၃။ မည်ကဲ့သို့သောအဝတ်အထည်မျိုးကိုဝတ်ဆင်ကြသနည်း။
၄။ အိမ်များကိုမည်သည့်အရာဝတ္ထုများဖြင့်တည်ဆောက်ကြသနည်း။

မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု → လူတို့၏ဘဝနေပုံထိုင်ပုံ → သဘာဝအရင်းအမြစ် များ

**ဆွေးနွေးခြင်း** ပတ်ဝန်းကျင်ကိုလေ့လာခြင်း –

အောက်ပါအရာများမှတဆင့်မည်သည့်ပတ်ဝန်းကျင်ကိုမဆိုကျွန်ုပ်တို့လေ့လာနိုင်သည် –

– မြေပုံများ
– ဓါတ်ပုံများ
– လက်တွေ့ဘဝအတွေ့အကြုံများ (ဥပမာ – ခရီးသွားခြင်း)
– လူထုဆက်သွယ်ရေးများ(mass media) (ဥပမာ – တီဗီ၊ သတင်းစာ၊ မဂ္ဂဇင်းများ၊ စသည်အားဖြင့်)

– အင်တာနက်
အထက်ပါစာရင်းတွင်သင်တို့မည်သည်တို့ကိုထပ်၍ဖြည့်စွက်နိုင်သနည်း။ သင်အခြားမည်သည့်ရာသီဥတုအမျိုးအစားများနှင့်သဘာဝပတ်ဝန်းကျင်အမျိုးအစားများကိုသိရှိသေးသနည်း။

## ဝိုင်းဝန်းအဖြေရှာခြင်း

ရာသီဥတုဆိုသည်မှာအဘယ်နည်း။ သင်သိသမျှရာသီဥတုအမျိုးအစားများကိုစဉ်းစားကြည့်ပါ။ ထိုရာသီဥတုများအကြောင်းကိုသင်မည်မျှသိသနည်း။ ထိုရာသီဥတုများအကြောင်းကိုစိတ်ကူးမြေပုံတစ်ခုရေးဆွဲပါ။ **ဥပမာ –**



## လေ့ကျင့်ခန်း

သင်နေထိုင်ရာဒေသမှရာသီဥတုအကြောင်းကိုဖော်ပြပါ။ ထိုရာသီဥတုနှင့်ပတ်သက်၍သင်စဉ်းစားတွေးတော၍ရသမျှကိုရေးချပါ။ သင်ရေးသားထားသည်များကိုသင်၏အတန်းဖော်များနှင့်နှိုင်းယှဉ်ကြည့်ပါ။

ရာသီဥတုသည် နေရာဒေသတစ်ခုတွင်နှစ်ပေါင်းများစွာ ပုံမှန်အမြဲတမ်းတည်ရှိနေသောဥတုများဖြစ်သည်။ ရာသီဥတု၏အရေးပါသောအရာနှစ်ခုမှာအပူချိန်နှင့်စိုထိုင်းဆ(လေထုထဲ၌ရေငွေ့ပါဝင်မှုနှုန်း)ဖြစ်သည်။မည်သည့်နေရာဒေသရှိမိုးလေဝသနှင့်ရာသီဥတုကိုမဆိုလွှမ်းမိုးသောအခြားသောအခြေခံအကြောင်းအရာများစွာရှိသည်။ ထိုအခြေခံအကြောင်းအရာများထဲမှတစ်ချို့မှာ ဒေသတစ်ခု၏ –

၁) အီကွေတာနှင့်ဝင်ရိုးစွန်းများမှအကွာအဝေး
၂) ပင်လယ်မှအကွာအဝေး
၃) မည်သည့်ကမ္ဘာ့သမုဒ္ဒရာရေစီးကြောင်း(ရေအေးစီးကြောင်းသို့မဟုတ်ရေနွေးစီးကြောင်း)နှင့်နီးကပ်သည်
၄) ပင်လယ်ရေမျက်နှာပြင်မှအမြင့်စသည်ဖြင့်ဖြစ်သည်။

**ကျွန်ုပ်တို့သည် မတူညီသောရာသီဥတုများနှင့်သဘာဝပတ်ဝန်းကျင်များကို အမျိုးအစားခြောက်ခုခွဲခြားနိုင်သည်။**

### ၁။ အပူပိုင်းဒေသရာသီဥတုများ (tropical climates)

အပူပိုင်းဒေသရာသီဥတုနှစ်မျိုးရှိသည်။ ပထမတစ်မျိုးမှာတစ်နှစ်ပတ်လုံးပူ၍စိုစွတ်ပြီး နောက်တစ်မျိုးမှာစိုစွတ်၍ခြောက်သွေ့သောရာသီဥတုဖြစ်သည်။ အပူပိုင်းရာသီဥတုရှိသောနေရာဒေသများတွင်အမြဲစိမ်းသစ်တောများပေါက်ရောက်သည်။ အပူပိုင်းရာသီဥတုရှိသောဒေသများသည် နေရောင်ခြည်၊ အပူချိန်နှင့်မိုးရေချိန်များစွာရရှိသည်။ ထို့ကြောင့်ဤရာသီဥတုသည်ထောင်ပေါင်းများစွာသောအပင်အမျိုးမျိုးအလွယ်တကူပေါက်ရောက်ရှင်သန်ကြီးထွားရန်အထောက်အကူပြုသည်

ပုံ (၇)။ အပူပိုင်းအမြဲစိမ်းသစ်တောပုံ



## ၂။ ခြောက်သွေ့သောရာသီဥတုများ **(dry climates)**

ဤရာသီဥတုမျိုးများသည်မိုးအလွန်နည်း၍ခြောက်သွေ့ပူးပြင်သည်။ မိုးရေချိန်အလွန်နည်းသောကြောင့်အပင်အနည်းငယ်သာရှင်သန်ပေါက်ရောက်နိုင်သည်။ မြေဆီလွှာသည်များသောအားဖြင့်သဲမြေများသာဖြစ်သည်။ ထိုဒေသများမှအပင်များသည် ရာသီဥတုနှင်လိုက်လျောညီထွေရန်ပြောင်းလဲရသည်၊ ဥပမာ – လေထဲတွင်ပါဝင်သောစိုထိုင်းဆ(ရေငွေ့)ကိုထိန်းသိမ်းရန်အတွက် ဤဒေသရှိအပင်များတွင်အလွန်သေးငယ်သောအရွက်များသာရှိသည်။ ထို့အပြင်မိုးရေကိုအလွန်လျင်မြန်စွာစုပ်ယူနိုင်ရန်အတွက် အမြစ်တိုလေးများသာရှိသည်။ဤရာသီဥတုများသည်များသောအားဖြင့်သဲကန္တာရရာသီဥတုမျိုးများဖြစ်သည်။

ပုံ(၈)။ ခြောက်သွေ့သောမြက်ခင်းပြင်များပုံ



## ၃။ မျှတသောရာသီဥတုများ (**moderate Climates**)

မြေထဲပင်လယ်*(Mediterranean)*ရာသီဥတုနှင့်အပူပိုင်းဒေသ(**tropics**)အနီးရှိအပူလျော့ပိုင်းဒေသရာသီဥတု

*(sub-trpocial climate)*များသည်မျှတသောရာသီဥတု(moderate climate)များဖြစ်သည်။ ဤဒေသများတွင်လုံလောက်သောမိုးရေချိန်ကိုရရှိသည်။ နွေရာသီတွင်ပူနွေး၍ဆောင်းရာသီတွင်ချမ်းအေးသည်၊ သို့ရာတွင်အလွန်ချမ်းအေးခြင်းမရှိပေ။ ဆောင်းရာသီတွင်မိုးပိုမိုရွာသွန်းလေ့ရှိ၍နွေရာသီတွင်အမြဲတမ်းခြောက်သွေ့နေလေ့ရှိသည်။ ဤရာသီဥတုရှိသောဒေသများရှိအပင်အများစုသည်ဆောင်းရာသီတွင်အရွက်ကြွေလေ့ရှိသည်။ ထို့ကြောင့်၎င်းဒေသရှိသစ်တောကိုရွက်ပြတ်တောများ(deciduous forest)ဟုခေါ်သည်။ ထိုဒေသများတွင်အများအားဖြင့် ရာသီသုံးမျိုးသို့မဟုတ်လေးမျိုးရှိသည်။

ပုံ(၉)။ မြေထဲပင်လယ်ဒေသရာသီဥတုပုံ



**၄။ သမပိုင်းရာသီဥတုများ (continental climates)**

တချို့သောသမပိုင်းရာသီဥတုမျိုးများသည် မိုးများ၍တချို့မှာမိုးနည်းသည်။ မိုးများသောနေရာတွင်ရွက်ပြတ်တောများရှိ၍မိုးနည်းသောနေရာတွင် သစ်ပင်များမပေါက်ရောက်ဘဲ မြက်ရှည်များသို့မဟုတ်မြက်တိုများနှင့်ဆူးချုံတောများသာပေါက်ရောက်သောကျယ်ပြန့်သောမြက်ခင်းပြင်ကြီးများရှိသည်။ အအေးပိုသောသမပိုင်းရာသီဥတုများသည် ဆောင်းရာသီတွင်အလွန်အေးသည်။ ထိုရာသီဥတုရှိသောနေရာများတွင်ထင်းရှူးတောများ(coniferous forests)ပေါက်ရောက်သည်။ ထင်းရှူးပင်များသည်'အပ်'ကဲ့သို့ချွန်ထက်သောအရွက်သဏ္ဍာန်ရှိသောအပင်များဖြစ်သည်။ ထို့အရွက်ပုံစံသည်ပင်လျှင်၎င်းအပင်များကိုနှင်းထူသောဆောင်းရာသီတွင်အသက်ရှင်သန်နိုင်ရန်အထောက်အကူပြုသည်။ ဤရာသီဥတုမျိုးများတွင်များသောအားဖြင့်ရာသီလေးမျိုးရှိ၍ ဆောင်းရာသီနှင့်နွေရာသီအကြားတွင် အပူချိန်အလွန်ကွာခြားသည်။ နွေရာသီသည်တိုတောင်းပြီးနွေး၍အနည်းငယ်အေးသည်။ သို့ရာတွင်ဆောင်းရာသီတွင်အလွန်အေးသည်။

ပုံ(၁၀)။ ရွက်ပြတ်တောပုံ



### ၅။ ဝင်ရိုးစွန်းရာသီဥတုများ

မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းတို့နှင့်နီးသောနေရာဒေသများတွင်ဝင်ရိုးစွန်းရာသီဥတုများရှိသည်။ ဤရာသီဥတုမျိုးများသည်တစ်နှစ်ပတ်လုံးအေးသည်။ နွေရာသီသည်အေးပြီးဆောင်းရာသီသည် အလွန့်အလွန်အေး၍ ရှည်လျားလွန်းသည်။ မြေဆီလွှာများသည်တစ်နှစ်ပတ်လုံးအေးခဲနေသည်။ ပါးလွှာသောအပေါ်ယံလွှာအနည်းငယ်သာနွေရာသီတွင်အရည်ပျော်လေ့ရှိသည်။ အပင်များအတွက်ရှင်သန်ရန်အလွန်အေးပြီးအချို့သောမြက်မျိုးများ၊ ချုံငယ်များနှင့်ပန်းပင်ငယ်တချို့သာရှင်သန်နိုင်သည်။

**ပုံ (၁၁)။ မြောက်ဝင်ရိုးစွန်းပုံ**



### ၆။ ဒေါင်လိုက်ရာသီဥတု (vertical climates) *(အမြင့်သို့ရောက်လာလေရာသီဥတုပြောင်းလာလေဖြစ်သည်။)*

ဤရာသီဥတုမျိုးများသည်တောင်ပေါ်တွင်ရှိသောရာသီဥတုမျိုးများဖြစ်သည်။ တောင်ပေါ်ဒေသများတွင်ရာသီဥတုသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် (ပင်လယ်ရေမျက်နှာပြင်ထက် မည်မျှအမြင့်တွင် ကျွန်ုပ်တို့ရောက်နေသည်) အပေါ်တွင်မူတည်သည်။ တောင်၏မြင့်သထက်မြင့်သောနေရာကိုသင်ရောက်လာလေလေ သင်အနီးပတ်ဝန်းကျင်ရှိရာသီဥတုနှင့်အပင်အမျိုးအစားများပြောင်းလဲလာသည်ကိုတွေ့နိုင်သည်။ အလွန်မြင့်မားသောတောင်များတွင် နှင်းများထူထပ်သောတောင်ထိပ်ကိုရောက်သည်အထိ ရာသီလေး၊ ငါးမျိုးပြောင်းလဲသည်သင်တွေ့ရှိနိုင်သည်။

**အကြောင်းအရာလေ့လာခြင်း**

**ကနေဒါရှအင်းညူးအစ်လူမျိုးများ(Inuit or Innuit)**

အင်းညူးအစ်လူမျိုးများသည် ကနေဒါနိုင်ငံတွင်နေထိုင်သောဌာနေတိုင်းရင်းသားလူမျိုးအုပ်စုများထဲမှလူမျိုးတစ်မျိုးဖြစ်သည်။ သူတို့သည် မြစ်များနှင့်အာတိတ်သမုဒ္ဒရာတို့ထိစပ်ရာနေရာဒေသများနှင့်ကျွန်းများပေါ်တွင်နေထိုင်ကြသည်။ အင်းညူးအစ်လူမျိုးများနေထိုင်ရာဒေသသည် တစ်နှစ်ပတ်လုံးအလွန်ချမ်းအေးသော ဝင်ရိုးစွန်းရာသီဥတုဖြစ်သည်။ ဤကဲ့သို့ရာသီဥတုတွင်ရှင်သန်နေထိုင်ရန်အလွန်ခက်ခဲသည်။ အင်းညူးအစ်လူမျိုးများသည် ကနေဒါနိုင်ငံတွင်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း(၄၀၀၀)ခန့်ရှိပြီဖြစ်သည်။ သူတို့သည်သူတို့၏ဒေသကိုကောင်းစွာနားလည်သိကျွမ်းပြီး သူတို့၏အသိဉာဏ်များကိုအသုံးပြု၍ ထိုဒေသ၏အနေအထားနှင့်လိုက်လျောညီထွေစွာပြောင်းလဲနေထိုင်ကြသည်။

မြေလွှာသည် တစ်နှစ်ပတ်လုံးရေခဲများ၊ နှင်းများဖြင့်ဖုံးလွှမ်းနေ၍ အင်းညူးအစ်များအနေဖြင့်အပင်များစိုက်ပျိုး၍မရပေ။ ထို့ကြောင့်သူတို့၏အစားအစာလိုအပ်ခြင်းကိုဖြည့်ဆီးရန်အတွက် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းများအပေါ်တွင်သာမှီခိုကြရသည်။ ငါးဖမ်းခြင်း၊ ပင်လယ်ဖျံနှင့်ဝေလငါးများကဲ့သို့ပင်လယ်သတ္တဝါများအမဲလိုက်ခြင်းများပြုကြသည်။ ကုန်းပေါ်တွင်သမင်နှင့်နွားသိုးအမဲခြင်းများကိုလုပ်ကိုင်ကြသည်။ တိရိစ္ဆာန်သားရေများ၊ ဝေလငါးအရိုးများနှင့်အခြားသောတိရိစ္ဆာန်များမှ

ထွက်သောအရာဝတ္ထုများကို အဝတ်အထည်များအဖြစ်လည်းကောင်း၊ ငါးဖမ်းရန်နှင့်အမဲလိုက်ရန်လက်နက်ကိရိယာများလည်းကောင်း၊ အခြားလိုအပ်သောအရာများဖြစ်လည်းကောင်းအသုံးပြုကြသည်။ အင်းညှူးအစ်များသည် အအေးဒဏ်ကိုကာကွယ်ရန် တိရိစ္ဆာန်သားရေများနှင့်သားမွေးများဖြင့်ပြုလုပ်ထားသောအထပ်များစွာပါသည့်ရိုးရာအဝတ်အထည်များနှင့်ဘုတ်ဖိနပ်ရှည်များကိုဝတ်ဆင်ကြသည်။ ဤအဝတ်အထည်များသည်ခန္ဓာကိုယ်တစ်ခုလုံးကိုသေချာစွာအကာအကွယ်ပေးနိုင်သည်။

အင်းညှူးအစ်များသည် ရေခဲပြင်များအောက်တွင်ငါးဖမ်းရာတွင်အလွန်ကျွမ်းကျင်သည်။ နှင်းများနှင့်ရေခဲပြင်များပေါ်တွင်ခရီးသွားလာရန်နှင်းခွေးများဖြင့်ဆွဲသောစွတ်ဖားများကိုအသုံးပြုကြ၍ ပင်လယ်ပြင်တွင်ခရီးသွားလာရန်အထူးပြုလုပ်ထားသော 'ကယပ်' ဟုခေါ်သောလှေများကိုအသုံးပြုကြသည်။ အင်းညှူးအစ်များသည်ဆောင်းရာသီတွင်သူတို့၏အိမ်များကိုရေခဲတုံးများဖြင့်ဆောက်လုပ်ကြသည်။

အင်းညှူးအစ်လူမျိုးများသည် သူတို့၏ပတ်ဝန်းကျင်နှင့်အမြဲတမ်းလိုက်လျောညီထွေနေထိုင်ကြသည်။ သူတို့တွင်ငါးဖမ်းခြင်းနှင့်အမဲလိုက်ခြင်းတို့နှင့်ပတ်သက်၍အလွန်တင်းကျပ်သောရိုးရာယဉ်ကျေးမှုများရှိသည်။ ဥပမာ – သူတို့စားသုံးနိုင်သလောက်သာသားရဲတိရိစ္ဆာန်များကိုဖမ်းဆီးရသည်။ ထိုသားရဲတိရိစ္ဆာန်များနှင့်ငါးများမိတ်လိုက်သောရာသီတွင်ဖမ်းဆီးသတ်ဖြတ်လေ့မရှိပေ။

လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်ကပင်အင်းညှူးအစ်တို့၏ဘဝသည်များစွာပြောင်းလဲခဲ့သည်။ သူတို့၏ရိုးရာအစဉ်အလာနေထိုင်ပုံများကို အနောက်တိုင်းယဉ်ကျေးမှုများဖြင့်လွှမ်းမိုးခံရသည်။ ယခုအခါ မော်တော်ဘုတ်များ၊ ဆီးနှင်းများထဲတွင်မောင်းနှင်နိုင်သောယဉ်များ၊ တယ်လီဖုန်းများနှင့်ကွန်ပြူတာများကိုသူတို့ပိုင်ဆိုင်ကြသည်။ အများစုမှာအိမ်များဖြင့်အခြေချနေထိုင်လာကြသည်။ သူတို့ဖမ်းဆီးရမိသည်များကိုရောင်းချ၍ဝင်ငွေရှာကြသည်။ သို့သော်လည်းအင်းညှူးအစ်တို့သည် သူတို့၏ပတ်ဝန်းကျင်နှင့်လိုက်လျောကိုက်ညီအောင်နေထိုင်ရင်းသူတို့၏ရိုးရာယဉ်ကျေးမှုများကိုလည်းကာကွယ်ထိန်းသိမ်းနိုင်ရန်ကြိုးစားလျက်ရှိကြသည်။

*(မှတ်ချက်။ ။ အင်းညှူးအစ်လူမျိုးစုများသည် အာတိတ်စက်ဝိုင်းအနီးအလက်ဇကားမြောက်ပိုင်း၊ ဂရင်းလန်းနှင့်ကနေဒါမြောက်ပိုင်းတို့တွင်နေထိုင်သောအက်စကီးမိုးလူမျိုးများထဲမှ လူမျိုးစုတစ်ခုဖြစ်သည်။အင်းညှူးအစ်များသည်အများအားဖြင့်ကနေဒါနိုင်ငံတွင်နေထိုင်ကြသည်။ အက်စကီးမိုး 'အသားစိမ်းစားသူ ' အဓိပ္ပါယ်ရှ၍မသင့်လျော်သောကြောင့်ယခုအခါထိုစကားလုံးကိုအသုံးမပြုကြတော့ပေ။ အင်းညှူးအစ်(လူသားဟုအဓိပ္ပါယ်ရသည်)ကိုသာအသုံးပြုကြသည်။)*

## ဆွေးနွေးခြင်း
## လေ့ကျင့်မှု – စိတ်ကူးတွေးဆခြင်းနှင့်ကောက်ချက်ချခြင်း

၁။ မည်ကဲ့သို့ရာသီဥတုမျိုးတွင် အင်းညှူးအစ်လူမျိုးများနေထိုင်ကြသနည်း။
၂။ မည်သည့်အခက်အခဲများနှင့်အင်းညှူးအစ်များရင်ဆိုင်ကြုံတွေ့ရမည်ဟုသင်ထင်ပါသနည်း။
၃။ အင်းညှူးအစ်လူမျိုးများသည် ပတ်ဝန်းကျင်နှင့်မည်သို့အလိုက်သင့်ညှိ၍ပြုမူနေထိုင်ကြသနည်း။
၄။ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က အင်းညှူးအစ်တို့၏လူ့အဖွဲ့အစည်းအတွင်းတွင် မည်သည့်အပြောင်းအလဲများဖြစ်ပျက်ခဲ့သနည်း။

## လေ့ကျင့်ခန်း
## လေ့ကျင့်မှု – ပုံရေးဆွဲခြင်းနှင့်စိတ်ကူးတွေးဆခြင်း

အထက်တွင်လေ့လာခဲ့သောအကြောင်းအရာအတွက်ရုပ်ပုံကားချပ်တစ်ခုရေးဆွဲပါ။ သင်ဖော်ပြလိုသောအင်းညှူးအစ်တို့၏အဓိကဘဝအစိတ်အပိုင်းသည်မည်သည်ဖြစ်သည်ကိုသင်၏အုပ်စုထဲတွင်ဆွေးနွေးပါ။ သူတို့၏အိမ်များကိုသင်ရေးဆွဲဖော်ပြမည်လော။ သူတို့အမဲလိုက်သောတိရိစ္ဆာန်များပုံကိုရေးဆွဲမည်လော။ သူတို့၏အဝတ်အထည်များပုံ၊ သူတို့လုပ်ရှားသွားလာပုံစသည်ဖြင့်ရေးဆွဲနိုင်သည်။သင့်တို့ထဲမှပုံဆွဲကျွမ်းကျင်သူတစ်ယောက်(သို့မဟုတ်ကျွမ်းကျင်သူများ)ကို ရွေးချယ်၍ရုပ်ပုံများကိုရေးဆွဲပါ။

သင်နှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသောရာသီဥတုတစ်မျိုးကိုရွေးချယ်၍ ထိုရာသီဥတုတွင်နေထိုင်ရသည်မှာ မည်ကဲ့သို့ရှိမည်ကို – အုပ်စုများခွဲ၍ဆွေးနွေးပါ။ ဆွေးနွေးနေစဉ်တွင်အောက်ပါမေးခွန်းများကိုသတိရပါ။

– ထိုရာသီဥတုရှိလူများသည်မည်သည်တို့ကိုလုပ်ကိုင်မည်ဟုသင်ထင်မြင်သနည်း။ မည်ကဲ့သို့အိမ်အမျိုးအစားများတွင်သူတို့နေထိုင်မည်နည်း။
– မည်သည်တို့ကိုသူတို့စိုက်ပျိုးနိုင်မည်နည်း။ မည်သည့်အစားအသောက်မျိုးများကိုစားသောက်မည်နည်း။ အားလပ်ချိန်များတွင်မည်သည်တို့ကိုလုပ်ဆောင်မည်နည်း။

ဤလေ့ကျင့်ခန်းသည်ခန့်မှန်း၍လုပ်ဆောင်ရခြင်းသက်သက်သာဖြစ်သည်။ အကယ်၍သင်မသိရှိပါက စိတ်ကူးယဉ်မှန်းဆ၍ ရေးသားနိုင်သည်။ ရေးသားထားသောအဖြေများကိုအခြားအုပ်စုနှင့်နှိုင်းယှဉ်ကြည့်ပါ။

# ၃ (စ)။ မြေပုံများ

**အဓိကဝေါဟာရများ**

မျဉ်းနှင့်ဆိုင်သော (linear) ဒေသတစ်ခုနှင့်ဆိုင်သော (local) နေရာ၊ တည်နေရာ (location) အချိုး (ratio) ဒေသကြီးတစ်ခုနှင့်ဆိုင်သော(ဥပမာ – အရှေ့တောင်အာရှ) (regional) မြေမျက်နှာသွင်ပြင်ပြ (topographical) သဘာဝပေါက်ပင် (vegetation)

**မိတ်ဆက်**

သင့်အတန်းဖော်နှင့်မြေပုံများအကြောင်းကိုဆွေးနွေးပါ။ သင်ယခင်ကမြေပုံကိုအသုံးပြုဖူးပါသလား။ အသုံးပြုဖူးလျှင်မည်သည့်အတွက်သင်အသုံးပြုခဲ့ပါသနည်း။ သင့်ထင်မြင်ချက်များကိုရေးချပါ။

မြေပုံတစ်ခုသည် ကမ္ဘာ့မြေမျက်နှာသွင်ပြင်အစိတ်အပိုင်းတစ်ခုကိုအပေါ်စီးမှနေ၍ကြည့်လျှင်မည်သည့်ပုံရှိမည်ကိုဖော်ပြခြင်းဖြစ်သည်။ မြေပုံအမျိုးအစားအားလုံး၏အခြေခံအကျဆုံးမြေပုံသည် လမ်းညွှန်မြေပုံဖြစ်သည်။ လမ်းညွှန်မြေပုံသည် လမ်းကြောင်းရှာဖွေလိုသူအားလုံးအတွက်အလွန်အသုံးဝင်သည်။ အောက်ဖော်ပြပါပုံ(၁၂)ကိုကြည့်ပါ။ ပုံသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ လမ်းညွှန်မြေပုံဖြစ်သည်။ မြေပုံပေါ်တွင်မည်သည်တို့ကိုသင်တွေ့မြင်ရသနည်း။ ဤမြေပုံကိုအသုံးပြု၍ သင်သွားလိုသောလမ်းကိုမည်ကဲ့သို့ရှာဖွေမည်နည်း။

ပုံ(၁၂) မြန်မာနိုင်ငံအလယ်ပိုင်းဒေသလမ်းညွှန်မြေပုံ




လေ့ကျင့်ခန်း

လေ့ကျင့်မှု – မြေပုံအသုံးပြုခြင်း

အထက်ပါမြေပုံကိုအသုံးပြု၍အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ သင်သည်ကားမောင်း၍ရန်ကုန်မှာမွန္တလေးသို့ခရီးသွားနေသည်ဆိုပါစို့။ မွန္တလေးသို့မည်ကဲ့သို့ရောက်ရှိနိုင်မည်နည်း။

၂။ ရန်ကုန်မှ မွန္တလေးသို့(၆၆၀)ကီလိုမီတာကွာဝေးသည်။ ရန်ကုန်မှပဲခူးသို့ကီလိုမီတာမည်မျှကွာဝေးမည်ဟုသင်ယူဆသနည်း။ အနီးစပ်ဆုံးခန့်မှန်းကြည့်ပါ။

၃။ အထက်ပါမြေပုံတွင်ရန်ကုန်နှင့်မွန္တလေးအကြားမြို့ဘယ်နှစ်မြို့တည်ရှိသည်ဟုဖော်ပြသနည်း။

ကျွန်ုပ်တို့မြေပုံများအကြောင်းကိုမဆွေးနွေးမီ ကမ္ဘာလုံး(the globe)အကြောင်းကိုဆွေးနွေးကြပါစို့။ ကမ္ဘာလုံးဆိုသည်မှာ မည်သည်ဖြစ်သည်ကို သင်သိပါသလား။ ကမ္ဘာလုံး(the globe)ဆိုသည်မှာ ကမ္ဘာမြေကြီး(the earth)၏ပုံဖြစ်သည်။ တခါတရံကျွန်ုပ်တို့ကမ္ဘာမြေကြီး(the earth)ဟုပြောဆိုသောအခါ ကမ္ဘာလုံး(the globe)ဟုပြောဆိုလေ့ရှိသည်။ သို့ရာတွင် ကမ္ဘာလုံး(the globe)ဆိုသည်မှာ လုံးဝန်းသောပုံသဏ္ဍာန်ရှိသောကမ္ဘာမြေကြီး(the earth)ကို ကိုယ်စားပြုသောအလုံးဖြစ်သည်။ ၎င်း၏အပေါ်တွင်ကမ္ဘာ့မြေပုံကိုရေးဆွဲထား၍ အလွန်သေးငယ်သောပုံစံမှအလွန်ကြီးမားသောပုံစံအထိအရွယ်အစားအမျိုးမျိုးဖြစ်နိုင်သည်။ ကမ္ဘာလုံး(the globe)သည် ကမ္ဘာမြေကြီး(the earth)နှင့်ပုံသဏ္ဍာန်တူဖြစ်သောကြောင့်အလွန်မှန်ကန်တိကျသောကမ္ဘာမြေကြီး၏ကိုယ်စားပြုပုံစံဖြစ်သည်။

ပုံ(၁၃)။ ကမ္ဘာလုံးပုံ




*Figure 13: The globe*

**ဝိုင်းဝန်းအဖြေရှာခြင်း**

၁။ ကမ္ဘာလုံး(the globe)သည် ကမ္ဘာမြေကြီး(the earth)ကိုကိုယ်စားပြုဖော်ပြရန်အတွက်အလွန်မှန်ကန်သောနည်းလမ်းတစ်ခုဆိုလျှင် မြေပုံများကိုကျွန်ုပ်တို့လိုအပ်ပါသေးသလော။
၂။ လုံးဝန်းသောကမ္ဘာလုံးပုံမှအချက်အလက်များကို ပြန့်ပြူးသောမြေပုံတစ်ခုပေါ်သို့ကျွန်ုပ်တို့မည်ကဲ့သို့ထည့်သွင်းမည်နည်း။

လိမ္မော်သီးတစ်လုံးကိုအခွံနွှာ၍ အခွံကိုဖြန့်ထားသောပုံစံကိုစိတ်ကူးပုံဖော်ကြည့်ပါ။ ကမ္ဘာကြီးပုံကိုရရှိမည်ဖြစ်သည်။ ကမ္ဘာမြေပုံများနှင့်ကမ္ဘာလုံးပုံစံများကို ရည်ရွယ်ချက်အမျိုးမျိုးအတွက်အသုံးပြုနိုင်သည်။




ပုံ(၁၄)။ ကမ္ဘာလုံးကိုဖြန့်ပြထားသောမြေပုံ

**ဝိုင်းဝန်းအဖြေရှာခြင်း** မည်သည့်မြေပုံအမျိုးအစားများကိုသင်သိရှိသနည်း။

**ဆွေးနွေးခြင်း** ဤသင်ရိုးညွှန်းတမ်း၏ဖွံ့ဖြိုးတိုးတက်မှုအခန်းတွင်ကျွန်ုပ်တို့မည်သည့်မြေပုံအမျိုးအစားများကိုအသုံးပြုခဲ့သနည်း။

**လေ့ကျင့်ခန်း** အောက်ပါပေးထားသောမြေပုံအမျိုးအစားများကိုထိုမြေပုံများတွင်ဖော်ပြသောအချက်အလက်များနှင့်ယှဉ်တွဲပါ။

| | |
|---|---|
| ၁။ သဘာဝမြေမျက်နှာသွင်ပြင်ပြမြေပုံ(physcial map) | က) နိုင်ငံများ၏နယ်စပ်မျဉ်းများနှင့်အရေးပါသောမြို့ကြီးများ |
| ၂။ နိုင်ငံရေးမြေပုံ(political map) | ခ) ဒေသအမျိုးမျိုးတို့တွင်နေထိုင်သောလူဦးရေ |
| ၃။ လူဦးရေပြမြေပုံ(population map) | ဂ) ပျမ်းမျှလူ့သက်တမ်း၊ စုစုပေါင်းအမျိုးသားထုတ်ကုန်/စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(သို့)စာတတ်မြောက်မှုနှုန်းပြအချက်အလက်များ |
| ၄။ ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များပြမြေပုံ | ဃ) ဒေသများအလိုက်ပေါက်ရောက်သောအပင်များ |
| ၅။ မြေမျက်နှာသွင်ပြင်ပြကွန်တိုမြေပုံ (topographical map) | င) တောင်တန်းများ၊ ချိုင့်ဝှမ်းများ၊ မြစ်များ၊ အင်းအိုင်များ၊ ပင်လယ်နှင့်ကုန်းမြေ |
| ၆။ သဘာဝပေါက်ပင်ပြမြေပုံ(vegetation map) | စ) မြေပြင်တစ်ခု၏ပင်လယ်ရေမျက်နှာပြင်မှတိုင်းတာသောအမြင့်(မည်မျှမြင့်သည်)နှင့်ထိုမြေမျက်နှာသွင်ပြင်နှင့်သက်ဆိုင်သောအခြားအချက်အလက်များ။ |

မြေပုံတစ်ခုပေါ်တွင် နိုင်ငံများ၏ပထဝီဝင်နှင့်ပက်သတ်၍အခြားမည်သည့်အချက်အလက်များကိုသင်ထည့်သွင်းနိုင်သနည်း။

**ပုံ(က)။**




**ပုံ(ခ)။**



ပုံ(ဂ)။




ပုံ(ဃ)။




**လေ့ကျင့်ခန်း** အထက်ပါမြေပုံများကိုငင်းတို့၏အမျိုးအစားအမည်များနှင့်ယှဉ်တွဲပါ။

၁။ သဘာဝမြေမျက်နှာသွင်ပြင်ပြမြေပုံ (physical map)
၂။ နိုင်ငံရေးမြေပုံ (political map)
၃။ မြေမျက်နှာသွင်ပြင်ပြကွန်တိုမြေပုံ (topographical map)
၄။ လူဦးရေပြမြေပုံ (population map)

မြေပုံတစ်ခု၏အတိုင်းအတာစကေးသည် မြေပြင်ပေါ်မှအမှန်တကယ်အတိုင်းအတာအကွာအဝေးနှင့်မြေပုံပေါ်မှအတိုင်းအတာအကွာအဝေးတို့၏ဆက်စပ်ပုံကိုဖော်ပြသည်။ မြေပုံများသည် ကုန်းမြေတစ်ခု၏သွင်ပြင်လက္ခဏာကို အမှန်တကယ်အရွယ်အစားအတိုင်းသေးငယ်စွာဖော်ပြသည်။ ထို့ကြောင့် ကြီးမားသောနေရာဒေသတစ်ခုလုံးကိုတစ်ကြိမ်တည်းနှင့်မြင်တွေ့နိုင်ရန်စက္ကူတစ်ရွက်ပေါ်တွင်ရေးဆွဲထားခြင်းဖြင့်ထိုနေရာဒေသ၏ပုံကိုတွေ့မြင်နိုင်သည်၊ ယင်းကြောင့်ပင်ကျွန်ုပ်မြေပုံများကိုအသုံးပြုခြင်းဖြစ်သည်။
မြေပုံပေါ်တွင် တစ်စင်တီမီတာ(သို့မဟုတ် တစ်လက်မ)သည် မြေမျက်နှာပြင်တွင်မည်မျှအကွာအဝေးရှိသည်ကိုဖော်ပြရန်ဖော်ပြရန်အတွက်'စကေး'ကိုကျွန်ုပ်တို့အသုံးပြုသည်။
စကေးကိုဖော်ပြရန်နည်းလမ်းနှစ်မျိုးရှိသည်၊ **မျဉ်းစကေး(သို့)ပုံပြစကေးနှင့်အချိုးစကေး(သို့)အပိုင်းစကေး**တို့ ဖြစ်သည်။

**မျဉ်းစကေး(သို့)ပုံပြစကေး (linear)** –










မြေပုံပေါ်တွင်တစ်စင်တီမီတာသည် မြေပြင်ပေါ်တွင်တစ်ဆယ်ကီလိုမီတာကိုကိုယ်စားပြုသည်ကို ဤမျဉ်းစကေးဖြင့်ဖော်ပြ

ထားသည်။




ပုံ(၁၅) ။ မျဉ်းစကေး(သို့)ပုံပြစကေးဖြင့်ရေးဆွဲထားသောမြေပုံ

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – မြေပုံအသုံးပြုခြင်း**

ပုံ(၁၅)ကိုကြည့်ရှုပါ။ အမှန်တကယ်မြေပြင်ပေါ်တွင် (A) နေရာသည် (B) နေရာမှာမည်မျှကွာဝေးသနည်း။

**အချိုးစကေး(သို့မဟုတ်)အပိုင်းစကေး (ratio scale)**

စကေးကိုဖော်ပြရန်အခြားနည်းလမ်းတစ်ခုမှာအချိုးစကေးဖြစ်သည်။ ဥပမာ – ၁ း ၁၀၀၀၀။ ဆိုလိုသည်မှာ မြေပုံပေါ်ရှိ တစ်စင်တီမီတာအကွာအဝေးသည် မြေမျက်နှာပြင်တွင် တစ်ထောင်စင်တီမီတာ(တစ်ရာမီတာ)အကွာအဝေးကိုကိုယ်စားပြုသည်။

ပုံ(၁၆)။ အချိုးစကေးဖြင့်ရေးဆွဲသောမြေပုံ



**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – မြေပုံအသုံးပြုခြင်း** ပုံ(၁၆)ကိုလေ့လာကြည့်ပါ။

၁။ မြေပုံပေါ်တွင် မြိတ်မြို့(Mergui)နှင့်ပြည်မြို့(Prome)အကြားစင်တီမီတာမည်မျှကွာဝေးသနည်း။
၂။ မြေပြင်ပေါ်တွင် မြိတ်မြို့နှင့်ပြည်မြို့အကြားအကွာအဝေးသည်မည်မျှဖြစ်သနည်း။

**ပုံ(၁၇)။ အချိုးစကေးနှင့်မျဉ်းစကေးတို့ဖြင့်ရေးဆွဲထားသော ပိုဝါတိုရီကိုကျွန်းနိုင်ငံမြေပုံ**




ပုံ(၁၇)ကိုလေ့လာပါ။
၁။ မြေပုံပေါ်တွင် မိုင်ယာဂွဲလ်မြို့(Mayaguez)မှကားဂွေးလ်မြို့(Caguas)အထိစင်တီမီတာမည်မျှကွာဝေးသနည်း။
၂။ မြေပြင်ပေါ်တွင် မိုင်ယာဂွဲလ်မြို့မှကားဂွေးလ်မြို့အထိမည်မျှကွာဝေးသနည်း။

**ပုံ(၁၈)။ ရန်ကုန်မြို့လယ်၏မြေပုံ**




**လေ့ကျင့်ခန်း** ပုံ (၁၆)မြေပုံနှင့်ပုံ (၁၈)မြေပုံများကိုနှိုင်းယှဉ်ကြည့်ပါ။

သင်မည်သည်ကိုသတိပြုမိသနည်း။ မည်သည့်မြေပုံကကြီးမားသောဒေသကိုဖော်ပြသနည်း။ မည်သည့်မြေပုံကဒေသငယ်တစ်ခု၏ပုံကိုအချက်အလက်ပြည့်စုံစွာဖော်ပြသနည်း။
ဤမြေပုံနှစ်ပုံ၏စကေးကိုနှိုင်းယှဉ်ကြည့်ပါ။ ရရှိသောစကေးနှစ်ခုကိုအချိုးပုံစံအဖြစ်ရေးချပါ။ မည်သည့်မြေပုံ၏အချိုးတွင်လက်ယာဘက်တွင်ဖော်ပြသောကိန်းဂဏန်းကပိုများသနည်း။

အချိုးစကေးတွင် စကေးညီမျှခြင်း၏လက်ယာဘက်တွင်ဂဏန်းအရေအတွက်နည်းသောမြေပုံသည် ပုံမှန်အားဖြင့် **နယ်ပယ်ဒေသ**တစ်ခု၏ပုံဖြစ်သည်။ ဥပမာ – ကျေးရွာတစ်ရွာပုံဖြစ်သည်။ ထိုမြေပုံများကို **အချိုးကြီးကြီး(သို့)စကေးကြီးကြီး**ဖြင့်ရေးဆွဲထားသောမြေပုံဟုခေါ်သည်။ ၎င်းမြေပုံများတွင် အများအားဖြင့် လမ်းနာမည်များနှင့်အရေးပါသောအဆောက်အဦးများကဲ့သို့ အချက်အလက်အပြည့် အစုံဖော်ပြသည်။

လက်ယာဘက်တွင်ကိန်းဂဏန်းအရေအတွက်များသောမြေပုံများသည် နိုင်ငံတစ်နိုင်ငံ၊ တိုက်တစ်တိုက်သို့မဟုတ်ကမ္ဘာကြီးကဲ့သို့သောကြီးမားကျယ်ပြန့်သောဧရိယာများကိုဖော်ပြသည်။ ဤမြေပုံများကို **စကေးအကျဉ်း**ဖြင့်ရေးဆွဲထားသောမြေပုံများဟုခေါ်သည်။ ထိုမြေပုံများတွင် ပုံမှန်အားဖြင့်လမ်းနာမည်များကဲ့သို့အချက်အလက်ပြည့်ပြည့်စုံစုံမဖော်ပြပေ။ ၎င်းအစား နိုင်ငံများ၊ တောင်တန်းများ၊ မြစ်များ၊ သဲကန္တာရများနှင့်မြို့ကြီးများ၏**တည်နေရာ(သို့)ဖွဲ့စည်းတည်နေပုံ**ကဲ့သို့ ပထဝီဝင်နှင့်သက်ဆိုင်သောယေဘုယျအချက်အလက်များကိုသာဖော်ပြသည်။

**လေ့ကျင့်ခန်း** အောက်ပါတို့အနက်မှအဖြေမှန်များကိုရွေးချယ်ပါ။

၁။ မြေပုံပေါ်တွင် တစ်စင်တီမီတာသည် မြေပြင်ပေါ်တွင် ငါးဆယ်ကီလိုမီတာကိုကိုယ်စားပြုသည်။ မြေပုံ၏စကေးမှာမည်သည့်အချိုးဖြစ်မည်နည်း။

က) ၁ း ၅၀
ခ) ၁ း ၅၀၀၀
ဂ) ၁ း ၅၀၀၀၀
ဃ) ၁ း ၅၀၀၀၀၀၀

၂။ စကေးအချိုး ၁ း ၁၂၀၀၀ သည် မြေပုံပေါ်တွင် တစ်စင်တီမီတာဖြစ်သောအခါမြေပြင်ပေါ်တွင်

က) ၁၂၀၀၀ စင်တီမီတာဖြစ်သည်။
ခ) ၁၂၀၀၀ မီတာဖြစ်သည်။
ဂ) ၁၂၀၀၀ ကီလိုမီတာဖြစ်သည်။
ဃ) အထက်ပါအဖြေများအားလုံးမှားသည်။

၃။ မည်သည့်မြေပုံကစကေးကြီးကြီးရေးဆွဲထားခြင်းဖြစ်သနည်း။

က) အရှေ့တောင်အာရှမြေပုံ
ခ) ဥရောပတိုက်မြေပုံ
ဂ) ကမ္ဘာ့မြေပုံ
ဃ) စစ်တွေမြို့မြေပုံ

၄။ မည်သည့်မြေပုံကအရပ်ဒေသတစ်ခုအဆင့်ကိုကိုယ်စားပြုသနည်း။

က) မြန်မာနိုင်ငံမြေပုံ
ခ) အင်းစိန်မြို့နယ်မြေပုံ
ဂ) အာရှတိုက်မြေပုံ
ဃ) တောင်နှင့်မြောက်အမေရိကတိုက်မြေပုံ

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း** အောက်ပါမြေပုံများကိုလေ့လာပါ။

၁။ မည်သည်မြေပုံက

က) အရပ်ဒေသတစ်ခုအဆင့်ကိုကိုယ်စားပြုသနည်း။

ခ) ဒေသကြီးတစ်ခုအဆင့်ကိုကိုယ်စားပြုသနည်း။

ဂ) ကမ္ဘာ့အဆင့်ကိုကိုယ်စားပြုသနည်း။

၂။ မည်သည့်မြေပုံကစကေးအစိပ်ဆုံးဖြစ်သနည်း။

၃။ မည်သည့်မြေပုံကစကေးအကျဲဆုံးဖြစ်သနည်း။

ပုံ(က)




ပုံ(ခ)




ပုံ(ဂ)

**ဆွေးနွေးခြင်း**
**လေ့ကျင့်မှု – အချက်အလက်များဖော်ထုတ်ခြင်း**




ပုံ(ဃ)



အထက်ပါမြေပုံများတွင် မည်ကဲ့သို့သတင်းအချက်အလက်များကိုသင်တွေ့ရှိုင်သနည်း။

**လေ့ကျင့်ခန်း** သင်ပတ်ဝန်းကျင်ဒေသနှင့်သက်ဆိုင်သောမြေပုံတစ်ခုရေးဆွဲပါ။

အနီးစပ်ဆုံးမည်သည့်စကေးကိုသင်အသုံးပြုမည်နည်း။ စကေးကြီးကြီးသို့မဟုတ်စကေးအကျဉ်းဖြစ်ပါသလား။
၄င်းသည်ကမ္ဘာ့လုံးပုံ၊ ဒေသကြီးတစ်ခု၏ပုံသို့မဟုတ်နယ်မြေတစ်ခု၏
ပုံဖြစ်ပါသလား။

## ၃ (ဆ)။ သုံးသပ်ခြင်း(သို့မဟုတ်)နိဂုံးချုပ်ခြင်း

ပထဝီဝင်ဘာသာရပ်ကိုကျွန်ုပ်တို့မည်ကဲ့သို့လေ့လာရမည်နည်း။ အောက်ပါစကားလုံးများထဲမှအချို့မှာသမိုင်းသင်ခန်းစာကတည်းကသင်နှင့်ရင်းနှီးနေပြီးသားဖြစ်လိမ့်မည်။

**အဓိကဝေါဟာရများ**

စီစစ်သည်၊ ပိုင်းခြားသည် (analyse) သုံးသပ်ချက်(conclusion) စစ်ဆေးသည် (examine) လေ့လာသည်၊ စောင့်ကြည့်သည်(observe) သုတေသန(research)

**ပိုင်းဝန်းအဖြေရှာခြင်း**

နေရာဒေသတစ်ခု၏သဘာဝပတ်ဝန်းကျင်အကြောင်းကိုရှာဖွေတွေ့ရှိရန်မတူညီသောနည်းလမ်းများမှာအဘယ်နည်း။ ဤအခန်းကိုပြန်လည်လေ့လာ၍သင်ခန်းစာများထဲတွင်ဖော်ပြထားသည်နှင့်မတူသောအခြားသောနည်းလမ်းများကိုရှာဖွေပါ။

**ဆွေးနွေးခြင်း**

၁။ မြေပုံများကို ကျွန်ုပ်တို့မည်သို့အသုံးပြုနိုင်သနည်း။

၂။ ပထဝီဝင်ဘာသာရပ်ကိုလေ့လာရာတွင်မည်သည်တို့သင်ပြုလုပ်ရန်လိုအပ်သနည်း။

**အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း**
**လေ့ကျင့်မှု – စိတ်ကူးမြေပုံရေးဆွဲခြင်းနှင့်ကောက်ချက်ချခြင်း**

အောက်တွင်ဖော်ပြထားသော (A), (B), (C) ပုံများနှင့်မည်သည်တို့ပြုလုပ်နိုင်မည်နည်း။ သင်၏အတွေးထင်မြင်ချက်များကိုစိတ်ကူးမြေပုံထဲတွင်ဖြည့်စွက်ပါ။




**လေ့ကျင့်ခန်း** သင့်နေထိုင်ရာပတ်ဝန်းကျင်ဒေသအကြောင်းသရုပ်ဖော်ရေးသားချက်တစ်ခုရေးသားပါ။

# အခန်း (၄)
# ဘောဂဗေဒဘာသာရပ်

ဘောဂဗေဒဘာသာရပ်၏သဘာတရား **(concepts)**

၁။ ဘောဂဗေဒဆိုသည်မှာအဘယ်နည်း။
၂။ ကုန်စည်နှင့်ဝန်ဆောင်မှုများ
၃။ ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသ
၄။ ကုန်ပစ္စည်းချင်းတိုက်ရိုက်ဖလှယ်သည့်စနစ်
၅။ ငွေကြေးအသပြာ

လက်တွေ့ပြုလုပ်သောလေ့ကျင့်မှုများ **(skills practiced)**

၁။ ပတ်ဝန်းကျင်အခြေအနေမှသတင်းအချက်အလက်များကိုအသုံးချခြင်း
၂။ အကြောင်းနှင့်အကျိုးကိုဖော်ထုတ်ခြင်း
၃။ ဥပမာများပေးခြင်း
၄။ အားသာချက်များနှင့်အားနည်းချက်များဖော်ထုတ်ခြင်း
၅။ အလွတ်ကျမှတ်ခြင်းစသည်တို့ဖြစ်သည်။

**ဤသင်ခန်းစာကိုလေ့လာပြီးနောက် ကျောင်းသူ/သားများသည်**

၁။ ဘောဂဗေဒဘာသာရပ်၏အခြေခံအကြောင်းအရာများကိုနားလည်သဘောပေါက်ခြင်း
၂။ ကုန်စည်နှင့်ဝန်ဆောင်မှုတို့၏ဥပမာများကိုပေး၍ ၄င်းတို့နှစ်ခုအကြားရှိခြားနားချက်များကိုရှင်းပြနိုင်ခြင်း
၃။ ဝယ်လိုအားနှင့်ရောင်းလိုအားဥပဒေသကိုနားလည်လာ၍ သူတို့၏ပတ်ဝန်းကျင်မှထိုဥပဒေသ၏ဥပမာများကို ပေးနိုင်ခြင်း
၄။ ကုန်ပစ္စည်းချင်းတိုက်ရိုက်ဖလှယ်သည့်စနစ်အားရှင်းပြနိုင်၍ ၄င်းအားအသုံးပြုပုံကိုဥပမာများနှင့်တကွပြောဆို နိုင်ခြင်း
၅။ ငွေကြေးဖြင့်ဝယ်ယူသောစနစ်နှင့်ကုန်ပစ္စည်းချင်းတိုက်ရိုက်ဖလှယ်သည့်စနစ်များအကြားကွဲပြားမှုများကိုရှင်းပြ နိုင်ခြင်းနှင့်၄င်းစနစ်များ၏ကောင်းကျိုးနှင့်ဆိုးကျိုးများကို ဆွေးနွေးပြောဆိုနိုင်ခြင်း
၆။ ငွေကြေးအသုံးပြုပုံကိုရှင်းပြနိုင်ခြင်းတို့ရရှိမည်ဖြစ်သည်။

# ၄ (က)။ ဘောဂဗေဒဆိုသည်မှာအဘယ်နည်း။

**အဓိကဝေါဟာရများ**

ကျသင့်ငွေတောင်းခံသည် (charge) စားသုံးသူ (consumer) ကုန်စည် (goods) ငွေကြေးဖောင်းပွမှု (inflation) လုပ်အား (labour) ဆင်းရဲမွဲတေမှု (poverty) ဝန်ဆောင်မှု (service) အထူးပြုသည် (specialize) တန်ဖိုး (value)

ဘောဂဗေဒဘာသာရပ်သည် **ကုန်စည်**နှင့်**ဝန်ဆောင်မှု**များကိုမည်ကဲ့သို့ထုတ်လုပ်၍မည်ကဲ့သို့ဖြန့်ဝေအသုံးပြု – သည်တို့ကိုလေ့လာခြင်းဖြစ်သည်။ ဤဘာသာရပ်သည် မတူကွဲပြားသောကုန်စည်များနှင့်မတူညီသောဝန်ဆောင်မှုများ၏ တန်ဖိုးများနှင့်ထိုတန်ဖိုးများမည်သို့ပြောင်းလဲသည်ကိုလေ့လာခြင်းလည်းဖြစ်သည်။ ဘောဂဗေဒပညာရှင်များသည် ဤဘာ

သာရပ်မည်ကဲ့သို့လုပ်ဆောင်ပုံကိုဖော်ပြရန်အခြေခံဥပဒေသတစ်ချို့ကိုစဉ်းစားဖော်ထုတ်ခဲ့ကြသည်။ လူတို့သည်နေထိုင်အသက်ရှင်ရန်အတွက် ကုန်စည်များနှင့်ဝန်ဆောင်မှုများကိုလိုအပ်ကြသည်။

ထိုကုန်စည်များနှင့်ဝန်ဆောင်မှုများကိုငွေကြေးဖြင့်ဝယ်ယူရ၍ထိုငွေကြေးရရှိရန်ကုန်စည်များနှင့်ဝန်ဆောင်မှုများကိုရောင်းချရသည်။ ဥပမာ – ဆရာဝန်တစ်ယောက်သည် ဆေးဝါးကုသမှုအတွက် အခကြေးငွေယူခြင်းဖြင့်ငွေကြေးရရှိသည်။ တိုယိုတာကားကုမ္ပဏီသည် ကားများထုတ်လုပ်ရောင်းချခြင်းဖြင့်ငွေကြေးရရှိသည်။ ထိုတိုယိုတာကုမ္ပဏီမှဝန်ထမ်းတစ်ယောက်သည် သူ၏ဝန်ဆောင်မှုကိုကုမ္ပဏီအားရောင်းချခြင်းဖြင့်ဝင်ငွေရရှိသည်။ လယ်လုပ်သမားတစ်ယောက်သည်သူ၏လုပ်အားကိုလယ်ရှင်အားရောင်းချခြင်းဖြင့်ငွေကြေးကိုရရှိသည်။ ဤနည်းလမ်းများသည် လူများနှင့်ကုမ္ပဏီများငွေကြေးဝင်ငွေရရှိစေသောနည်းလမ်းအချို့ဖြစ်သည်။

| ကုန်စည်များ | ဝန်ဆောင်မှုများ |
|---|---|
| အဝတ်အထည်များ | ပညာရေး |
| အစားအစာ | အိမ်ဆောက်လုပ်ခြင်း |
| ကားများ | လမ်းဖောက်လုပ်ခြင်း |
| ကက်ဆက်များစသည်ဖြင့် | ကျန်းမာရေးစောင့်ရှောက်မှုစသည်ဖြင့် |

ကုန်စည်များနှင့်ဝန်ဆောင်မှုများအကြားခြားနားမှုကိုပြောဆိုရန်လွယ်ကူသောနည်းလမ်းတစ်ခုမှာ ကုန်စည်များသည် အရာဝတ္ထုများ(ရုပ်အင်္ကျီ၊ အိမ်၊ မော်တော်ဆိုက်ကယ်၊ ဆန်၊ ကော်ဖီစသည်)တို့ဖြစ်၍ ဝန်ဆောင်မှုများမှာအလုပ်အကိုင်များ(စာသင်ခြင်း၊ ဆောက်လုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ချက်ပြုတ်ခြင်း၊ စာအုပ်ငှားခြင်းစသည်)ဖြစ်သည်။

ကျွန်ုပ်တို့အသုံးပြုသောအရာဝတ္ထုအများစုတွင်ကုန်စည်နှင့်ဝန်ဆောင်မှုများပါဝင်သည်။ ဥပမာ – သင်သည်လှက်ရည်ဆိုင်တစ်ဆိုင်တွင်လှက်ရည်တစ်ခွက်မှာယူသောက်သုံးသည်ဆိုပါစို့။ ထိုလှက်ရည်တစ်ခွက်သည်ကုန်စည်ဖြစ်သည်။ ထို့အပြင် တစ်စုံတစ်ယောက်သည်သင့်အား ထိုလှက်ရည်ကိုစီမံပြုလုပ်ပေးသည်။ ထိုသူသည်မီးမွှေးရသည်၊ ရေနွေးတည်ရသည်၊ လှက်ရည်ခွက်အားဆေးရသည်၊ နောက်လှက်ရည်ငှဲ့ထည့်သည်။ ထိုလုပ်ငန်းဆောင်တာအားလုံးသည် ထိုသူမှသင့်အားပေးသော ဝန်ဆောင်မှုဖြစ်သည်။ သင်ကျောင်းပညာသင်ကြားချိန်တွင်လည်း မတူညီသောဝန်ဆောင်မှုများကိုရရှိသည် ဆရာ/မများ မှသင့်အားပညာသင်ကြားပေးသည်၊ စာကြည့်တိုက်မှသင်စာအုပ်များငှားနိုင်သည်၊ တစ်ချို့ကျောင်းသူ – ကျောင်းသားများ ကျောင်းသားဆောင်များတွင်နေထိုင်သည်စသည်ဖြင့်ဖြစ်သည်။ ၎င်းအပြင် ကုန်စည်များလည်း သင်ရရှိသေးသည် – ပြဋ္ဌာန်းစာအုပ်များ၊ သို့မဟုတ်ကျောင်းဝတ်စုံစသည်တို့ဖြစ်သည်။ တခါတရံတွင်ထိုကုန်စည်နှင့်ဝန်ဆောင်မှုများအတွက်အခကြေး ငွေပေးဆောင်ရ၍ တခါတရံတွင်၎င်းတို့ကို အခမဲ့ရရှိသည်။

## ဝိုင်းဝန်းအဖြေရှာခြင်း

အုပ်စုငယ်များခွဲပြီး အထက်တွင်ဖော်ပြခဲ့သော ‘ကုန်စည်နှင့်ဝန်ဆောင်မှု’ ဇယားကိုလေ့လာပါ။ နောက်ထပ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို စုပေါင်းစဉ်းစားဆွေးနွေးပါ။ အချိန်သုံးမိနစ်အတွင်းအမျိုးအစားမည်မျှထပ်မံဖြည့်စွက်နိုင်မည်နည်း။

## အုပ်စုလိုက်စုပေါင်းဆောင်ရွက်ခြင်း
### လေ့ကျင့်မှု – အချက်အလက်များလက်တွေ့အသုံးချခြင်း

၁။ သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မည်သည့်ကုန်စည်များကိုအသုံးပြုသနည်း။ အသုံးများသောကုန်စည်(၅)မျိုးတို့ကမည်သည်တို့နည်း။ ထိုကုန်စည်များကိုမည်သည့်နေရာမှရရှိသနည်း။ ထိုကုန်စည်များကိုမည်သူတို့ကထုတ်လုပ်သနည်း။

၂။ သင်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မည်သည့်ဝန်ဆောင်မှုများကိုအသုံးပြုသနည်း။ အသုံးများသောဝန်ဆောင်မှု(၅)မျိုးတို့ကမည်သည်တို့နည်း။ မည်သူတို့ကထိုဝန်ဆောင်မှုများကိုဆောင်ရွက်ပေးသနည်း။ ထိုဝန်ဆောင်မှုပေးသူများကိုမည်သူတို့ကအခကြေးငွေပေးသနည်း။

# ၄ (ခ)။ ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသ

ဘောဂဗေဒဘာသာရပ်၏အဓိကဥပဒေသတစ်ခုမှာ ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသဖြစ်သည်။ ဤဥပဒေသသည်ကုန်စည်များနှင့်ဝန်ဆောင်မှုများ၏တန်ဖိုးကိုရှင်းပြပေးသည်။

- (ရောင်းလိုအား)ပစ္စည်းသို့မဟုတ်အရာဝတ္ထုတစ်ခုကို စျေးကွက်တွင် အရေအတွက်မည်မျှရရှိနိုင်သည်။
- (ဝယ်လိုအား)စျေးကွက်တွင် လူများကထိုပစ္စည်းသို့မဟုတ်အရာဝတ္ထုကို အရေအတွက်မည်မျှဝယ်ယူလိုသည်။

**အကြောင်းအရာလေ့လာခြင်း**

**နာနတ်သီးစျေးနှုန်း**

(၁၉၉၇)ခုနှစ်တွင် ရာသီဥတုမှာအလွန်အေးခဲသည်။ ၎င်း၏အကျိုးဆက်မှာထိုနှစ်တွင်နာနတ်သီးအထွက်နှုန်းနည်းခဲ့သည်။ သစ်သီးဆိုင်များနှင့်စျေးများတွင်နာနတ်သီးများကိုအလုံအလောက်မရရှိပေ။ ထိုအခါ နာနတ်သီးစျေးနှုန်းမြင့်တက်လာ၍ တစ်ချို့နေရာများတွင်နာနတ်သီးတစ်လုံးကို(၅၀၀၀)ကျပ်နှုန်းပေး၍လူများဝယ်ယူကြသည်။

နောက်တစ်နှစ်(၁၉၉၈)တွင် ရာသီဥတုအလွန်ကောင်းမွန်သည်။ နာနတ်သီးအထွက်နှုန်းအလွန်ကောင်း၍ နာနတ်သီးအလွန်ပေါများခဲ့သည်။ သစ်သီးဆိုင်များနှင့်စျေးများတွင် ရောင်း၍မကုန်နိုင်အောင် နာနတ်သီးထွက်ရှိခဲ့သည်။ နာနတ်သီးစျေးနှုန်းကျဆင်းလာ၍ တစ်ချို့နေရာများတွင်နာနတ်သီးနှစ်လုံးကိုနှစ်ရာကျပ်ဖြင့် ဝယ်ယူနိုင်သည်။

(၁၉၉၇) – နာနတ်သီးရှားပါး၍ ဝယ်ယူလိုသူများပြားခဲ့သည် – ဤအခြေအနေသည် ရောင်းလိုအားနည်း၍ ဝယ်လိုအားများသောအခြေအနေဖြစ်သည်။ ထို့ကြောင့်စျေးနှုန်းတက်လာသည်။
(၁၉၉၈) – လူများဝယ်ယူလိုသောအရေအတွက်ထက် နာနတ်သီးပေါများခဲ့သည် – ဤအခြေအနေသည် ရောင်းလိုအားများ၍ ဝယ်လိုအားနည်းသောအခြေအနေဖြစ်သည်။ ထို့ကြောင့်စျေးနှုန်းကျဆင်းခဲ့သည်။

ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသကိုတန်ဖိုးအပေါ်တွင်သတ်မှတ်သည်။ ရောင်းလိုအားနည်းသောအချိန်တွင် ထိုပစ္စည်းကိုလူများကဝယ်ယူလိုသော်လည်း စျေးကွက်တွင်အလုံအလောက်မရောင်းချနိုင်သည့်အတွက် ၎င်းပစ္စည်း၏တန်ဖိုးမြင့်တက်လာသည်။ ထိုကဲ့သို့ဖြစ်ရသည်မှာ ဝယ်လိုအားမြင့်တက်လာ၍ဖြစ်သည်။ **တန်ဖိုးမြင့်**တက်လာသည်နှင့်အမျှ စျေးနှုန်းလည်းမြင့်တက်လာသည်။ ဥပမာ – နာနတ်သီးအထွက်နှုန်းကျဆင်းသည့်အခါ နာနတ်သီးတန်ဖိုးမြင့်တက်လာသည်။

နောက်နှစ်အထွက်နှုန်းတိုးလာသောအခါ စျေးကွက်တွင်နာနတ်သီးများအလွန်အပယ်ပေါများခဲ့သည်။ ထိုကြောင့် တန်ဖိုးကျဆင်းလာ၍စျေးနှုန်းလည်းကျဆင်းလာသည်။ ရောင်းလိုအားကများနေ၍ ဝယ်လိုအားကနည်းလာသည်။

အဘယ်ကြောင့်ဆိုသော် စျေးကွက်တွင် လူတိုင်းလိုအပ်သည်ထက်ပို၍ ရရှိနိုင်သောကြောင့်ဖြစ်သည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
**လေ့ကျင့်မှု – အကြောင်းတရားနှင့်အကျိုးတရားဖော်ထုတ်ခြင်း**

၁။ အထက်ပါနာနတ်သီးဥပမာကိုစဉ်းစားပါ။ အဘယ်ကြောင့်စျေးနှုန်းများအတက်အကျဖြစ်နေရသနည်း။ သင်ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှထိုကဲ့သို့အလားသဏ္ဍာန်တူသောအဖြစ်အပျက်တစ်ခုကိုစဉ်းစားကြည့်ပါ။ အဘယ့်အတွက်ကြောင့်ထိုကဲ့သို့ဖြစ်ပျက်ခဲ့သနည်း။
၂။ ရောင်းလိုအားများ၍ဝယ်လိုအားနည်းသောအရာတစ်ခုကိုဥပမာပေးပါ။
၃။ ရောင်းလိုအားနည်း၍ဝယ်လိုအားများသောအရာတစ်ခုကိုဥပမာပေးပါ။

**အကြောင်းအရာလေ့လာခြင်း**

**ငရုတ်သီးဈေးနှုန်း**

(၂၀၀၁)ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၊ ဝါဟာကာပြည်နယ်၊ ဝါဟာကာ(**Oaxaca**)မြို့တွင် နေထိုင်သောလယ်သမားများတွင် ငရုတ်သီးထွက်နှုန်းအလွန်ကောင်းခဲ့သည်။ ထိုနည်းတူ အနီးအနားပတ်ဝန်းကျင်မှကျေးရွာများတွင်လည်း ငရုတ်ကိုအလွန်စိုက်ပျိုးကြ၍ အထွက်နှုန်းလည်းအလွန်ကောင်းခဲ့သည်။ ထို့အပြင်ငရုတ်ကိုလူတိုင်းစိုက်ပျိုးကြသည့်အတွက်ဝယ်ယူသူမရှိဖြစ်နေသည်။ ထို့ကြောင့် ဈေးတွင်လယ်သမားများငရုတ်သီးရောင်းချသောအချိန်တွင် ဈေးကောင်းမရပေ။

(၂၀၀၂)ခုနှစ်တွင် ဒေသတစ်ခုလုံးမိုးရေအလုံအလောက်မရရှိပေ။ ထို့ကြောင့်ငရုတ်သီးအထွက်နှုန်းကျဆင်းခဲ့သည်သို့ရာတွင် ဝါဟာကာမြို့မှလယ်သမားများသည် အနီးရှိမြစ်မှရေဖြင့် သူတို့၏ငရုတ်စိုက်ပျိုးခင်းများကိုရေပေးဝေ၍စိုက်ပျိုးသဖြင့်ငရုတ်သီးအထွက်နှုန်းကောင်းခဲ့သည်။ အများစုသောလူများမှာသူတို့ကိုယ်ပိုင်စိုက်ပျိုးမဖြစ်ထွန်းသည့်အတွက်ငရုတ်သီးများဝယ်ယူရန်လိုအပ်လာသည်။ ထိုအခါ ဝါဟာကာမြို့မှ လယ်သမားများသည် သူတို့၏ငရုတ်သီးများကိုဈေးမြင့်၍ရောင်းချကြသည်။

**လေ့ကျင့်ခန်း** (၂၀၀၁)နှင့်(၂၀၀၂)ခုနှစ်ငရုတ်သီးအထွက်နှုန်းနှင့်ပတ်သက်၍သင်မည်သည်တို့ပြောပြနိုင်သနည်း။

၁။ ငရုတ်သီးဈေးနှုန်းမည်သည့်အချိန်တွင်မြင့်မားခဲ့သနည်း – (၂၀၀၁)ခုနှစ်တွင်သို့မဟုတ်(၂၀၀၂)ခုနှစ်။ အဘယ်ကြောင့်နည်း။
၂။ မည်သည့်အချိန်တွင် တန်ဖိုးပို၍မြင့်မားသနည်း။
၃။ မည်သည့်ခုနှစ်ထဲတွင် ငရုတ်သီးဝယ်လိုအားပို၍မြင့်ခဲ့သနည်း။
၄။ မည်သည့်ခုနှစ်ထဲတွင် ရောင်းလိုအားပို၍မြင့်ခဲ့သနည်း။

# ၄ (ဂ)။ ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စနစ်

**အကြောင်းအရာလေ့လာခြင်း**

**နာနတ်သီး**

ဒေါ်ပုသည် နာနတ်သီးစိုက်ခင်းတစ်ခုပိုင်ဆိုင်သည်။ (၁၉၉၇)ခုနှစ်တွင်ဖြစ်သည်၊ ဒေါ်ပုသည် သူမစိုက်ခင်းမှထွက်ရှိသောနာနတ်သီးများကိုမြို့သို့သယ်လာ၍ဈေးထဲတွင်ပုံထားသည်။ လိမ္မော်သီးရောင်းသူတစ်ဦးလာ၍ နာနတ်သီးတစ်လုံးကိုလိမ္မော်သီးတစ်ကီလိုနှင့်လဲသည်။ ထို့နောက် ဒေါ်ပုသည် သူမသားအတွက်ဖိနပ်သစ်တစ်စုံကိုနာနတ်သီးနှစ်လုံးနှင့်လဲသည်။ နောက်ထမင်းအိုးတစ်အိုးကို နာနတ်သီးအလုံးနှစ်ဆယ်နှင့်လဲယူသည်။ လူတိုင်းနာနတ်သီးလိုအပ်သော်လည်း နာ–နတ်သီး ရှားပါးသည့်အတွက် ဤသည်မှာဒေါ်ပုအတွက်လွယ်ကူသည်။

နောက်နှစ်(၁၉၉၈)ခုနှစ်တွင် နာနတ်သီးများပေါများသည်။ ဒေါ်ပုသည်ဆန်တစ်အိတ်လိုအပ်နေသည်။ သို့အတွက်ဆန်ဆိုင်သို့သွား၍ ဆန်တစ်အိတ်ကို နာနတ်သီးဆယ်လုံးဖြင့်လဲလှယ်ရန် ကမ်းလှမ်းခဲ့သည်။ ဆန်ဆိုင်ပိုင်ရှင်မှ ‘ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မှာနာနတ်သီးအလုံအလောက်ရှိတယ်၊ ကျွန်တော်လိမ္မော်အနည်းငယ်တော့လိုတယ်’ ဟူ၍ဆိုသည်။ ထို့ကြောင့်ဒေါ်ပုသည် လိမ္မော်သီးရောင်းသူထံသို့သွားသည်။ သို့ရာတွင်လိမ္မော်သီးရောင်းသူလည်း နာနတ်သီးမလိုအပ်ဘဲငါးတစ်ကောင်သာအလိုရှိလေသည်။သို့နှင့်ငါးသည်ကိုလိုက်ရှာရလေသည်။ငါးသည်က သူ့ငါးများအတွက်နာနတ်သီးအလုံးနှစ်ဆယ်တောင်းသည်။ ဒေါ်ပုသည်အလွန်မောပန်းနေပြီဖြစ်၍ ထိုငါးကို နာနတ်သီးအလုံးနှစ်ဆယ်ဖြင့်လဲယူခဲ့သည်။ ထို့နောက် လိမ္မော်သီးရောင်းသူဆီသို့ပြန်လာ၍ငါးနှင့်လိမ္မော်သီးများလဲသည်။ ဤလိမ္မော်သီးများအတွက်ငါးတစ်ကောင် ပေးလိုက်ရသည်။ ထိုလိမ္မော်သီးများကိုယူ၍ဆန်ဆိုင်သို့ပြန်လာပြီး လိမ္မော်သီးများကိုလိုအပ်သောဆန်နှင့်လဲလိုက်သည်။

ပုံ (၁)။ (၁၉၉၇)ခုနှစ်



ပုံ (၂)။ (၁၉၉၈)ခုနှစ်



ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စီးပွားရေးစနစ်တွင် ငွေအသပြာကိုအသုံးမပြုပေ။ ကုန်စည်နှင့်ဝန်ဆောင်မှုကိုသာလျှင်အသုံးပြုသည်။ ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စီးပွားရေးစနစ်တွင် အထက်တွင်ဖော်ပြခဲ့သောအဖြစ်အပျက်တွင်ဒေါ်ပုပြုလုပ်သကဲ့သို့ လူများသည် သူတို့လိုအပ်သောအရာများအတွက် သူတို့ကမ်းလှမ်းနိုင်သောကုန်စည်များနှင့်လည်းကောင်း၊ ဝန်ဆောင်မှုများနှင့်သော်လည်းကောင်း တိုက်ရိုက်လဲလှယ်–ကသည်။

ရှေးကျသောလူ့အဖွဲ့အစည်းများတွင် ငွေကြေးကိုအသုံးမပြုကြပေ။ ကုန်ပစ္စည်းများတိုက်ရိုက်လဲလှယ်သည့် စနစ်ကိုသာအသုံးပြုကြသည်။ ဥပမာ – ငရုတ်သီးအနည်းငယ်ကိုဆန်အနည်းငယ်ဖြင့်လဲလှယ်ကြသည်။ သို့မဟုတ် အိမ်ပြုပြင်ခြင်းဝန်ဆောင်မှုအတွက် ငါးတစ်ချို့ကိုကမ်းလှမ်းခြင်းဖြစ်သည်။ တခါတရံတွင် ဤစနစ်ကိုကျင့်သုံးသောလူ့အဖွဲ့အစည်းများတွင် ငွေအသပြာကိုအသုံးပြုသောလူ့အဖွဲ့အစည်းများထက် မညီမျှမှုနည်းပါးသည်ကိုတွေ့မြင်နိုင်သည်။

**ဆွေးနွေးခြင်း** ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စနစ်သည် ယခုအခါတွင်ဖြစ်လေ့ဖြစ်ထ မြင်တွေ့ရအလွန်နည်းသည်။ အဘယ်ကြောင့်နည်း။

ငွေကြေးအခြေခံစီးပွားရေးလုပ်ငန်းများကို အသုံးပြုသောလူ့အဖွဲ့အစည်းများတွင်ပင်လျှင် ထိုအသိုင်းအဝိုင်းများတွင်နေထိုင်သောသူများသည် အထူးသဖြင့် တရားဝင်မဟုတ်ဘဲ သာမန်နေစဉ်ဖြစ်ပျက်နေသောအနေအထားမျိုးတွင် တခါတရံ ကုန်ပစ္စည်းတိုက်ရိုက်လဲလှယ်သည့်စနစ်ကိုအသုံးပြုကြသည်။ တိုက်ရိုက်လဲလှယ်သည့်စနစ်တွင် ကုန်ပစ္စည်းများသာမက ဝန်ဆောင်မှုများကိုပါတိုက်ရိုက်လဲလှယ်ကြသည်။



ဥပမာ – မြို့တစ်မြို့ရှိလူများတွင်ဆန်စပါးအပိုအလျှံတစ်ချို့ရှိသည်။ သို့သော်သူတို့တွင်စားသုံးဆီအနည်းငယ်သာရှိသည်။ ထိုသူတို့သည်အခြားမြို့တစ်မြို့မှ စားသုံးဆီအလုံအလောက်ရှိ၍ ဆန်အနည်းငယ်သာရှိသောသူများနှင့်လဲလှယ်ခြင်းပြုလုပ်လေသည်။ အခြားဥပမာတစ်ခုမှာ – ထိုမြို့ရှိလူများတွင် မြို့ကျောင်းတွင်ပညာသင်ပေးနေသောကျောင်းဆရာ၊ ဆရာမ အားပေးရန်ငွေကြေးမရှိပေ၊ ထို့ကြောင့် သူတို့ပေးနိုင်သောအချိန်တွင် ထိုကျောင်းဆရာ၊ ဆရာမတို့အားဆန်နှင့်အခြားအစားအစာများကို ထောက်ပံ့ပေးကြသည်။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
**လေ့ကျင့်မှု – အချက်အလက်များလက်တွေ့အသုံးချခြင်း**

အုပ်စုများခွဲ၍ သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်မြင်တွေ့ရသော ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့် ဥပမာများကို ရေးသားပြုစုပါ။ သင့်အုပ်စု၏အဖြေများကို အခြားအုပ်စု၏အဖြေများနှင့်နှိုင်းယှဉ်ပါ။

# ၄ (ဃ)။ ငွေကြေးအသပြာ

ကုန်စည်နှင့်ဝန်ဆောင်မှုများကို ငွေကြေးဖြင့်ဝယ်ယူနိုင်သည်။ ငွေကြေးဖြင့်အစားအစာများဝယ်ယူနိုင်သည်၊ ဂီတာသင်တန်းကြေးအဖြစ်ပေးနိုင်သည်၊ (သင့်တွင်အလုံအလောက်ရှိလျှင်)မော်တော်ဆိုက်ကယ်တစ်စီးဝယ်ယူနိုင်သည်။ တစ်စုံတစ်ယောက်ထံမှ **‘လုပ်အားနာရီ’** တစ်ချို့လည်းဝယ်နိုင်သေးသည်။

အတိတ်ကာလတွင် မြောက်များစွာသောအရာဝတ္ထုများကို ငွေကြေးအဖြစ်အသုံးပြုကြသည်။ ဥပမာ – ဆား၊ နွားများ၊ ကျောက်တုံးများ၊ ခရုခွံများ၊ လက်နှင့်ငှက်မွေးများစသည်ဖြင့်ဖြစ်သည်။ ငွေကြေးသည် ကုန်သွယ်မှုပြုလုပ်ရာတွင် ပိုမိုလွယ်ကူစေသည်။

**ဆွေးနွေးခြင်း**

သင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်ငွေကြေးကိုအသုံးပြုပါသလား။ ငွေကြေးဖြင့်မည်သည်တို့ကိုသင်ဝယ်ယူနိုင်သနည်း၊ မည်သည်တို့ကိုသင်ရောင်းချနိုင်သနည်း။ ငွေကြေးကိုမည်ကဲ့သို့အသုံးပြုသနည်း။ တိုက်ရိုက်လဲလှယ်သည့်စနစ်ကိုသင့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်အသုံးပြုပါသလား။ အဘယ့်အတွက်နည်း။

**လေ့ကျင့်ခန်း**

လွန်ခဲ့သောလတွင်သင်၏မိသားစုငွေကိုမည်ကဲ့သို့အသုံးပြုခဲ့သနည်း။ စာရင်းပြုစုပါ။ သင့်မိသားစုထဲမှတစ်ဦးဦးကတိုက်ရိုက်လဲလှယ်ခြင်းကိုအသုံးပြုခဲ့ပါသလား။ ဥပမာတစ်ခုပေးပါ။

ငွေကြေးမရှိလျှင်၊ အထက်ပါပုံ(၁)ကဲ့တွင်ဖော်ပြသကဲ့သို့ လူနှစ်ဦးလုံးတွင်သူတို့အမှန်တကယ်လိုအပ်အရာဝတ္ထုများ သူတို့တစ်ဦးစီ၏လက်ဝယ်တွင်ရှိမှသာလျှင် လဲလှယ်မှုဖြစ်မြောက်နိုင်သည်။ ငွေကြေးကလဲလှယ်မှုကိုရိုးရှင်းလွယ်ကူစေသည်။ လူများ အလုပ်တစ်မျိုးတည်းကိုအာရုံစိုက်ဆောင်ရွက်နိုင်သည်။ ဥပမာ – ဒေါ်ပုအနေဖြင့် နာနတ်သီးစိုက်ပျိုးရောင်းချခြင်းလုပ်ငန်းတွင် သူမ၏အချိန်ကိုအသုံးချနိုင်သည်။ သူမနာနတ်သီးရောင်းချရာမှရရှိသောငွေကြေးဖြင့် အဝတ်အထည်နှင့် အစားအစာများဝယ်ယူနိုင်သည်၊ သူမအိမ်ငှားရမ်းခပေးနိုင်သည်၊ သူမစက်ဘီးပြင်စရိတ်ကိုပေးနိုင်သည်။

မင်းဇော်သည်ဆရာဝန်တစ်ယောက်ဖြစ်သည်။ သူသည်ဆေးခန်းတစ်ခုတွင်အလုပ်လုပ်၍ လူများကိုကျန်းမာရေးစောင့်ရှောက်ပေးသည်။ ထိုသူ၏လုပ်အားအတွက် သူဝင်ငွေရရှိသည်။ ထိုဝင်ငွေဖြင့် ကုန်စည်များနှင့်ဝန်ဆောင်မှုများကို သူဝယ်ယူနိုင်သည်။

ပုံ (၂)



ဒေါ်ပုသည်နာနတ်သီးတောင်သူဖြစ်သည်။ သူမသည် သူမ၏အလုပ်လုပ်ရက်များကို စိုက်ခင်း၌သာ နာနတ်သီးပင်များစိုက်ပျိုးခြင်းဖြင့်ကုန်လွန်စေသည်။ ထိုစိုက်ခင်းမှထွက်သောနာနတ်သီးများကိုရောင်းချ၍ ရောင်းချ၍ရရှိသောဝင်ငွေဖြင့် အခြားကုန်စည်များနှင့်ဝန်ဆောင်မှုများကိုဝယ်ယူသည်။

ပုံ (၃)



ငွေကြေးအသုံးမပြုလျှင် လူများအနေဖြင့် ဤကဲ့သို့အလုပ်တစ်ခုကိုအထူးပြု၍ မလုပ်ကိုင်နိုင်ပေ။ ထိုအခါ လူများသည် အရေအတွက်အနည်းငယ်ဖြင့် အမျိုးအစားမြောက်မြားစွာ ထုတ်လုပ်ရန်လိုအပ်လိမ့်မည်။ သို့မှသာ ကုန်သွယ်လဲလှယ် မှုပြုလုပ်ရန်အတွက် အရာဝတ္ထုအမျိုးအစားအမြောက်အမြား သူတွင်ထံတွင်အမြဲတမ်းရှိနေမည်ဖြစ်သည်။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ယှဉ်တွဲခြင်း**

အောက်ပါကုန်ပစ္စည်းလဲလှယ်မှုပုံစံများ(နံပါတ်များ)ကိုဥပမာများ(စာလုံးများ)ယှဉ်တွဲပါ။

၁။ ငွေကြေးရရှိရန်ဝန်ဆောင်မှု
၂။ ဝန်ဆောင်မှုအတွက်အခကြေး

၃။ ဖလှယ်ခြင်း – ကုန်စည်အချင်းချင်း
၄။ ကုန်စည်အတွက်အခကြေး
၅။ ဖလှယ်ခြင်း – ဝန်ဆောင်မှုအချင်းချင်း
၆။ ဖလှယ်ခြင်း – ကုန်စည်အချင်း ချင်း
(ဝန်ဆောင်မှုအပါအဝင်)
၇။ ဖလှယ်ခြင်း – ကုန်စည်အတွက်ဝန်ဆောင်မှု
၈။ ဖလှယ်ခြင်း – ဝန် ဆောင်မှုအချင်းချင်း
၉။ ဖလှယ်ခြင်း – ကုန်စည်အတွက်ဝန်ဆောင်မှု
(ဝန်ဆောင်မှုအပါအဝင်)



(က)။ ။ သင်သည် သင့်အိမ်နောက်ဖေးမြေကွက်လပ်တွင်သဘော်ာသီးပင်များစိုက်ပျိုးထားသည်။ သဘော်ာသီးများမှာသင့်မိသားစုစားသုံးရန်လိုအပ်သည်ထက်ပိုနေသည်။ သင်၏အိမ်နီးနားချင်းတွင် ကြက်များမွေးမြူထားသည်။ သင်လိုအပ်လျှင် ကြက်ဥနှင့်သဘော်ာသီးလဲလှယ်နိုင်သည်။ ထို့ကြောင့် သင်နှင့်သင့်အိမ်နီးနားချင်းနှစ်ဦးလုံးမှာ ကြက်ဥများနှင့်သဘော်ာသီးများ ရရှိနိုင်သည်။

(ခ)။ ။ သင့်ဆရာမ၏အိမ်နီးနားချင်းမှ သူ၏သမီးအားညနေပိုင်းများတွင်အင်္ဂလိပ်စာသင်ကြားပေးရန်သူမအားမေတ္တာရပ်ခံသည်။ သူ့တွင် ဆရာမအားသူ့သမီးပညာသင်စရိတ်အတွက်ပေးရန်ငွေကြေးမရှိပေ။ သို့သော် နွေရာသီတွင် ဆရာမ၏အိမ် အိမ်ခေါင်မိုးရန်သူကူညီပေးသည်။

(ဂ)။ ။ အထက်တန်းကျောင်းသားများအား ရပ်ကွက်ခန်းမတစ်ခုဝိုင်းဝန်းကူညီတည်ဆောက်ပေးရန်မေတ္တာရပ်ခံသည်။ ဆောက်လုပ်ခြင်းပြီးသွားသောအခါ ရပ်ကွက်သူ၊ ရပ်ကွက်သားများက ကျောင်းသားများအားညနေစာနှင့်ချက်ပြုတ်ဧည့်ခံသည်။

(ဃ)။ ။ ကျွန်တော့်အိမ်နီးနားချင်းအိမ်မှသားဖြစ်သူသည် မကြာခဏငါးဖမ်းသွားတတ်သည်။ သူငါးများစွာဖမ်းမိလျှင်တစ်ချို့ကို ကျွန်တော်တို့မိသားစုအားပေးတတ်သည်။ လွန်ခဲ့သောလက ကျွန်တော်အမဲလိုက်သွားရာ တောဝက်တစ် – ကောင်ဖမ်းမိသည်။ ဝက်မှအသားများစွာထွက်သည်။ ထို့ကြောင့် တစ်ချို့ကိုချက်ပြုတ်၍ သူ့မိသားစုအားလည်းဝေငှာပေးသည်။

(င)။ ။ ကျွန်တော်သည် ဤနှစ်ထဲတွင် ကျွန်တော့်အစ်ကိုဝမ်းကွဲအား ဝါးများကူသယ်၍သူ့အိမ်ပြုပြင်ရာတွင်ဝိုင်းဝန်းကူညီပေးသည်။ ကျောင်းဖွင့်ချိန်ရောက်လာသောအခါ သူ့မိသားစုက ကျွန်တော့်အားကျောင်းဝတ်စုံတစ်ထည်ချုပ်ပေးသည်။

(စ)။ ။ ကျွန်တော်တို့မြို့တွင် သီးနှံရိတ်သိမ်းချိန်ရောက်သောအခါ တစ်ယောက်ကိုတစ်ယောက်အကူအညီပေးကြသည်။ မိသားစုများ၏စပါးရိတ်သိမ်းချိန်သည်မတူညီသည့်အလျောက် တစ်ပတ်တွင်မိသားစုတစ်ခုကိုကူညီပေး၍နောက်တစ်ပတ်တွင်နောက်မိသားစုတစ်ခုအားကူညီပေးကြသည်။

(ဆ)။ ။ သင်ပဲခူးကိုဘတ်စကားဖြင့်သွားရာဘတ်ကားခ(၁၁၀၀)ကျပ်ပေးရသည်။

(ဇ)။ ။ သင်ဈေးတွင် ဖိနပ်တစ်ရံဝယ်ယူသည်။

(ဈ)။ ။ သင်သည် စက်ရုံတစ်ရုံတွင်အလုပ်လုပ်၍ လုပ်ခလစာရရှိသည်။



## ဆွေးနွေးခြင်း

လေ့ကျင့်မှု – အားသာချက်များနှင့်အားနည်းချက်များဖော်ထုတ်ခြင်း

ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စနစ်နှင့်ငွေကြေးဖြင့်ဝယ်ယူသည့်စနစ်တို့၏ကောင်းကျိုးအားသားချက်နှင့်ဆိုးကျိုးအားနည်းချက်များမှာ မည်သည်တို့နည်း။ ဆွေးနွေးတိုင်ပင်၍ အောက်ပါဇယားတွင် ထပ်မံဖြည့်စွက်ပါ။

| | ကောင်းကျိုးအားသာချက်များ | အားနည်းချက်ဆိုးကျိုးများ |
|---|---|---|
| **ကုန်ပစ္စည်းချင်းတိုက်ရိုက်လဲလှယ်သည့်စနစ်** | ဝင်ငွေရရှိရန်မလိုအပ်ခြင်း | သင့်တွင်ရှိသောကုန်စည်ကိုလိုအပ်သောသူကိုရှာဖွေရခြင်း |
| **ငွေကြေးဖြင့်ဝယ်ယူသည့်စနစ်** | အလုပ်တစ်ခုခုကိုအထူးပြု၍လုပ်နိုင်ခြင်း | တစုံတခုဝယ်ယူလိုသောအခါ အမြဲတမ်းငွေကြေးလိုအပ်ခြင်း |

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

လေ့ကျင့်မှု – ရုပ်ပုံများရေးဆွဲခြင်း

**စာမျက်နှာ(၆၀)ရှိပုံ**(၃)၊ ပုံ(၄)တို့ကိုကြည့်ရှုပါ။ ထိုရုပ်ပုံများသည် နာနတ်သီးစိုက်ပျိုးသူနှင့်ဆရာဝန်တို့၏အကြောင်းဖြစ်သည်။ သင့်ပတ်ဝန်းကျင်မှဆရာမတစ်ယောက်အကြောင်းကို ထိုကဲ့သို့ရုပ်ပုံတစ်ခုရေးဆွဲပါ။

**ငွေကြေးကိုမည်သည့်အတွက်အသုံးပြုသနည်း။**

ငွေကြေးကို ဖလှယ်ရန်ကြားခံပစ္စည်းအဖြစ်လည်းကောင်း၊ တန်ဖိုးကိုတိုင်းတာရန်အတွက်လည်းကောင်း၊ နှင့်တန်ဖိုးထိန်းသိမ်းရန်အတွက်လည်းကောင်းအသုံးပြုသည်။

**ဖလှယ်ရန်ကြားခံပစ္စည်းဆိုသည်မှာ –**

လူတို့သည် ကုန်စည်များနှင့်ဝန်ဆောင်မများလဲလှယ်ရာတွင် ငွေကြေးကိုကြားခံပစ္စည်းအဖြစ်လက်ခံကြသည်။ အဘယ်ကြောင့်ဆိုသော် အခြားကုန်စည်များနှင့်ဝန်ဆောင်မှုများဝယ်ယူရန် ထိုငွေကြေးကိုပင်အသုံးပြုနိုင်သောကြောင့်ဖြစ်သည်။ ငွေကြေးသည်သယ်ယူရ၊ ခွဲဝေရလွယ်ကူသည်။ ထို့ပြင် မည်သည့်အချိန်တွင်မဆိုလဲလှယ်ရန်အသုံးပြုနိုင်သည်။

**တန်ဖိုးထိန်းသိမ်းထားသည်ဆိုသည်မှာ –**

အချိန်တစ်ချိန်တွင် သင်ဝင်ငွေတစ်ခုခု(တန်ဖိုး)ရရှိသည်နှင့်ထိုငွေကို သင်အသုံးပြုရန်လိုအပ်သောအချိန်အထိစုဆောင်းထားနိုင်သည်။ အနာဂတ်တွင်လဲလှယ်မှုများပြုလုပ်ရန်အတွက်အသုံးပြုနိုင်သည်။ ဆိုလိုသည်မှာသင့်ထံတွင်ရှိသောငွေကြေးတန်ဖိုးတစ်ခုကို ပြောင်းလဲမမှုရှိဘဲ သင်စုဆောင်းသိမ်းဆည်းထားနိုင်သည်။

**တန်ဖိုးတိုင်းတာခြင်းနှင့်အကြွေးတိုင်းတာခြင်းဆိုသည်မှာ –**

ငွေကြေးကိုအသုံးပြုလျက် အရာဝတ္ထုများ၏တန်ဖိုးကိုတိုင်းတာနိုင်သည်။ ငွေကြေးတစ်ယူနစ်(ဥပမာ – ကျပ်၊ ဘတ်၊ ဒေါ်လာစသည်ဖြင့်)၏တန်ဖိုးမည်မျှရှိသည်ကိုလူများသိရှိသောအခါ –

– ငွေကြေးချေးငှားရန်နှင့်ပြန်ပေးဆပ်ရန်လည်းကောင်း၊

– အနာဂတ်အလုပ်အကိုင်အတွက်လည်းကောင်း၊ အနာဂတ်အထောက်အပံ့အတွက်လည်းကောင်းစာချုပ်ဆိုခြင်းတို့ကိုသူတို့အနေဖြင့်လွယ်ကူစွာပြုလုပ်နိုင်သည်။ ငွေကြေးသည်ရောင်းလိုအားနှင့်ဝယ်လိုအားဥပဒေသ၏ သဘောသဘာဝအတိုင်းဖြစ်သည်။ ငွေကြေးရိုက်နှိပ်မမြှုားပြားလာသောအချိန်၊ လူများငွေကြေးကိုအလွန်အကျွံသုံးဖြန်းလာသောအချိန်တွင်ငွေကြေးတန်ဖိုးကျလာသည်။ ထိုအခါ လူတို့သည်သူတို့ဝယ်ယူလေ့ရှိသောပစ္စည်းများအတွက် ငွေပိုပေး၍ဝယ်ယူလာရသည်။ ထိုအခြင်းအရာကို **ငွေဖောင်းပွခြင်း**ဟုခေါ်သည်။

အကယ်၍နိုင်ငံတစ်နိုင်ငံ၏ငွေကြေးတန်ဖိုးသည် (၁၀)ရာခိုင်နှုန်းအထိကျင်ဆင်းသွားလျှင် ငွေဖောင်းပွမှုမှာ (၁၀) ရာခိုင်နှုန်းအဆင့်ရှိသည်။ ထို့ကြောင့် ငွေကြေး၏ဝယ်ယူနိုင်မှုတန်ဖိုး(၁၀)ရာခိုင်နှုန်းကျဆင်းသွားသည်။

ရောင်းလိုအားနှင့်ဝယ်လိုအားအကြားတွင် မျှတမှုရှိရန်လိုအပ်သည်ဟု ဘောဂဗေဒပညာရှင်များကပြောဆိုကြသည်။ သို့မှသာလူတို့အလိုရှိသောကုန်စည်များနှင့်ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ ဤအခြေအနေကိုထိန်းသိမ်း

ရန် အလုပ်သမားများကထုတ်လုပ်နိုင်စွမ်းရှိရမည်ဖြစ်၍ **ဝယ်ယူစားသုံးသူ**များက ပစ္စည်းများကိုဝယ်ယူသုံးစွဲနိုင်စွမ်းရှိရန်လို အပ်သည်။

ဘောဂဗေဒကိုလေ့လာရခြင်းမှာ လူ့အဖွဲ့အစည်းများအကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်ရန်ဖြစ်သည်။ အဘယ်ကြောင့် တစ်ချို့လူများချမ်းသာကြ၍ တစ်ချို့မှာဆင်းရဲကြသည်ကိုလည်းကောင်း၊ အဘယ်ကြောင့်တစ်ချို့နိုင်ငံများက အစားအစာများသာထုတ်လုပ်၍ တစ်ချို့နိုင်ငံများမှာ မော်တော်ကားများ၊ ကွန်ပြူတာများနှင့်ရေဒီယိုများကိုထုတ်လုပ်ကြသည် စသည်တို့ကိုနားလည်သိရှိရန်ဖြစ်သည်။ ဘောဂဗေဒအကြောင်းကိုသိရှိနားလည်ခြင်းသည် **ဆင်းရဲမွဲတေခြင်း**စသော ပြဿနာများကိုဖြေရှင်းရာတွင်အထောက်အကူပြုသည်။

**လေ့ကျင့်ခန်း** မေးခွန်းများကိုဖြေပါ။

၁။ ဘောဂဗေဒသည်
- က) မည်သို့ဈေးနှုန်းများမြင့်တက်သွားသည်ကိုလေ့လာခြင်းဖြစ်သည်။
- ခ) ငွေဖောင်းပွခြင်းပြဿနာကိုလေ့လာခြင်းဖြစ်သည်။
- ဂ) ကုန်စည်များနှင့်ဝန်ဆောင်မှုများထုတ်လုပ်ရောင်းချခြင်းကိုလေ့လာခြင်းဖြစ်သည်။
- ဃ) ငွေကြေးတန်ဖိုးကိုလေ့လာခြင်းဖြစ်သည်။

၂။ ငွေဖောင်းပွခြင်းသည်
- က) မြောက်များစွာသောလူများက ရွှေကိုဝယ်ယူလာသောကြောင့်ဖြစ်သည်။
- ခ) လူများအလုပ်အကိုင်မရရှိသောကြောင့်ဖြစ်သည်။
- ဂ) ငွေကြေးပေါများသောကြောင့်ဖြစ်သည်။
- ဃ) အခြားနိုင်ငံတစ်ခုမှ အစားအစာများတွင်သွင်းသောကြောင့်ဖြစ်သည်။

၃။ အကယ်၍သန့်ရှင်းသောသောက်သုံးရေရရှိရန်အခက်အခဲရှိလျှင် ရေဈေးနှုန်း
- က) မြင့်တက်လာမည်။
- ခ) ယခင်ဈေးနှုန်းအတိုင်းသာရှိနေမည်။
- ဂ) ဈေးနိမ့်ဆင်းလာမည်။
- ဃ) အခမဲ့ရရှိမည်။

၄။ ဆင်းရဲမွဲတေခြင်းကဲ့သို့သောစီးပွားရေးပြဿနာများကိုဖြေရှင်းရန်အတွက်
- က) ဘောဂဗေဒဘာသာရပ်ကို ကျွန်ုပ်တို့သိရန်လိုအပ်သည်။
- ခ) ငွေကြေးကိုအသုံးပြုဖို့ ကျွန်ုပ်တို့လိုအပ်သည်။
- ဂ) ဝင်ငွေရရှိရန် ကျွန်ုပ်တို့လိုအပ်သည်။
- ဃ) ကျွန်ုပ်တို့လိုအပ်သောအရာများကိုသာ ခြိုးခြံချွေတာ၍ ကျွန်ုပ်တို့အသုံးပြုသင့်သည်။

# အခန်း (၅)
# နိုင်ငံရေးဘာသာရပ်

**နိုင်ငံရေးဘာသာရပ်၏သဘောတရား (concepts)**

၁။ နိုင်ငံရေးဆိုသည်မှာအဘယ်နည်း။
၂။ ခေါင်းဆောင်များနှင့်အစိုးရများ
၃။ စည်းမျဉ်းစည်းကမ်းများနှင့်ဥပဒေများ
၄။ အစိုးရပုံစံများ
၅။ လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းများ
၆။ လူ့အဖွဲ့အစည်းပုံစံများ
၇။ လူ့အဖွဲ့အစည်းများအတွင်းရှိပြဿနာများ

**လက်တွေ့ပြုလုပ်သောလေ့ကျင့်မှု (skills practiced)**

၁။ စိတ်ကူးမြေပုံများရေးဆွဲခြင်း
၂။ သတင်းအချက်အလက်များကို ကဏ္ဍအလိုက်အမျိုးအစားခွဲခြင်း
၃။ လက်တွေ့ဘဝမှဥပမာများကို ဖော်ထုတ်ခြင်း
၄။ အားသာချက်များနှင့်အားနည်းချက်များကို ဖော်ထုတ်ခြင်း
၅။ ပြဿနာများကို ဖော်ထုတ်ခြင်း
၆။ သတင်းအချက်အလက်များကို ဇယားများတွင် စီစဉ်ထည့်သွင်းခြင်းစသည်တို့ဖြစ်သည်။

**အခန်းကိုလေ့လာသင်ကြားပြီးနောက်ကျောင်းသား/သူများသည်**

၁။ နိုင်ငံရေး၏အခြေခံအကြောင်းအရာများကိုနားလည်ခြင်း
၂။ ခေါင်းဆောင်အမျိုးအစားများနှင့်အစိုးရအမျိုးအစားမျာကို ခွဲခြားဖော်ထုတ်နားလည်ခြင်း
၃။ အာဏာ၏အရင်းအမြစ်များကို ဖော်ထုတ်နားလည်ခြင်း
၄။ လူ့အဖွဲ့အစည်းအခြေခံအမျိုးအစားများကိုဖော်ထုတ်နိုင်ခြင်းနှင့်မိမိတို့၏ကိုယ်ပိုင်လူ့အဖွဲ့အစည်းအမျိုးအစားကိုဖော်ထုတ်နိုင်ခြင်း
၅။ စည်းမျဉ်းစည်းကမ်းများနှင်ဥပဒေများကိုပိုင်ခြားစိတ်ဖြာနိုင်ခြင်း –မည်သူတို့ကထိုစည်းမျဉ်းဥပဒေများကိုချမှတ်၍မည်သူတို့ကလိုက်နာသည် စသည်ဖြင့်
၆။ လူ့အဖွဲ့အစည်းများအတွင်းရှိပြဿနာများကို ဆွေးနွေးနိုင်ပြီး၊ သူတို့၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှဥပမာများကိုပေးနိုင်ခြင်း
၇။ သတင်းအချက်အလက်များကို ဇယားများတွင် စီစဉ်ထည့်သွင်းနိုင်ခြင်းတို့ကိုရရှိလာမည်ဖြစ်သည်။

## ၅ (က)။ နိုင်ငံရေးဆိုသည်မှာအဘယ်နည်း။

နိုင်ငံရေးဆိုသည်မှာ မည်သူ့တွင်အာဏာရှိသနည်း၊ ထိုသူတို့က အာဏာကိုမည်ကဲ့သို့အသုံးပြုသနည်းစသည်ဖြင့် အာဏာကိုလေ့လာခြင်းဖြစ်သည်။ ထိုဘာသာရပ်သည် အုပ်ချုပ်သူအစိုးရများနှင့်အုပ်ချုပ်ခံပြည်သူ့တိုအကြောင်းဖြစ်သည်။

**အဓိကဝေါဟာရများ**

နန်းစွန့်သည် (abdicate) ဘိုးဘေးဘီဘင် (ancestor) အာဏာ (authority) ဗဟိုကချုပ်ကိုင်သည် (centralize) စစ်အာဏာသိမ်းခြင်း (coup) မနာခံ၊ မလိုက်နာနေသည် (disobey) ရွေးကောက်ပွဲ (election) (ဥပဒေ၊ အမိန့်စသည်) အာဏာတည်စေသည် (enforce) အုပ်စိုးသည် (govern) လွှမ်းမိုးသည် (influence) ဥပဒေ (law) စစ်တပ် (military) သက်ဦးဆံပိုင်ဘုရင် (monarch) ဘုရင်အုပ်စိုးသောနိုင်ငံ (monarchy) အမျိုးသားနိုင်ငံ (nation state) အထက်လွှတ်တော်၊ ပါလီမန် (parliment)

**အဖွင့်မိတ်ဆက်**

**လေ့ကျင့်မှု – စိတ်ကူးမြေပုံရေးဆွဲခြင်း**

လူ့အဖွဲ့အစည်းဆိုသည်မှာအဘယ်နည်း။ လူ့အဖွဲ့အစည်းအကြောင်းနှင့်ပက်သတ်၍သင်စိတ်ကူးစဉ်စား၍ရသမျှအချက်အလက်များကိုအောက်ပါစိတ်ကူးမြေပုံတွင်ဖြည့်စွက်ပါ။




**အထက်တွင်ဖော်ပြထားသော ဝေါဟာရဇယားထဲမှဝေါဟာရများကိုသင်အသုံးပြုခဲ့ပါသလား။**

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
**လေ့ကျင့်မှု – ကဏ္ဍအလိုက်အမျိုးအစားခွဲခြင်း**

သင်ရေးဆွဲခဲ့သောစိတ်ကူးမြေပုံကိုထပ်မံတိုးချဲ့ပါ။ ဤပုံတွင်အခန်းကဏ္ဍများစွာပါဝင်သည်။ ကဏ္ဍတစ်ခုစီနှင့်ပတ်သက်၍သင်မည်သည်တို့ကိုပြောပြနိုင်သနည်း။ ကဏ္ဍတစ်ခုစီတွင်ဝေါဟာရများထပ်မံ၍ဖြည့်စွက်ပါ။ သင်နှစ်သက်သမျှဖြည့်စွက်နိုင်သည်။ သင်ဖြည့်စွက်လိုသောကဏ္ဍများရှိပါကလည်းထည့်မံ၍ဖြည့်စွက်နိုင်ပါသည်။ ထိုကဏ္ဍများအားလုံးသည်လူ့အဖွဲ့အစည်း၏မတူညီသောအစိတ်အပိုင်းများဖြစ်သည်။ ဆိုလိုသည်မှာ သင်လူ့အဖွဲ့အစည်းအကြောင်းကိုလေ့လာလိုလျှင် ဤ – အရာများအားလုံးကိုလေ့လာရန်လိုအပ်သည်။




**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ဇယားအသုံးပြုခြင်း**

သင်သည်ဆရာ/မတစ်ယောက်ဆိုပါစို့။ သင့်ကျောင်းသား/သူများအတွက် လူ့အဖွဲ့အစည်းအကြောင်းနှင့်ပတ်သက်၍ သင်ကြားလေ့လာရေးအစီအစဉ်တစ်ခုရေးဆွဲရမည်။ မည်သည့်ခေါင်းစဉ်အကြောင်းအရာများကို ကျောင်းသား/သူများလေ့လာနိုင်ရန်သင်ထည့်သွင်းဖော်ပြမည်နည်း။

| | | |
|---|---|---|
| လူ့အဖွဲ့အစည်း | သမိုင်း | ဥပမာ – အဖြစ်အပျက်များ၊ တိုးတက်မှုများနှင့်အပြောင်းအလဲများ၊ ကျော်ကြားသောလူပုဂ္ဂိုလ်များ |
| | ပထဝီဝင် | |
| | လူထု | |
| | လူ့အသိုင်းအဝိုင်း | |
| | အစိုးရ | |
| | ဘာသာရေး | |
| | ယဉ်ကျေးမှု | |
| | ဘာသာစကား | |
| | မိသားစုများ | |
| | ---------------- | |
| | ---------------- | |
| | ---------------- | |

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**

လူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ သင့်တွင်ရှိသောအကြံဉာဏ်များကို စာကြောင်းများအဖြစ်ရေးချပါ။ သင်ကြိုက်နှစ်သက်ရာဘာသာဖြင့်ရေးနိုင်ပါသည်။ အထက်ပါစာမျက်နှာမှသင်ရေးဆွဲခဲ့သောစိတ်ကူးမြေပုံမှအကြံဉာဏ်များကိုအသုံးပြုပါ။

**ဥပမာ –**

၁။ လူ့အဖွဲ့အစည်းကို လူ၊ ယဉ်ကျေးမှု၊ နောက်ခံဘုံသမိုင်းကြောင်းနှင့်ခေါင်းဆောင်များသို့မဟုတ်အစိုးရစသည်တို့ဖြင့်ဖွဲ့စည်းထားသည်။

၂။ လူတိုင်းသည် လူ့အဖွဲ့အစည်းတိုင်းကိုစိတ်ဝင်စားမှုရှိသည်။

လူတို့သည် လူ့အဖွဲ့အစည်းများတွင်နေထိုင်ကြသည်။ ဆိုလိုသည်မှာ ဒေသတစ်ခုထဲတွင်နေထိုင်သောသို့မဟုတ် တူညီသောယဉ်ကျေးမှုရှိသောလူမျိုးအုပ်စုများသည် အုပ်စုဖွဲ့၍နေထိုင်ကြသည်။ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို မတူညီသောအတွေးအခေါ်များ၊ အယူအဆများ၊ စိတ်ဝင်စားမှုများလူတိုင်းတွင်ရှိသည်။ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို လူများသည် ကွဲပြားသောဘာသာစကားများကိုပြောဆိုနိုင်သည်၊ ကွဲပြားသောတိုင်းရင်းသားလူမျိုးအုပ်စုများမှဆင်းသက်လာသူများဖြစ်နိုင်သည်၊ မတူညီသောဘာသာရေးကိုးကွယ်ယုံကြည်သူများဖြစ်နိုင်သည်။ တခါတရံတွင် ထိုလူမျိုးအုပ်စုများသည် သူတို့လူ့အဖွဲ့အစည်းအားမည်ကဲ့သို့ဖွဲ့စည်းတည်ဆောက်သင့်သည်ဆိုသောအကြောင်းအရာပေါ်တွင်သဘောတူညီမှုမရှိကြပေ။

လူ့အဖွဲ့အစည်းတစ်ခုသည် –

– ၄င်းလူ့အဖွဲ့အစည်းအတွင်းရှိလူများအတွင်း ငြိမ်းချမ်း၍စနစ်ကျမှုရှိစေရန်ထိန်းသိမ်းရမည်။

– ပြင်ပမှ ၄င်းအသိုင်းအဝိုင်းအပေါ်ကျရောက်လာနိုင်သောအန္တရာယ်များကိုလည်း ကာကွယ်ရမည်။

ထိုကဲ့သို့ပြုလုပ်ရန် လူ့အဖွဲ့အစည်းများသည် သူတို့၏အဖွဲ့အစည်းများကို သူတို့ကိုယ်တိုင်အုပ်ချုပ်နိုင်ရန် အုပ်ချုပ်ရေးစနစ်များကိုဖန်တီးကြသည်။ အုပ်ချုပ်မှုစနစ်တိုင်းတွင် **ဥပဒေများ**ကိုရေးဆွဲပြဋ္ဌာန်းသော ခေါင်းဆောင်တစ်ယောက်သို့မဟုတ် ခေါင်းဆောင်အုပ်စုတစ်စုရှိသည်။ ၄င်းဥပဒေများကို **သက်ရောက်အာဏာတည်စေရန်** ပြုလုပ်ခွင့်**အာဏာ**သည် ထိုခေါင်း – ဆောင်များတွင်ရှိသည်။

နိုင်ငံရေးသည် ခေါင်းဆောင်များ လူ့အဖွဲ့အစည်းကိုအုပ်ချုပ်သည့်နည်းလမ်းပုံစံများနှင့်အစိုးရများကိုမည်ကဲ့သို့ဖွဲ့စည်းတည်ဆောက်ထားသည်ကိုလေ့လာခြင်းလည်းဖြစ်သည်။

**ဆွေးနွေးခြင်း** အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

– လူ့အဖွဲ့အစည်းတစ်ခုကိုမည်သူကအုပ်ချုပ်သနည်း။

– မည်ကဲ့သို့အုပ်ချုပ်မည်နည်း။

– အစိုးရသည် သူ၏အာဏာကိုမည်ကဲ့သို့ရရှိသနည်း။

– အထက်ပါစာပိုဒ်တွင် လူတို့တွင်စိတ်ဝင်စားမှုများရှိသည်ဟုဆိုခဲ့သည်။ သူတို့၏ထိုစိတ်ဝင်စားမှုများသည် မည်သည်တို့ဖြစ်မည်ဟုသင်ထင်မြင်ယူဆပါသနည်း။

အကယ်၍တစ်ချို့မေးခွန်းများကိုသင်ယခုမဖြေဆိုနိုင်သော် စိတ်မပျက်ပါနှင့်။ ဤအခန်းတွင်ပါဝင်သောစာပိုဒ်များနှင့်လေ့ကျင့်ခန်းများက အဖြေများရရှိရန်သင့်ကိုကူညီပေးပါလိမ့်မည်။

# ၅ (ခ)။ ခေါင်းဆောင်များနှင့်အစိုးရများ

အချို့သောလူ့အဖွဲ့အစည်းများတွင်လူများသည် သူတို့ခေါင်းဆောင်များအားရွေးကောက်ပွဲများတွင်ရွေးချယ်တင်မြှောက်ကြသည်။ အချို့တွင်လူတစ်ခုကခေါင်းဆောင်များကိုရွေးကောက်တင်မြှောက်ကြသည်။ တခါတရံ ခေါင်းဆောင်များသည် စစ်ဘက်မှဖြစ်၍ တခါတရံဘာသာရေးခေါင်းဆောင်များဖြစ်ကြသည်။ တစ်ချို့သောလူ့အဖွဲ့အစည်းများကို ဘုရင်သို့မဟုတ်ဘုရင်မကအုပ်ချုပ်သည်။ ထိုကဲ့သို့သောလူ့အဖွဲ့အစည်းများကို ဘုရင်စနစ်ဖြင့်အုပ်ချုပ်သောလူ့အဖွဲ့အစည်းဟုခေါ်သည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

မည်သူသည်ခေါင်းဆောင်ဖြစ်သနည်း။ ခေါင်းဆောင်မဟုတ်သူများကမည်သူတို့နည်း။
အုပ်စုခွဲ၍အောက်တွင်ဖော်ပြထားသောပုံများမှလူများကို အမျိုးအစားခွဲခြားဖော်ပြပါ – သူတို့မည်သည့်အလုပ်ကိုလုပ်ကိုင်ကြသနည်း။ ပုံထဲရှိ လူများကို ခေါင်းဆောင်များနှင့်ခေါင်းဆောင်မဟုတ်သူများဟူ၍အုပ်စုနှစ်စုခွဲပါ။
သင့်ရွေးချယ်မှုများကိုသင့်အုပ်စုထဲတွင်ဆွေးနွေးပါ။
ထိုနောက် အခြားအုပ်စု၏ရွေးချယ်မှုများကိုသင်တို့အုပ်စု၏ရွေးချယ်မှုများနှင့်နှိုင်းယှဉ်ပါ။ ထိုအုပ်စုနှင့်နောက်ထပ်တစ်ကြိမ်ညှိနှိုင်းပါ။၎င်းနောက် သင်တို့၏ရွေးချယ်မှုများကိုအတန်းထဲတွင်တင်သွင်းဆွေးနွေးပါ။
သင့်အတန်းဖော်ကျောင်းသူ၊ ကျောင်းသားအများစု သင်တို့နှင့်သဘောထားကိုက်ညီမှုရှိပါသလား။
သို့မဟုတ်သင်တို့တွင်သူတို့နှင့်မတူညီသောအမြင်သဘောထားများရှိပါလား။


သစ်တောအရာရှိ


လယ်သမား


ကားဒရိုင်ဘာ


ဘုန်းကြီး


သတင်းထောက်


စစ်သား


သင်းအုပ်ဆရာ


ဈေးသည်


အင်ဂျီနီယာ


သမ္မတ


အမျိုးသမီးအဖွဲ့အစည်းစည်းရုံးရေးမှူး


ရဲအရာရှိ


ရပ်ကွက်စည်းရုံးရေးမှူး


ကျောင်းသူ


ဆရာဝန်မ


ဖွံ့ဖြိုးတိုးတက်ရေးလုပ်သား


လူငယ်အုပ်စုစည်းရုံးရေးမှူး



ပါမောက္ခ



ဆရာမ

## ဆွေးနွေးခြင်း

၁။ ခေါင်းဆောင်များ၏တာဝန်များမှာမည်သည်တို့နည်း။
၂။ နိုင်ငံသားများနှင့်လူ့အဖွဲ့အစည်းဝင်များ၏တာဝန်များမှာမည်သည်တို့နည်း။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
လေ့ကျင့်မှု – နိုင်းယှဉ်ခြင်းနှင့်အရေးပါမှုအလိုက်ဦးစားပေးရွေးချယ်ခြင်း

ယခုတစ်ကြိမ်အထက်ပါပုံများကိုထပ်မံကြည့်ရှုပါ။ သူတို့တစ်ယောက်ချင်းစီ၏တာဝန်များကိုနှိုင်းယှဉ်ပါ။ ယေဘုယျအားဖြင့် ၄င်းတို့၏အလုပ်အကိုင်သည် လူ့အဖွဲ့အစည်းနှင့်အသိုင်းအဝိုင်းအပေါ်မည်မျှအရေးပါသည်အပေါ်အခြေခံ၍ ၄င်းတို့ကိုဦးစားပေးအစဉ်လိုက်စီပါ။ ပထမအရေးပါမှု၊ အရေးပါမဖြသည်ဖြင့်အစဉ်လိုက်ရေးသားပြုစုပါ။

၁။ အရေးအပါဆုံးသူသုံးယောက်အတွက်သင်၏ဆွေးနွေးချက်များကိုရေးချပါ။ အဘယ်ကြောင့်သူတို့ကိုသင်ရွေးချယ်ခဲ့သနည်း။
၂။ အရေးမပါဆုံးသူသုံးယောက်အတွက်သင်၏ဆွေးနွေးချက်များကိုရေးချပါ။ အဘယ်ကြောင့်သူတို့ကိုသင်ရွေးချယ်ခဲ့သနည်း။
သင်၏အဖြေများကိုအတန်းထဲတွင်တင်ပြပါ။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အုပ်စုများခွဲ၍ အောက်တွင်ဖော်ပြထားသောအစိုးရပုံစံဥပမာများကိုသင်၏အုပ်စုတွင်ဆွေးနွေးပါ။
အနည်းဆုံးအစိုးရစနစ်ပုံစံတစ်ခုစီအတွက်ဥပမာနှစ်ခုသို့မဟုတ်သုံးခုပေးပါ။

၁။ စစ်အစိုးရစနစ်
၂။ သက်ဦးဆံပိုင်ဘုရင့်အစိုးရစနစ်
၃။ ရွေးကောက်တင်မြှောက်ခံအစိုးရစနစ်
၄။ ဘာသာရေးခေါင်းဆောင်အုပ်စိုးသောအစိုးရစနစ်

အကြောင်းအရာလေ့လာခြင်း

**အရှေ့တီမောနိုင်ငံသမ္မတဇာနာနာဂုစ်ဆ်မော်အို(Xanana Gusmao)**



အရှေ့တီမောနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံနှင့်ကပ်လျက်တည်ရှိသာနိုင်ငံငယ်တစ်ခုဖြစ်သည်။ ၎င်းနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၏သိမ်းပိုက်အုပ်ချုပ်မှုကိုနှစ်ပေါင်းများစွာတွန်းလှန်တိုက်ပွဲဝင်ခဲ့ပြီး (၂၀၀၀)ခုနှစ်တွင်လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးလှုပ်ရှားမှုတိုက်ပွဲများ၏ခေါင်းဆောင်များထဲမှတစ်ယောက်မှာ ဇာနာနာဂုစ်ဆ်မော်အို(Xanana Gusmao) ဖြစ်သည်။ အရှေ့တီမောလွတ်လပ်ရေးရပြီးနောက် ပြည်သူများကရွေးကောက်ပွဲကျင်းပ၍ ဇာနာနာဂုစ်ဆ်မော်အိုကိုသမ္မတအဖြစ်ရွေးကောက်တင်မြှောက်ကြသည်။

အကြောင်းအရာလေ့လာခြင်း

**ပါကစ္စတန်နိုင်ငံဗိုလ်ချုပ်ကြီးပါဗစ်ဆ်မူချာရဖ်(Pervez Musharraf)**



ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အီရန်နိုင်ငံနှင့်အာဖဂန်နစ်စတန်နိုင်ငံတို့အကြားတွင်တည်ရှိသောနိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်။ (၁၉၉၉)အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးပါဗစ်ဆ်မူချာရဖ်(Pervez Musharraf)မှ အာဏာသိမ်းခဲ့သည်။ သူသည် ရွေးကောက်တင်မြှောက်ခံရသောခေါင်းဆောင်နာဝါးဇ်ရှာရီ(Nawaz Sharif)ထံမှစစ်အာဏာသိမ်း၍ အာဏာလွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။

အကြောင်းအရာလေ့လာခြင်း

**ဘရူးနိုင်ငံဘုရင်ဆူလ်တန်ဟာဆာနလ်ဘော်ကိုင်ယာ(Sultan Hassanal Bolkiah)**



ဘရူနိုင်းဒါရူဆလမ်(Brunei Darussalam)နိုင်ငံသည် မလေးရှားနိုင်ငံနှင့်ကပ်လျက်တည်ရှိသောနိုင်ငံငယ်တစ်နိုင်ငံဖြစ်သည်။ ၎င်းနိုင်ငံသည်(၁၉၈၄)အထိ ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်ခဲ့ပြီးယခုအခါလွတ်လပ်သောနိုင်ငံဖြစ်သည်။ ဘရူးနိုင်းနိုင်ငံ

သည်အာဆီယံအသင်းကြီး၏အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရေနံပေါများသောနိုင်ငံဖြစ်၍အလွန်ချမ်းသာကြွယ်ဝသည်။ ဘရူနိုင်းနိုင်ငံ၏ဘုရင်သည်ဆူလ်တန်ဟာဆာနလ်ဘော်ကိုင်ယာ(Sultan Hassanal Bolkian)ဖြစ်သည်။ သူမတိုင်မီမှာ သူ၏ဖခင်ဘုရင်ဖြစ်ခဲ့သည်။ (၁၉၆၇)ခုနှစ်တွင် သူ၏ဖခင်ကနန်းစွန့်၍သူ့သားအားနိုင်ငံ့အာဏာကိုလွှဲအပ်ခဲ့သည်။

## အကြောင်းအရာလေ့လာခြင်း

**တိဗက်ခေါင်းဆောင်ဒလိုင်းလားမား(Dalai Lama)**



ဒလိုင်းလားမားဘုန်းတော်ကြီးသည် တိဗက်နိုင်ငံ၏ဗုဒ္ဓဘာသာအစဉ်အလာ ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ အတိတ်ကာလတွင်ဒလိုင်းလားမားဘုန်းတော်ကြီးများသည်တိဗက်နိုင်ငံကိုသက်ဦးဆံပိုင်ဘုရင်တစ်ပါးကဲ့သို့အုပ်ချုပ်ခဲ့ဖူးသည်။ ဒလိုင်းလားမားဘုန်းတော်ကြီးများကိုသူတို့ငယ်ရွယ်စဉ်ကလေးဘဝကပင် အထူးရိုးရာအစဉ်အလာပွဲတော်များဖြင့်ရွေးချယ်တင်မြောက်ကြသည်။ အသက်အရွယ်ကြီးလာသောဒလိုင်းလားမားကွယ်လွန်သောအချိန်တွင် နောက်ဒလိုင်းလားမားအသစ်တစ်ယောက်ကအာဏာဆက်ခံသည်။ တိဗက်လူမျိုးများသည် အလွန်ဘာသာရေးကိုင်းရှိုင်းကြ၍ သူတို့၏ဘာသာရေးခေါင်းဆောင်များကို လေးစားကြည်ညိုကြသည်။ ယခုအချိန်တွင် တိဗက်နိုင်ငံသည်တရုတ်၏အုပ်ချုပ်မှုအောက်တွင်ရှိနေပြီး လက်ရှိဒလိုင်းလားမားဘုန်းတော်ကြီးသည် အိန္ဒိယနိုင်ငံလွတ်မြောက်နယ်မြေတွင်နေထိုင်သည်။ များစွာသော တိဗက်လူမျိုးများက လက်ရှိဒလိုင်းလားမားအားသူတို့လူမျိုး၏အစစ်အမှန်ခေါင်းဆောင်အဖြစ် သူ၏အုပ်ချုပ်မှုကိုလက်ခံကြသည်။

## အကြောင်းအရာလေ့လာခြင်း

**ရုရှားသမ္မတဗလာဒီ(မီ)ယာပူတင်(Vladimir Putin)**



ဗလာဒီ(မီ)ယာပူတင်သည် ဆိုဗီယက်ယူနီယံကျဆုံးပြီးနောက် ရွေးကောက်တင်မြောက်ခံရသော ရုရှားနိုင်ငံ၏ ဒုတိယမြောက်သမ္မတဖြစ်သည်။ (၂၀၀၀)ခုနှစ်တွင် ပထမဆုံးအကြိမ်သမ္မတအဖြစ်ရွေးကောက်ခံရသည်။ ထိုနောက်(၂၀၀၅)ခုနှစ်တွင်ဒုတိယမြောက်သမ္မတသက်တမ်းအတွက်အရွေးခံရပြန်သည်။ ရွေးကောက်ပွဲများတွင် မဲအရေအတွက်(၇၀)ရာခိုင်နှုန်းအထက်ရရှိခဲ့သည်။ သူ၏ပထမသမ္မတသက်တမ်းတွင်ရုရှားနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သည့်အတွက် သူ့အားအလွန်လူကြိုက်များခဲ့သည်။ သို့ရာတွင် သူသည်အာဏာကိုသူ့လက်ထဲတွင်သာ ဆုပ်ကိုင်ထား၍ ဗဟိုမှချုပ်ကိုင်ရန်ကြိုးစားခဲ့ပြီး ရုရှားလူမျိုးများ၏လွတ်လပ်ခွင့်များကိုပိတ်ပင်ခဲ့သည်။

## အကြောင်းအရာလေ့လာခြင်း

**မလေးရှားဝန်ကြီးချုပ်အဗဒူလာအာမဒ်ဘာဒါဝီ(Abdullah Ahmad Badawi)**



မလေးရှားနိုင်ငံတွင်ဝန်ကြီးချုပ်အားပြည်သူလူထုမှမရွေးကောက်ပေ။ မလေးလူမျိုးများသည် အောက်လွှတ်တော်အမတ်ကိုယ်စားလှယ်များကိုမဲပေးရွေးချယ်ကြသည်။ အောက်လွှတ်တော်တွင် အမတ်ကိုယ်စားလှယ်နေရာအများဆုံးရရှိသောပါတီ၏ခေါင်းဆောင်သည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ဥပဒေပြုအထက်လွှတ်တော်အမတ်များကိုအစိုးရမှခန့်အပ်သည် မလေးရှားနိုင်ငံ၏ပြည်နယ်များကိုမျိုးရိုးအလိုက်အမွေဆက်ခံသောအုပ်ချုပ်သူများ(မင်းညီမင်းသား)များဖြင့်အုပ်ချုပ်သည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

ဤခေါင်းဆောင်များထဲတွင်မည်သူကစစ်ဘက်ခေါင်းဆောင်ဖြစ်သနည်း။ မည်သူကသက်ဦးဆံပိုင်ဘုရင်ဖြစ်သနည်း။ မည်သူကရွေးကောက်တင်မြောက်ခံဖြစ်သနည်း။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

ဇမ်ဘာလာအစိုးရသစ်အကြောင်းကိုဖတ်၍အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ ဇမ်ဘာလာအစိုးရသစ်မည်ကဲ့သို့အာဏာရရှိခဲ့သနည်း။
- ဇမ်ဘာလာလူမျိုးများသည် မည်သည့်ရွေးချယ်မှုများကိုရရှိသနည်း။
- ဇမ်ဘာလာလူမျိုးများသည် အစိုးရသစ်တွင်မည်သည့်နေရာကဏ္ဍ၌ပါဝင်သနည်း။

၂။ ဇမ်ဘာလာလူမျိုးများနှင့်ဇမ်ဘာလာအစိုးရအား သင်မည်သည့်အကြံဉာဏ်များပေးနိုင်ပါသနည်း။
- ဇမ်ဘာလာနိုင်ငံရှိနိုင်ငံရေးပါတီအရေအတွက်နှင့်ပတ်သက်၍သင်၏အမြင်မှာအဘယ်နည်း။
- မဲပေးစနစ်နှင့်ပတ်သက်၍သင်မည်သို့ထင်မြင်ပါသနည်း။
- သမ္မတကိုရွေးကောက်တင်မြောက်ခြင်းပုံစံနှင့်ပတ်သက်၍သင်မည်သို့ယူဆပါသနည်း။
- ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍သင်၏အမြင်မှာအဘယ်နည်း။

၃။ ဇမ်ဘာလာနိုင်ငံတွင်တိုးတက်သောအစိုးရစနစ်ပေါ်ထွန်းလာစေရန်စီမံကိန်းတစ်ခုရေးဆွဲပါ။

**ဇမ်ဘလာနိုင်ငံ**

ဇမ်ဘလာနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာရှိသေးငယ်သောကျွန်းနိုင်ငံတစ်ခုဖြစ်သည်။ ထိုနိုင်ငံသည် အင်အားကြီးမားသည့် ဥရောပနိုင်ငံတစ်နိုင်ငံ၏ ကိုလိုနီနိုင်ငံအဖြစ် နှစ်ပေါင်း(၃၀၀)ကျော်တည်ရှိနေခဲ့၍ (၁၉၈၀)ခုနှစ်များတွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရပြီးလျှင်ပင် အရှေ့တောင်အာရှအင်အားကြီးနိုင်ငံတစ်ခု၏သိမ်းပိုက်ခြင်းခံရသည်။

နောက်ဆုံးတွင် နှစ်ပေါင်းများစွာတိုက်ပွဲဝင်ခဲ့ပြီးနောက် မကြာမီနှစ်များအတွင်းကမှ လွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ယခုအခါ ဇမ်ဘလာလူမျိုးများသည်၎င်းတို့နိုင်ငံကိုတည်ဆောက်ရန်ကြိုးပမ်းလျက်ရှိသည်။ သို့ရာတွင် သူတို့သည် ခေတ်သစ်အစိုးရပုံစံများနှင့်ပတ်သက်၍ အတွေ့အကြုံနည်းပါးသည်။ ထို့ကြောင့်သူတို့သည် သင်ထံမှအကြံဉာဏ်များတောင်းခံလိုသည်။

ဇမ်ဘလာသမ္မတနိုင်ငံကိုမည်ကဲ့သို့ဖွဲ့စည်းထားသည်ကိုအောက်တွင်ဖော်ပြထားသည် –
ဇမ်ဘလာနိုင်ငံသည်အလွန်သေးငယ်သောနိုင်ငံဖြစ်၍ 'ဇမ်ဘလာလွတ်လပ်ရေးပါတီ'(Zambla Independence Party - ZIP)သည်နိုင်ငံ၏တစ်ခုတည်းသောနိုင်ငံရေးပါတီဖြစ်သည်။ ပါတီသည် 'ဇမ်ဘလာလွတ်မြောက်ရေးစစ်တပ်'(Zambla Liberation Army - ZLA)ကိုချုပ်ကိုင်ထားသည်။ စစ်တပ်သည် ဇမ်ဘလာနိုင်ငံလွတ်လပ်ရေးရရှိရန်တိုက်ပွဲဝင်ခဲ့သောစစ် တပ်ဖြစ်သည်။ ထိုစစ်တပ်သည်အလွန်ကြီးမားသောစစ်တပ်မဟုတ်သော်လည်း အင်အားတောင့်တင်းသည်။

ပါတီ၏အဖွဲ့ဝင်များသည် တိုင်းပြည်၏အခြေခံဥပဒေများ(ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ)နှင့်အစိုးရဖွဲ့စည်းတည်ဆောက်ပုံနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးဆုံးဖြတ်ကြသည်။ ထိုနောက်၎င်းတို့ကို ပြည်သူလူထုထံတင်ပြသည်။ ယခုအခါ ဇမ်ဘလာပြည်သူလူထုအနေဖြင့် ဇမ်ဘလာလွတ်လပ်ရေးပါတီမှအဖွဲ့ဝင်များကို ပါလီမန်လွှတ်တော်အမတ်အဖြစ်ရွေးကောက်တင်မြောက်ရမည်ဖြစ်သည်။ မဲပေးသူများသည် အနည်းဆုံးအသက်(၃၀)ဖြစ်ရမည်ဖြစ်သည်။ အိမ်ထောင်စု၏ခေါင်းဆောင်ယောကျ်ားများသာလျှင် မဲပေးခွင့်ရှိသည်။

ပါလီမန်အမတ်များကိုရွေးကောက်တင်မြောက်ပြီးနောက် အမတ်များတွေ့ဆုံဆွေးနွေး၍သမ္မတကိုရွေးကောက်တင်မြောက်မည်ဖြစ်သည်။ ဇမ်ဘလာပါလီမန်သည် တိုင်းပြည်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ဥပဒေများကိုပြဋ္ဌာန်းရေးဆွဲရန်တာဝန်ရှိသည်။

# စည်းမျဉ်းစည်းကမ်းများနှင့်ဥပဒေများ

စည်းမျဉ်းစည်းကမ်းများသည် ကျွန်ုပ်တို့မည်သို့ပြုမူနေထိုင်ရမည်ကိုပြောပြသည်။ ဥပဒေများမှာ စည်းမျဉ်းစည်းကမ်းတစ်မျိုးဖြစ်သည်။ ဥပဒေများနှင့်များစွာသောစည်းမျဉ်းစည်းကမ်းများအကြားခြားနားချက်တစ်ခုမှာ ဥပဒေများသည် အများအားဖြင့် အစိုးရများကပြဋ္ဌာန်း၍အာဏာတည်စေခြင်းဖြစ်သည်။ ၎င်းအပြင် စည်းမျဉ်းစည်းကမ်းများထက်သာသည်မှာ ဥပဒေများသည် လူအများလိုက်နာရန်အတွက်ချမှတ်ထားခြင်းဖြစ်သည်။ ဥပမာ – ကျောင်းစည်းမျဉ်းစည်းကမ်းများသည် ထိုကျောင်းရှိကျောင်းသူ၊ ကျောင်းသားများအတွက်သာချမှတ်ထားခြင်းဖြစ်သည်။ ကျေးရွာတစ်ရွာ၏စည်းမျဉ်းစည်းကမ်းများသည် ၎င်းကျေးရွာတွင်နေထိုင်သောရွာသူ၊ ရွာသားများအတွက်သာလျင်ဖြစ်သည်။ သို့သော် နိုင်ငံတစ်နိုင်ငံ၏ဥပဒေများသည် အဆိုပါနိုင်ငံရှိပြည်သူလူထုတစ်ရပ်လုံးအတွက် ပြဋ္ဌာန်းချမှတ်ထားခြင်းဖြစ်သည်။

အလုံးစုံသောလူ့အဖွဲ့အစည်းများနှင့်အသိုင်းအဝိုင်းများတွင် စည်းမျဉ်းစည်းကမ်းများသို့မဟုတ်ဥပဒေများရှိသည်။ သေးငယ်သောရိုးရာအစဉ်အလာလူ့အဖွဲ့အစည်းများတွင် ထိုအဖွဲ့အစည်းရှိလူများလိုက်နာကျင့်သုံးသောရိုးရာအစဉ်အလာယုံကြည်မှုများရှိသည်။ ထိုအစဉ်အလာများသည် ရေးသားထားသောအစဉ်အလာများမဟုတ်ပေ၊ လူတို့သူတို့မိသားစုထဲတွင်နေထိုင်ရင်း ၎င်းအစဉ်အလာများကိုလေ့လာသင်ကြားသိရှိလာကြခြင်းဖြစ်သည်။ ဤစည်းမျဉ်းစည်းကမ်းအစဉ်အလာများသည် ယဉ်ကျေးမှု၏အစိတ်အပိုင်းများဖြစ်သည်။

ဥပမာ – ယဉ်ကျေးမှုများစွာတွင် လူငယ်များသည်လူကြီးများအားရိုသေလေးစား၍သူတို့စကားများကိုလိုက်နာကြရသည်။ တစ်ချို့သောယဉ်ကျေးမှုများတွင် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍စည်းမျဉ်းစည်းကမ်းများရှိသည်။ ဥပမာ– လူများအမဲလိုက်သောအခါ သူတို့စားလောက်ရုံသာတိရိစ္ဆာန်များကိုသတ်ဖြတ်ကြသည်။

ဘာသာရေးစည်းမျဉ်းစည်းကမ်းများသည် အများအားဖြင့်အလွန်တင်းကျပ်၍ တခါတရံ ဘာသာရေးအာဏာပိုင်များက ချမှတ်ပြဋ္ဌာန်းကြသည်။ စည်းမျဉ်းစည်းကမ်းများအလွန်တင်းကျပ်လာသောအခါ ၄င်းတို့ကိုဥပဒေများဟုကျွန်ုပ်တို့ တခါတရံခေါ်ဆိုကြသည်။ သို့ရာတွင် ဘာသာရေးစည်းမျဉ်းစည်းကမ်းများကဲ့သို့သောအချို့သောစည်းမျဉ်းစည်းကမ်းများကို ဥပဒေသို့မဟုတ်စည်းမျဉ်းစည်းကမ်းများဟုခေါ်ဆိုနိုင်သည်။ ၄င်းတို့နှစ်ခုကြားရှင်းလင်းသေချာသောကွဲပြားခြားနားမှုမရှိပေ။

မြောက်မြားစွာသောဘာသာရေးစည်းမျဉ်းစည်းကမ်းများသည် အစားအသောက်နှင့်သက်ဆိုင်သည်။ ဥပမာ – ဘာသာရေးကိုအလွန်ယုံကြည်သက်ဝင်သောမူဆလင်များနှင့်ဂျူးလူမျိုးသည် အချို့သောတိရိစ္ဆာန်အသားများကိုမစားသုံးပေ။ ထို့အပြင်သူတို့စားသုံးသောတိရိစ္ဆာန်များကိုလည်း မည်ကဲ့သို့သတ်ဖြတ်၍စားသုံးရမည်ဆိုသောစည်းမျဉ်းစည်းကမ်းများလည်းရှိသည်။

လူဦးရေနည်းသောရိုးရာအစဉ်အလာဘာသာရေးလူ့အဖွဲ့အစည်းများတွင် လူအများစုသည်စည်းမျဉ်းစည်းကမ်းများနှင့်ဥပဒေများကိုလိုက်နာကြသည်။ ဤသည်မှာ တစ်စိတ်တစ်ဒေသအားဖြင့် ထိုလူ့အဖွဲ့အစည်းအတွင်းရှိလူများသည် ၄င်းစည်းမျဉ်းဥပဒေများကိုယုံကြည်ခြင်းကြောင့်လည်းကောင်း၊ ထိုစည်းမျဉ်းစည်းကမ်းများသည်သူတို့ယဉ်ကျေးမှုနှင့်ကိုယ်ပိုင်ဓလေ့ထုံးတမ်းလက္ခဏာများ၏ အစိတ်အပိုင်းဖြစ်သောကြောင့်လည်းကောင်းဖြစ်သည်။ ၄င်းအပြင် ထိုလူဦးရေနည်းသောရိုးသောအစဉ်အလာဘာသာရေးလူ့အဖွဲ့အစည်းများရှိ အာဏာရှိသူများအဖို့သူတို့၏အာဏာကိုအသုံးပြု၍အဖွဲ့အစည်းအတွင်းရှိအခြားလူများကိုလွှမ်းမိုးနိုင်ရန်လွယ်ကူခြင်းကြောင်းလည်းကောင်း၊ စည်းမျဉ်းဥပဒေများကိုချမှတ်အသုံးပြုရန်လွယ်ကူခြင်းတို့ကြောင့်လည်းကောင်းဖြစ်သည်။

ကြီးမားသောလူ့အဖွဲ့အစည်းများနှင့်**အမျိုးသားနိုင်ငံ(nation state)**များတွင်ဥပဒေများကိုအစိုးရကပြဋ္ဌာန်းချမှတ်သည်။ နိုင်ငံအချို့တွင်အစိုးရသည် သူတို့ချမှတ်သောစည်းကမ်းဥပဒေများကိုပြည်သူလူထုအားတင်ပြပြောဆိုလေ့မရှိသောကြောင့် မြောက်မြားစွာသောပြည်သူလူထုက ထိုစည်းမျဉ်းဥပဒေများကိုလက်ခံရန်ငြင်းဆိုကြသည်။ ထို့အပြင်လူ့ဖွဲ့အစည်းကြီးများတွင် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ မည်ကဲ့သို့ဖြစ်သင့်သည်နှင့်ပတ်သက်၍ကွဲပြားသောအယူအဆအမြင်များရှိသောလူများပါဝင်သည်။ ထို့ကြောင့် အစိုးရမှချမှတ်မည့်စည်းကမ်းဥပဒေများနှင့်စပ်လျဉ်း၍ပြည်သူလူထုအားရှင်းလင်းတင်ပြသည့်တိုင်အောင် လူများသည်ထိုစည်းကမ်းဥပဒေများနှင့်ပတ်သက်၍ကျေနပ်ပျော်ရွှင်ခြင်းမရှိပေ။ သို့အတွက်အစိုးရမှ ထိုစည်းကမ်းဥပဒေများကိုအတင်းချမှတ်အာဏာတည်စေရသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းသည်မလွယ်ကူပေ။ အချို့လူ့အဖွဲ့အစည်းများတွင် လူများသည် တခါတရံချမှတ်ထားသောဥပဒေများကို မလိုက်နာတတ်ကြပေ။

**ဆွေးနွေးခြင်း** အောက်ပါတို့သည် စည်းမျဉ်းစည်းကမ်းများ(သို့မဟုတ်)ဥပဒေများဖြစ်သည်ဟုသင်ထင်ပါသလား။

၁။ အတန်းထဲတွင်အရက်မသောက်ရ။
၂။ အသက်ကြီးသူများကိုရိုသေလေးစားသင့်သည်။
၃။ အဆောင်နေကျောင်းသူ၊ ကျောင်းသားများသည် (၁၀)နာရီကျော်လျှင်အပြင်မထွက်ရ။
၄။ မူဆလင်ဘာသာဝင်များဝက်သားမစားရ။
၅။ အခြားသူများ၏ပစ္စည်းများကိုမခိုးရ။
၆။ သားရဲတိရိစ္ဆာန်များကိုစားသုံးရန်ထက်အပိုမသတ်ဖြတ်ရ။
၇။ ရဲအရာရှိများအားမလေးမစားမပြုရ။
၈။ အင်္ဂလိပ်စာအတန်းချိန်တွင်အင်္ဂလိပ်ဘာသာစကားသာပြောဆိုရမည်။

**ဝိုင်းဝန်းအဖြေရှာခြင်း**

သင့်အပေါ်တွင်အကျိုးသက်ရောက်မှုရှိသော စည်းမျဉ်းစည်းကမ်းများကိုရေးချပါ။ ဥပမာ – ကျောင်းစည်းကမ်း၊ ယဉ်ကျေးမှု၊ ဘာသာရေးစသည်ဖြင့်။

**ဆွေးနွေးခြင်း**

ထိုစည်းမျဉ်းစည်းကမ်းများကိုမည်သူတို့ကချမှတ်သနည်း။ ထိုစည်းမျဉ်းစည်းကမ်းများရေးဆွဲရာတွင်သင့်ပါဝင်ခဲ့ပါသလား။

# ၅ (ဂ)။ လူ့အဖွဲ့အစည်းများ

လူ့အဖွဲ့အစည်းများသည် အရွယ်အစားပုံစံအမျိုးမျိုးရှိသည် –

(band)**‘လူမျိုးငယ်စု’**သည် မိသားစုအနည်းငယ်စုဝေးနေထိုင်သောလူစုဖြစ်၍အတူတကွအမဲလိုက်ကြ၍အရင်းအမြစ်များကိုလည်း မျှဝေသုံးစွဲကြသည်။ သူတို့အစားအသောက်ရှာဖွေရင်းတစ်နေရာမှတစ်နေရာသို့ပြောင်းရွှေ့နေထိုင်ကြသည်။ရှေးကျသောအချိန်များတွင် လူများသည်ဤပုံစံအတိုင်းနေထိုင်ခဲ့ကြသည်။ သို့ရာတွင် ဤလူ့အဖွဲ့အစည်းမျိုးများသည်သဘာဝအရင်းအမြစ်များရှားပါးသော တသီးတခြားနေရာဒေသများတွင်အသက်ရှင်ရပ်တည်နေထိုင်ကြသည်။

ထိုအုပ်စုအများစုတွင် အသက်အရွယ်ကြီးရင့်သူများထဲမှတစ်ယောက်သည် ခေါင်းဆောင်ဖြစ်လေ့ရှိသည်။ ခေါင်း–ဆောင်များသည် တရားဝင်မဟုတ်ဘဲသာမန်အရပ်သားပုံစံမျိုးဖြင့်သာအုပ်ချုပ်ကြသည်။ လူများကလည်းသူတို့လိုက်နာလိုသည်များကိုသာလိုက်နာကြသည်။ တရားဝင်ခေါင်းဆောင်ရွေးချယ်သောလုပ်ငန်းပုံစံမရှိပေ။

(tribe)**‘တိုင်းရင်းသားလူမျိုးစု’**သည် ဘာသာစကား၊ ယဉ်ကျေးမှုတူသောလူမျိုးစုဖြစ်သည်။ လူမျိုးစုများသည်များသောအားဖြင့် တူညီသောဘိုးဘေးဘီဘင်များမှဆင်းသက်လာသူများဖြစ်သည်။ ထိုလူမျိုးစုများသည် ကြီးမားကျယ်ပြန့်သောဒေသတစ်ခုတွင် နေရာအနှံ့အပြား၌ပျံ့နှံ့နေထိုင်ကြသည်။ သူတို့ကို လူမျိုးစုအကြီးအကဲများကဦးဆောင်ကြသည် အချို့အကြီးအကဲများသည် အရှိန်အဝါသြဇာသုံး၍အုပ်ချုပ်ပြီး အချို့ကအာဏာသုံး၍အုပ်ချုပ်ကြသည်။ သြဇာအရှိန်အဝါကိုသုံး၍အုပ်ချုပ်ခြင်းဆိုသည်မှာ လူအများကအကြီးအကဲအားယုံကြည်လေးစားသည့်အတွက် သူ၏သြဇာကိုခံယူကြခြင်းဖြစ်သည်။ အကြီးအကဲ၏အဆုံးအဖြတ်သည် သူတို့အားလုံးအတွက်အကျိုးရှိသည်ဟုသူတို့ကယုံကြည်လက်ခံကြသည်။ အာဏာဖြင့်အုပ်ချုပ်ခြင်းဆိုသည်မှာ အကြီးအကဲတွင်အခြားလူများထက်အာဏာပိုရှိသောကြောင့်ထိုအကြီးအကဲ၏အမိန့်များကိုနာခံကြသည်။ အမိန့်ကိုမနာခံလျှင်အပြစ်ပေးခံရမည်ကိုလည်းကြောက်ရွံ့ကြသည်။ ယနေ့လက်ရှိကမ္ဘာကြီးတွင် မတူညီသောနိုင်ငံရေးစနစ်များကိုအသုံးပြုသော လူမျိုးနွယ်စုအသိုင်းအဝိုင်းများစွာတည်ရှိသည်။

**အမျိုးသားနိုင်ငံ**သည် နိုင်ငံတစ်ခုပင်ဖြစ်သည်။ အကြီးဆုံးအမျိုးသားနိုင်ငံဖြစ်သောတရုတ်နိုင်ငံတွင် လူဦးရေသန်းတစ်ထောင်ကျော်(ယခုလက်ရှိ ၁.၇သန်းနီးပါး)ရှိသည်။ အမျိုးသားနိုင်ငံအများစုတွင် နိုင်ငံနယ်နိမိတ်တစ်ခုအတွင်း ကွဲပြား–သောဘာသာစကားများ၊ မတူညီသောယဉ်ကျေးမှုများနှင့်ကိုးကွယ်သည့်ဘာသာများ အတူတကွတည်ရှိကြသည်။ အမျိုးသားနိုင်ငံများတွင် အစိုးများရှိ၍ အချို့အစိုးရများမှာရွေးကောက်တင်မြှောက်ခံအစိုးရဖြစ်၍ အချို့မှာစစ်အစိုးရများဖြစ်ကြသည်။ အခြားသောနိုင်ငံများကိုမှာမူသက်ဦးဆံပိုင်ဘုရင်များဖြင့်အုပ်ချုပ်သည်။

**အကြောင်းအရာလေ့လာခြင်း**

## သြစတြေးလျနိုင်ငံ



**သြစတြေးလျနိုင်ငံရှိအထက်တန်းကျောင်းသားများ**

ရှေးဦးစွာသြစတြေးလျနိုင်ငံတွင် မူလကပင်အခြေချနေထိုင်သောဌာနေတိုင်းရင်းသားများနေထိုင်ကြသည်။ (၁၈)ရာစုတွင်ဗြိတိသျှတို့ကသြစတြေးလျကို ကိုလိုနီပြု၍ဗြိတိသျှနိုင်ငံသားများကိုစေလွှတ်ကာနေထိုင်စေခဲ့သည်။ ထိုဗြိတိသျှတို့ သည် မူလဌာနေတိုင်းရင်းသားများကိုသတ်ဖြတ်၍သူတို့၏နယ်မြေများကိုစွန့်ခွာသွားရန်ပြုလုပ်ခဲ့သည်။ ယခုအခါ မူလဌာနေတိုင်းရင်းသားများသည်သူတို့၏နယ်မြေအချို့ကိုတဖြည်းဖြည်းနှင့်ပြန်လည်ရရှိလာကြသည်။ ဂရိလူမျိုးများ၊ တရုတ်လူမျိုး များ၊ အီတလီလူမျိုးများ၊ နယူးဇီလန်ဒါများ၊ အာဖရိကနှင့် အာရှမှလူမျိုးများသြစတြေးလျနိုင်ငံတွင် လာရောက်နေထိုင်ကြသည်။ သြစတြေးလျနိုင်ငံသည် မြောက်များစွာသော ယဉ်ကျေးမှုများဆုံရာလူမျိုး ပေါင်းစုံ၊ ဘာသာပေါင်းစုံသောလူ့အဖွဲ့ အစည်းကြီးဖြစ်သည်။

### ဘောဆဝါနာနှင့်နမီးဘီးယားနိုင်ငံများရှိ'ခုံ(ဟုန်)'(!kung)လူမျိုးများ



ခုံ(ဟုန်)လူမျိုးတစ်ဦး

ခုံ(ဟုန်)လူမျိုးများသည် အာဖိရိကတောင်ပိုင်းဘောဆဝါနာနှင့်နမီးဘီးယားနိုင်ငံများရှိခြောက်သွေ့သောသဲကန္တာရ များတွင်နေထိုင်ကြသည်။ သူတို့သည်အစားအစာအတွက်စိုက်ပျိုးရေးမလုပ်ကိုင်သကဲ့သို့အတည်တကျအခြေချနေထိုင် ခြင်းလည်းမရှိပေ။ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်၍အစားအသောက်အတွက်ပတ်ဝန်းကျင်ကိုသာမှီခိုကြသည် သဲကန္တာရများတွင်ရေအနည်းငယ်သာရှိ၍အများအားဖြင့်လူဦးရေနှစ်ဆယ်မှငါးဆယ်အထိရှိသာအုပ်စုငယ်များဖွဲ့၍နေထိုင်ကြသည်။ ဤအရေအတွက်ထက်လူဦးရေများသောအုပ်စုများအတွက်ထိုသဲကန္တာရများထဲတွင်ရေအလုံအလောက်မရှိပေ။

### မှုံ(Hmong)လူမျိုးများ



လာအိုနိုင်ငံရှိမှုံ(Hmong)ဈေး

ရှေးဦးစွာမှုံလူမျိုးများသည် တရုတ်ပြည်မှဆင်းသာလာကပြီးနှစ်ပေါင်းများစွာအတွင်းမြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ဝင်အခြေချနေထိုင်ကြသည်။ သူတို့သည်သူတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ရိုက်လက္ခဏာများဖြင့်လွတ်လပ်သောလူမျိုးဖြစ်သည်။ လာအိုနိုင်ငံတွင်သူတို့သည်တောင်ပေါ်ဒေသများတွင်နေထိုင်ကြပြီး သီးနှံများစိုက်ပျိုး၍တိရိစ္ဆာန် မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ (၁၉၆၀)ခုနှစ်များမှ(၁၉၇၀)ခုနှစ်များအထိ အမေရိကန် – ဗီယက်နမ်စစ်ပွဲအ တွင်းများစွာသောမှုံလူမျိုးများသည်လာအို–ထိုင်းနယ်စပ်ရှိဒုက္ခသည်စခန်းများကိုထွက်ပြေးတိမ်းရှောင်ကြသည် ယခုအခါ မှုံလူမျိုးများသည် နိုင်ငံအများအပြားတွင်နေထိုင်လျက်ရှိကြသည်။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း

အထက်ပါလေ့လာချက်များထဲမှာမည်သည့်လူ့အဖွဲ့အစည်းသည်'အမျိုးသားနိုင်ငံ'လူ့အဖွဲ့အစည်းဖြစ်သနည်း။ မည်သည်က'**တိုင်းရင်းသားလူမျိုးများ**'(tribe)ဖြစ်သနည်း။ မည်သည်က'**လူမျိုးငယ်စု**'(band)ဖြစ်သနည်း။

## ဆွေးနွေးခြင်း

ကမ္ဘာပေါ်ရှိများစွာသောလူမျိုးငယ်စုအဆင့်လူ့အဖွဲ့အစည်းများသည် ဩစတြေးလျနိုင်ငံနှင့်အာဖရိကရှိခြောက် သွေ့သောသဲကန္တာရများ သို့မဟုတ် အာရှနှင့်တောင်အမေရိကရှိ အမြဲစိမ်းတော (rainforest)များ ပေါက်ရောက်ရာ ဒေများ တွင် နေထိုင်ကြသည်။ အဘယ်ကြောင့်နည်း။ ဤသင်ရိုးရှိပထဝီဝင်အခန်းကိုပြန်လှန်စဉ်းစားပါ။ မည်ကဲ့သို့ဤလူ့အဖွဲ့အ စည်းများသည် သူတို့၏သဘာဝပတ်ဝန်းကျင်ကို သူတို့၏လိုအပ်ချက်များနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲကြသည် ဟု သင်ထင်မြင်ပါသနည်း။

## အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း
လေ့ကျင့်မှု – နှိုင်းယှဉ်ခြင်း

လူ့အဖွဲ့အစည်းတစ်ခုသည် ၄င်းအထဲတွင် အေးချမ်းတည်ငြိမ်၍အစီအစဉ်တကျရှိနေစေရန်နှင့် ပြင်ပမှအန္တရာယ်များမကျ

ရောက်စေရန်အမြဲတမ်းကာကွယ်ရသည်။ ထိုကဲ့သို့ကာကွယ်ရန် လူမျိုးငယ်စုအဆင့်လူ့အဖွဲ့အစည်း၊ တိုင်းရင်းသားလူမျိုးစု သို့မဟုတ်အမျိုးသားနိုင်ငံတစ်ခုတွင်ပို၍လွယ်ကူသည်ဟု သင်ထင်မြင်ယူဆပါသလား။ အဘယ်ကြောင့်နည်း။

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – စိစစ်ခြင်းနှင့်ထင်မြင်ယူဆချက်ပုံဖော်ခြင်း**

အာဏာနှင့်သြဇာအရှိန်အဝါတို့အကြားကွဲပြားမှုများမှာမည်သည်တို့နည်း။ အောက်တွင်ပေးထားသောမေးခွန်း(က)မှ(ဃ) အထိအခြေအနေများကိုသုံးသပ်ပါ။
မည်သည်တို့ကအာဏာကိုအသုံးပြုသောပုံစံဥပမာဖြစ်၍ မည်သည်ကသြဇာအရှိန်အဝါကိုအသုံးပြုသောပုံစံဥပမာ ဖြစ်သနည်း။ သင်၏ထင်မြင်ယူဆချက်ကိုရှင်းပြပါ။

(က) ဆရာကသင်အားအိမ်စာလုပ်ခိုင်းသည်။
(ခ) သင့်အတန်းဖော်တစ်ဦးမှတနင်္လာနေ့တွင်အတန်းပျက်ကွက်ရန် ကျန်ကျောင်းသူ၊ ကျောင်းသားများအားစည်းရုံးသည်။
(ဂ) ဘာသာရေးခေါင်းဆောင်က သူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိသူများအားသူ၏ဆုတောင်းပွဲတက်ရောက်ရန်တိုက်တွန်းသည်။
(ဃ) ဒေသခံအုပ်ချုပ်ရေးမှူးကမည်သူတစ်စုံတစ်ယောက်ကိုမဆိုမြို့မှထွက်ခွာသွားခွင့်မပြုပေ။

**အုပ်စုလိုက်စုပေါင်းလုပ်ဆောင်ခြင်း**
**လေ့ကျင့်မှု – စိစစ်ခြင်း**

၁။ အမျိုးသားနိုင်ငံအများစုတွင်မတူညီသောတိုင်းရင်းသားလူမျိုးစုများနေထိုင်ကြသည်။ ထိုအခြင်းအရာသည်မည်သည့်ပြဿနာများကိုဖြစ်ပေါ်စေသနည်း။ မည်သည့်အကျိုးကျေးဇူးများလည်းရရှိနိုင်သနည်း။

| ပြဿနာများ | အကျိုးကျေးဇူးများ |
|---|---|
| | |

၂။ **လူမျိုးငယ်စုများ၊ တိုင်းရင်းသားလူမျိုး**များနှင့်အမျိုးသားနိုင်ငံများ၏အားသာချက်များနှင့်အားနည်းချက်များမှာမည်သည်တို့နည်း။

| | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| အုပ်စု | | |
| လူမျိုးနွယ်စု | | |
| အမျိုးသားနိုင်ငံများ | | |

**လေ့ကျင့်ခန်း**
**လေ့ကျင့်မှု – ထင်မြင်ချက်ပုံဖော်ခြင်းနှင့်ရေးသားခြင်း**

မည်သည့်လူအဖွဲ့အစည်းပုံစံမျိုးတွင်သင်နေထိုင်ရန်ကြိုက်နှစ်သက်ပါသနည်း။ အဘယ်ကြောင့်နည်း။ စာစီကုံးတစ်ပုဒ်ရေးသားပါ။

# နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးတိုးတက်မှုပြည့်နှင်ကိန်းများ

| နိုင်ငံများ | မွေးသေနှုန်း | ကလေးအသေအပျောက်နှုန်း (မွေးဖွားနှုန်း ၁၀၀၀ တွင်) | သန့်ရှင်းသောသောက်သုံးရေရရှိမှု (ရာခိုင်နှုန်း) | ကျန်းမာရေးအသုံးစရိတ် (ဂျီဒီပီ၏ရာခိုင်နှုန်း) | စုစုပေါင်းမွေးဖွားနှုန်း(အမျိုးသမီးတစ်ယောက်လျှင်) | အမျိုးသားစာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်အထက်) | အမျိုးသမီးစာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်အထက်) | ပညာရေးအသုံးစရိတ် (ဂျီဒီပီ၏ရာခိုင်နှုန်း) | မူလတန်းပညာသင်ယူမှု(ကျောင်းသင်အရွယ်ကလေးများ၏ရာခိုင်နှုန်း) | ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု | စုစုပေါင်းပြည်တွင်းထုတ်ကုန်တစ်ဦးချင်း | (HIV)ရောဂါပိုးကူးစက်မှု(၁၅–၄၉အကြား) | စစ်စရိတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အာဖဂန်နစ္စတန် | ၄၃ | ၁၆၅ | ၁၃ | ၂.၇ | ၆.၈ | ၅၁ | ၂၁ | | | ၀.၁ | ၈၀၀ | ၀.၀၁ | ၀.၃ |
| ဩစတြေးလျ | ၇၉ | ၆ | ၁၀၀ | ၆၀၂.၀ | ၁.၇ | ၉၉ | ၉၉ | ၄.၆ | ၉၆ | ၁၈.၀ | ၃၃၃၀၀ | ၀.၁ | ၇.၇ |
| ဘရာဇီးလ် | ၆၈ | ၃၀ | ၈၇ | ၃.၂ | ၂.၂ | ၈၆ | ၈၇ | ၄.၀ | ၉၇ | ၁.၈ | ၈၈၀၀ | ၀ | ၂.၂ |
| ကန်ဘောဒီးယား | ၅၇ | ၉၆ | ၃၀ | ၁.၇ | ၄.၈ | ၈၁ | ၅၉ | ၂.၀ | ၈၆ | | ၂၇၀၀ | ၂.၅ | ၁.၅ |
| တရုတ် | ၇၁ | ၇၁ | ၇၅ | ၂.၀ | ၁.၈ | ၉၅ | ၈၇ | ၂.၃ | ၉၃ | ၂.၂ | ၇၇၀၀ | ၀.၁ | ၁.၅ |
| အိန္ဒိယ | ၆၄ | ၆၇ | ၈၄ | ၀.၉ | ၃.၀ | ၆၉ | ၄၆ | ၄.၁ | ၈၃ | ၁.၁ | ၃၈၀၀ | ၁.၃ | |
| အီရတ် | ၆၁ | ၁၀၂ | ၁၅ | ၂.၂ | ၄.၈ | ၅၅ | ၂၄ | | ၉၁ | ၃.၃ | ၂၉၀၀ | ၃.၃ | |
| ဂျပန် | ၈၂ | ၃ | ၁၀၀ | ၆.၂ | ၁.၃ | ၉၉ | ၉၉ | ၃.၆ | ၁၀၀ | ၉.၃ | ၃၃၁၀၀ | ၀.၁ | ၄.၃ |
| မလေးရှား | ၇၃ | ၈ | | ၂.၀ | ၂.၉ | ၉၂ | ၈၅ | ၇.၉ | ၉၅ | ၆.၂ | ၁၂၉၀၀ | ၀.၄ | ၃.၀ |
| မော်ဒိုဗာ | ၆၉ | ၂၇ | ၉၂ | ၂.၈ | ၁.၄ | ၁၀၀ | ၉၉ | ၄.၀ | ၇၈ | ၁၅. | ၂၀၀၀ | ၀.၂ | ၁.၂ |
| မိုဇန်ဘစ် | ၃၉ | ၁၂၅ | ၅၇ | ၄.၀ | ၅.၆ | ၆၂ | ၃၁ | ၂.၄ | ၆၀ | ၀.၁ | ၁၅၀၀ | ၁၂.၇ | ၀.၇ |
| မြန်မာ | ၅၇ | ၇၇ | ၇၂ | ၀.၄ | ၂.၉ | ၈၉ | ၈၁ | ၁.၃ | ၈၂ | ၀.၂ | ၁၈၀၀ | ၁.၂ | ၀.၉ |
| ပါကစ္စတန် | ၆၁ | ၈၃ | ၉၀ | ၁.၀ | ၅.၁ | ၅၃ | ၂၈ | ၁.၈ | ၃၅ | ၀.၈ | ၂၆၀၀ | ၀.၁ | ၀.၇ |
| ရုရှား | ၆၇ | ၁၈ | ၉၉ | ၃.၇ | ၁.၁ | ၁၀၀ | ၉၉ | ၃.၁ | ၉၉ | ၉.၉ | ၁၂၂၀၀ | ၁.၁ | ၄၄. |
| စင်ကာပူ | ၇၈ | ၃. | ၁၀၀ | ၁.၃ | ၁.၄ | ၉၇ | ၈၉ | | ၉၆ | ၁၄.၇ | ၃၁၄၀၀ | ၀.၂ | |
| ထိုင်း | ၆၉ | ၂၄ | ၈၄ | ၂.၁ | ၁.၉ | ၉၅ | ၉၀ | ၅.၀ | ၈၆ | ၃.၃ | ၉၂၀၀ | ၁.၅ | ၁.၆ |
| အမေရိကန် | ၇၇ | ၇ | ၁၀၀ | ၆.၂ | ၂.၁ | ၉၇ | ၉၇ | ၅.၆ | ၉၃ | ၁၉ | ၄၄၀၀၀ | ၀.၆ | ၉.၅ |
| ဗီယက်နမ် | ၆၉ | ၃၀ | ၇၇ | ၁.၅ | ၂.၃ | ၉၄ | ၈၇ | | ၉၄ | ၀.၇ | ၃၁၀၀ | ၀.၄ | ၀.၈ |

၁။ မွေးသေနှုန်း – လူများ၏ပျမ်းမျှအသက်(ပျမ်းမျှသက်တမ်း)

၂။ မွေးဖွားနှုန်း(အမျိုးသမီးတစ်ယောက်လျှင်) – ယေဘုယျအားဖြင့်အမျိုးသမီးထုမွေးဖွားသောကလေးအရေအတွက်

၃။ ကလေးအသေအပျောက်နှုန်း(မွေးဖွားနှုန်း၁၀၀၀တွင်) – ကလေးများအသက်တစ်နှစ်မပြည့်မီသေဆုံးသောအရေအတွက်

၄။ သန့်ရှင်းသောသောက်သုံးရေရရှိမှု(ရာခိုင်နှုန်း) – လိုအပ်သောအချိန်တိုင်းတွင်သန့်ရှင်းသောရေရရှိနိုင်သောလူဦးရေရာခိုင်နှုန်း

၅။ ကျန်းမာရေးအသုံးစရိတ်(ဂျီဒီပီ၏မည်မျှရာခိုင်နှုန်း) – ဂျီဒီပီ၏မည်မျှရာခိုင်နှုန်းကိုပြည်သူ့အသုံးစရိတ်အဖြစ်အစိုးရက အသုံးပြုသည်။

၆။ အမျိုးသားစာတတ်မြောက်မှုနှုန်း(အသက် ၁၅နှစ်အထက်) – အသက် ၁၅နှစ်အထက်အမျိုးသားဦးရေ၏စာတတ်မြောက်မှုရာခိုင်နှုန်း

၇။ အမျိုးသမီးစာတတ်မြောက်မှုနှုန်း(အသက် ၁၅နှစ်အထက်) – အသက် ၁၅နှစ်အထက်အမျိုးသမီးဦးရေ၏စာတတ်မြောက်မှုရာခိုင်နှုန်း

၈။ ပညာရေးအသုံးစရိတ်(ဂျီဒီပီ၏မည်မျှရာခိုင်နှုန်း) – ဂျီဒီပီ၏မည်မျှရာခိုင်နှုန်းကိုအစိုးရကပြည်သူ့ပညာရေးအသုံးစရိတ်အဖြစ်အသုံးပြုသည်။

၉။ စုစုပေါင်းမူလတန်းပညာသင်ကြားမှု(ကျောင်းသင်အရွယ်ကလေးများမည်မျှရာခိုင်နှုန်း) – မူလတန်းကျောင်းသင်အရွယ် အရွယ်ကလေးများ၏မည်မျှရာခိုင်နှုန်းကျောင်းပညာသင်ကြားသည်။

၁၀။ တစ်နှစ်အတွင်းလူတစ်ဦးချင်း၏ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု(မက်ထရိတ်တန်) – တစ်နှစ်အတွင်းလူတစ်ချင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်(**CO²**)ကမ္ဘာ့လေထုအတွင်းသို့ထုတ်လွှတ်သည်။

၁၁။စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး(**Purchasing Power Parity US$**) – နိုင်ငံတစ်နိုင်ငံတွင်တစ်နှစ်အတွင်းလူတစ်ဦး ၏ဝင်ငွေ၊ **Purchasing Power Parity** ဆိုသည်မှာ အထူးတွက်ချက်မှုပုံစံတစ်မျိုးဖြစ်၍ ဈေးနှုန်းနှင့်နိုင်ငံမတူသည့်အတွက်ငွေကြေးမတူညီမှုကိုပါထည့်သွင်းထွက်ချက်သည်။ ဤနည်းဖြင့်လူများငွေပမာဏမည်မျှပိုင်ဆိုင်သည်ကိုသာမက တန်ဖိုးမည်မျှဝယ်ယူသည်ကိုပါသိရှိနိုင်သည်။

၁၂။ (**HIV**)ရောဂါစွဲကပ်မှု(အသက် ၁၅–၄၉နှစ်အကြား) – အသက် ၁၅–၄၉နှစ်အကြားလူဦးရေ၏(**HIV**)ရောပါစွဲကပ်နေမှုရာခိုင်နှုန်း

၁၃။ ဂေဟဗေဒ(ဟတ်တာ) – ဤသည်မှာအရေးပါသောအညွှန်းဖြစ်၍ နိုင်ငံတစ်နိုင်ငံတွင်မြေဟတ်တာမည်မျှကိုလူတစ်ယောက်အတွက်အသုံးပြုသည်ကိုဖော်ပြသည်။ သဘာဝပတ်ဝန်းကျင်မှရရှိသောအစားအစာ၊ လောင်စာ၊ အိမ်နှင့် အခြားအရာဝတ္ထုများပါဝင်သည်။


N
ARCTIC OCEAN
PACIFIC OCEAN
INDIAN OCEAN
SOUTH ATLANTIC OCEAN
North Atlantic Ocean
SOUTH PACIFIC OCEAN
RUSSIA
CHINA
INDIA
INDONESIA
AUSTRALIA
TASMANIA
NEW ZEALAND
Canberra
JAPAN
PHILIPPINES
MONGOLIA
KAZAKHSTAN
KYRGYZSTAN
UZBEKISTAN
TURKMENISTAN
IRAN
OMAN
SAUDI ARABIA
TURKEY
SYRIA
EGYPT
SUDAN
ETHIOPIA
Kenya
TANZANIA
UGANDA
ZAIRE
ANGOLA
ZAMBIA
NAMIBIA
SOUTH AFRICA
LESOTHO
SWAZILAND
Madagascar
MAURITIUS
MALDIVES
SRI LANKA
NEPAL
THAILAND
VIETNAM
CAMBODIA
MALAYSIA
JAKARTA
Taipei
TAIWAN
NORTH KOREA
SOUTH KOREA
LIBYA
CHAD
ALGERIA
MALI
NIGERIA
Gabon
MOROCCO
WESTERN SAHARA
Mauritania
GUINEA BISSAU
IVORY COAST
PORTUGAL
SPAIN
FRANCE
ITALY
GREECE
CYPRUS
GERMANY
POLAND
UKRAINE
BELARUS
ROMANIA
ESTONIA
FINLAND
SWEDEN
NORWAY
Denmark
UNITED KINGDOM
IRELAND
LONDON
ICELAND
Norwegian Sea
Barents Sea
Svalbard (Norway)
Franz Josef Land
White Sea
Severnaya Zemlya
Laptev Sea
East Siberian Sea
GREENLAND (Denmark)
Baffin Bay
Baffin Island
Hudson Bay
CANADA
Ottawa
Newfoundland
Cape Breton Island
New York
Washington
Chicago
UNITED STATES OF AMERICA
Los Angeles
Vancouver Is.
Beaufort Sea
Banks Island
Victoria Island
Prince of Wales Island
Queen Elizabeth Islands
Parry Islands
U.S.A.
Gulf of Mexico
Mexico
Mexico City
BAHAMAS
Santo Domingo
Antigua
CUBA
HAITI
Jamaica
Guatemala
Costa Rica
El Salvador
Panama
Colombia
Quito
Ecuador
Lima
Bolivia
Quique
Antofagasta
Santiago
Juan Fernandez Is. (Chile)
BRAZIL
ARGENTINA
Paraguay
Uruguay
Falkland Islands (U.K.)
Barbados
Grenda
Georgetown
French Guiana
Venezuela
Suriname